# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၁၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၂၂၀)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝါဒ (ဓမ္မပဒ - ၇၈)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက်**
**ထုတ်ပြန်ချက်**
**(၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်)**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်)**

၁။ ကမ္ဘာအနှံ့တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကပ်ရောဂါ COVID-19 ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအတွက် နိုင်ငံတော်မှ Coronavirus Disease 2019 (COVID-19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် အဆင့်ဆင့်သော ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တပ်မတော်ကလည်း အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများ၌ ၂၀၂၀ ပြည့်နှစ်၊ မေလ(၁၀) ရက်မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားကြောင်း ကြေညာလိုက်သည်။

၄။ ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်အနက်မှ အောက်ဖော်ပြပါ (၄)ချက်ကို အလေးအနက်ထားလိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်-

(က) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။
(ခ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။
(ဂ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။
(ဃ) နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်။

၅။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အင်အားအသုံးပြု၍ တိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်းများ မပြုလုပ်ရေးကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ အလားတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်ကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို လည်းကောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို လည်းကောင်း ထိခိုက်မှုမဖြစ်စေရန် တာဝန်ယူရပါမည်။

၇။ အထက်အပိုဒ် (၄)(၅)နှင့်(၆)ပါ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက တပ်မတော်အနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့အရောက် အပ်နှင်းမည်ဟူသည့် သန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ COVID-19 ကမ္ဘာ့ကပ်ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး လုပ်ငန်းစဉ်များအား နိုင်ငံအရေး၊ အမျိုးသားအရေးအဖြစ် အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆက်လက်ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



စင်ကာပူမှ ဒုတိယအသုတ် ပြန်လည်ခေါ်ဆောင်ခဲ့သည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် မေ ၉**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦး အား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines– MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ် နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ စင်ကာပူမြို့နှင့် မြန်မာနိုင်ငံရှိ

*စာမျက်နှာ ၃ ကော်လံ ၆*

**ကိုဗစ် - ၁၉ ရောဂါကာလ မိမိအိမ်တွင်နေထိုင်ရစဉ်အတွင်း အသည်းကျန်းမာကောင်းမွန်ရေး**

စာမျက်နှာ - ၆

**မနီလာမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်မှု ခွင့်ပြု**

စာမျက်နှာ - ၁၃

**ကိုဗစ်- ၁၉ နဲ့အတူ နောက်ထပ်ခြိမ်းခြောက်လာတဲ့ အလုပ်လက်မဲ့ပြဿနာ**

စာမျက်နှာ - ၁၄

မြန်မာ့အလင်း

## အမွန်မြတ်ဆုံးသော စိတ်စေတနာဖြင့် အများအကျိုးရွက်သယ်ပိုးကြသည့်အခါ

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ၊
ဧတံဗုဒ္ဓါန သာသနံ။ ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ မကောင်းမှုဟူသမျှကို မပြုလုပ်ဘဲ ရှောင်ရှားကြရန်၊ ကောင်းမှု ဟူသမျှကို ပြုလုပ်ကြရန်၊ မိမိတို့၏ စိတ်နှလုံးကို ဖြူစင်အောင် ထားရှိကြရန် ဆုံးမတော်မူခဲ့ခြင်းဖြစ်သည်။ ဤသည်မှာပင် ဗုဒ္ဓမြတ်စွာ သာသနာ၏ အနှစ်သာရဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့အတွက် ဘဝလမ်းညွှန်ချက်လည်းဖြစ်သည်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူ၍လည်း လိုရင်းတိုရှင်း မှတ်သား နာယူကြသည်။

မကောင်းမှုဟူသည် မိမိအပေါ် သူတစ်ပါးက ပြုမူလာပါက မနှစ်သက် မလိုလားသည့် ကိုယ်၊ နှုတ်၊ စိတ်အမူအရာ အပြုအမူများပင်ဖြစ်သည်။ အခြေခံအားဖြင့် ငါးပါးသီလဖြစ်ပြီး နေ့စဉ်စောင့်ထိန်းခြင်းအားဖြင့် မကောင်းမှုကို ရှောင်ကြဉ်ကြသည်။ လူကောင်းတစ်ယောက်ဖြစ်စေရန်အတွက် အကုသလ ကမ္မပထ (၁၀)ပါးဖြစ်သည့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားမယားလွန်ကျူးခြင်း ဆိုသော ကာယဒုစရိုက် (၃) ပါး၊ မဟုတ်မမှန်စကားကို ပြောဆိုခြင်း၊ ကုန်းတိုက်စကားပြောကြားခြင်း၊ ကြမ်းကြုတ်သည့် စကားပြောကြားခြင်း၊ သိမ်ဖျင်းပေါ့ပျက်သည့် စကားကို ပြောကြားခြင်းဆိုသော ဝစီဒုစရိုက် (၄)ပါးနှင့် သူတစ်ပါးဥစ္စာကို ကိုယ့်ဥစ္စာဟု အလိုကြီးခြင်း၊ ရန်ငြိုးထား မာန်စောင်ကာ ပြုစုစောင်းမြောင်းခြင်းနှင့် အယူမှားခြင်း ဆိုသည့် မနော ဒုစရိုက် (၃)ပါးတို့ကို ရှောင်ကြဉ်ကြရသည်။

လူ့ဘဝကို ရရှိလာခြင်း၊ လူဖြစ်လာခြင်းတွင် မိမိ၏ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးတည်ခြင်း၊ ငဲ့ကွက်ခြင်းတို့ဖြင့် အတ္တအကျိုးသက်သက်ကိုသာ ဆောင်ရွက်ရန် မည်သည့်ပညာရှိတို့ကမျှ လမ်းညွှန်မပြခဲ့။ မိမိရှင်သန်ရာ လူ့အဖွဲ့အစည်းနှင့်တကွ သတ္တလောက တစ်ခုလုံး၏ အကျိုးစီးပွားကို မိမိစွမ်းနိုင်သမျှ အကျိုးပြုကြရန်ကိုသာ လမ်းညွှန်ခဲ့ကြသည်။ လူဖြစ်လာခိုက်တွင် ဘဝကို တန်ဖိုးရှိစွာ နေထိုင်ခြင်း၊ အများအကျိုးဆောင်ရွက်ခြင်းတို့ဖြင့် မိမိကိုယ်ကိုယ် မြှင့်တင်နိုင်ကြရမည်ဖြစ်သည်။ ဗဟုဇန ဟိတာယ- အများအကျိုးဆောင်ရွက်ရေး၊ ဗဟုဇန သုခါယ- အများချမ်းသာအောင် ဆောင်ရွက်ရေးတို့ကို ဗုဒ္ဓမြတ်စွာဘုရားက ညွှန်ပြတော်မူခဲ့သည်။ အများအကျိုးကို ဆောင်ရွက်ခြင်းနှင့် အများချမ်းသာအောင် ဆောင်ရွက်ခြင်းတို့သည် မြင့်မြတ်သူတို့၏ အကျင့်ဖြစ်သော ပါရမီကို ဖြည့်ဆည်းခြင်းလည်းဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ခုလုံး၊ လူ့လောကတစ်ခုလုံးမှာ ရောဂန္တရကပ်နှင့် ရင်ဆိုင်နေကြရသည်။ ကပ်ရောဂါဘေးနှင့်အတူ စိုးရိမ်ထိတ်လန့်မှု၊ စိတ်ပျက်အားငယ်မှုတို့ကို ခံစားကြရသူများ၊ ရောဂါ၏ ဖိစီးနှိပ်စက်မှုကို ခံစားကြရသူများ၊ လူမှုဘဝလိုအပ်ချက်များနှင့်အတူ ဆာလောင်မွတ်သိပ်မှုကို ခံစားကြရသူများ စသည်ဖြင့် မိမိတို့၏ရှေ့မှောက်တွင် တွေ့မြင်လာကြရသည့်အခါ အများအကျိုးကို ဆောင်ရွက်ရန် လိုလားသူ၊ အများ၏ ချမ်းသာကို ဆောင်ကြဉ်းပေးရန် လိုလားသူ၊ မွန်မြတ်သော စိတ်ထားရှိသူတို့၏ နှလုံးသားတို့တွင် မေတ္တာနှင့် ကရုဏာတို့က ရာသီသင့်ချိန်တွင် ပွင့်သည့်ပန်းတို့သဖွယ် ပွင့်လန်းလာသည်။ သူတို့၏ မေတ္တာနှင့် သူတို့၏ ကရုဏာတို့မှ စေ့ဆော်မှုဖြင့်ပင် ရောဂါဖိစီးနှိပ်စက်မှုကို ခံစားကြရသူများမှာ ရောဂါဝေဒနာမှ သက်သာရာရကြသည်။ စိုးရိမ်ပူပန်ကြရသူ၊ စိတ်ပျက်အားငယ်ကြရသူများမှာ စိတ်ဓာတ်ခွန်အားတို့ရရှိပြီး လူမှုဘဝလိုအပ်ချက်များ ပြည့်စုံကြရသလို ဆာလောင်မွတ်သိပ်သူများမှာလည်း အစားအစာတို့ ပြည့်စုံဝမ်းမြောက်ကြရသည်။

အများအကျိုးအတွက် ပေးဆပ်ဆောင်ရွက်ကြသည့်အခါတွင် မိမိကိုယ်ကျိုးအတွက် တစ်ဆိတ်စာမျှပင် မျှော်လင့်ခြင်းမရှိဘဲ အမွန်မြတ်ဆုံးသော စိတ်စေတနာဖြင့် ဆောင်ရွက်ပေးနေကြသူများမှာ ထိုစိတ်စေတနာကပင် အကောင်းဆုံးအကျိုးပေးသည့် ကမ္မနိယာမရှိနေရာ မိမိတို့ပြုသမျှ အဟောသိကံဟူ၍ မရှိဘဲ မြင့်မြတ်သည့် ကုသိုလ်အကျိုးထူးကို ရရှိကြမည်ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုလိုပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၈**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေးမြို့နယ်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်ဝရေး ကြည့်ရှုစစ်ဆေး

**ရေး မေ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများသည် ရေးမြို့နယ်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မေ ၈ ရက်က လိုက်လံကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ရေးမြို့နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မော့ကနင်-ဘဲလမု-ကလိတ်တုတ်-ဘီဆိုင် - ကွမ်းသီးတောလမ်း အရှည် (၂/၀)မိုင် ကျောက်ခင်းခြင်း လုပ်ငန်းနှင့် ယင်းလမ်းပေါ်ရှိ သဘာဝဘေးကြောင့် ပျက်စီးခဲ့သော ပေ ၂၀ ကွန်ကရစ်တံတား ပြင်ဆင်ခြင်းလုပ်ငန်း၊ ပလိုင်သိမ် - နှီးနူ - သာဂရမ်-အံဒင်ကျေးရွာချင်းဆက်လမ်း အရှည် (၁/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ အစင် ကျေးရွာရွာတွင်းလမ်း ပေ ၂၃၀၀ ကတ္တရာခင်းခြင်း လုပ်ငန်း၊ ကဗျာ၀-တရုတ်ထောက် မြေသားလမ်း(၂/၄)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်း၊ သဲခုံ - တိုးတက်ရွာသစ်လမ်းအရှည် (၁/၇)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ချောင်းတောင်-ဝဲရက်လမ်းအရှည်(၁/၀)မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကျောင်းရွာကျေးရွာ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

**ရေး(ပြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၉၉ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၀ ဒသမ ၃၀ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများအားလက်ခံ



နေပြည်တော် မေ ၉

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့်အားစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် အလှူရှင်များ၏ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အတွက် လှူဒါန်းမှုများအား နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံ သည်။ (ယာပုံ)**

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဆေးတက္ကသိုလ်(၂)ရန်ကုန် ၁၂/၂၀၀၃ ကျောင်းသား/သူ ဟောင်းတစ်ဦးက လှူဒါန်းရသည့် အကြောင်းရင်းကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လှူဒါန်းမှုများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ရှေ့တန်းမှဆောင်ရွက်နေသည့် ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများအတွက် များစွာပံ့ပိုးမှုရရှိစေနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများနှင့် လှူဒါန်းမှုများသည် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်ကျော်လွှားနိုင်ကာ ပုံမှန်အခြေအနေသို့ ရောက်ရှိစေရေး ဆောင်ရွက်နေမှု လုပ်ငန်းများကို များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးတို့က လှူဒါန်းမှုများအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယနေ့လှူဒါန်းမှု၌ ဦးကိုကိုထူး-ဒေါ်စန္ဒာအောင် သား မင်းသီဟထူး၊ သမီး ဆုသီရိထူး (မြန်မာ့စက်မှုဆိပ်ကမ်း - MIP) ဝန်ထမ်းမိသားစုက ငွေကျပ်သိန်းပေါင်း ၅၅၅၀ တန်ဖိုးရှိ 3M Mask, Hand sanitizer, Gloves, PPE, Goggles, Thermometer နှင့် Disinfectant spray များကို လည်းကောင်း၊ ၁၉၆၃ ခုနှစ် ရန်ကုန် ဆေးတက္ကသိုလ်(၁)ဝင် ပြည်တွင်း၊ ပြည်ပရှိ ဆရာဝန်များက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ၁၂/၂၀၀၃ ကျောင်းသား/သူ ဟောင်းများက ငွေကျပ် ၆၅ သိန်းကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ KN95 Mask ၅၀၀ ကို လည်းကောင်း၊ Sea Lion Co.,ltd မှ ငွေကျပ်သိန်းပေါင်း ၇၆၉ ဒသမ ၇၅ သိန်း တန်ဖိုးရှိ PPE, Surgical gown, Glove, Mask နှင့် Powered air Purifying Respirator (PAPR) များကို လည်းကောင်း လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်စည်ပင်ဘဏ်လီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်းနှင့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်အမည်ပြောင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၉**

နေပြည်တော်စည်ပင်ဘဏ် လီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ အစုရှယ်ယာရာနှုန်းပြည့် ထည့်ဝင်ထားသည့် အစုရှယ်ယာရှင်ဖြစ်သော နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**





ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမျိုးအောင်က ဘဏ်၏လက်ရှိ ကောင်းမွန်တည်ငြိမ် ခိုင်မာမှုကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် မြန်မာနိုင်ငံစာရင်းကိုင် စံများနှင့်အညီ ညွှန်ကြားချက်များအား လိုက်နာ၍ တိုးတက်ပြောင်းလဲလာသော Digital Banking ကို IT နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခိုင်မာယုံကြည်စိတ်ချရသော ဘဏ်တစ်ခုဖြစ်အောင် မတည်ရင်းနှီးငွေများကိုလည်း နှစ်စဉ် တိုးမြှင့်ထည့်ဝင် ဆောင်ရွက်သွားပြီး ပိုမိုတိုးတက်အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ်သို့ရောက်ရှိရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးက ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်စည်ပင်ဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နေပြည်တော် စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအား ကြေညာအတည်ပြုခဲ့ပြီး (Win Thin & Associates Certified Public Accountants)မှ Senior Manager ဒေါ်ခင်မျိုးအောင်က ပြင်ပမှ (Video Conferencing System) ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇန်နဝါရီ ၃ ရက်က ခွင့်ပြုချက်အရ နေပြည်တော်စည်ပင်ဘဏ်လီမိတက် (Naypyitaw Sibin Bank Limited) မှ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (Naypyitaw Development Bank Limited) အမည်သို့ ပြောင်းလဲခြင်း၊ နေပြည်တော်စည်ပင် ဘဏ်လီမိတက်အနေဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းသာမက ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်ရန်အတွက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်အမည် ဖြစ်ပေါ်လာပုံနှင့် Logo Design အား ရှင်းလင်းတင်ပြ၍ ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် အတည်ပြုခဲ့သည်။

ဆက်လက်၍ နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များအား ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးလှစိုးက ဆက်လက်တင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်စည်ပင်ဘဏ် လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမျိုးအောင်က နိဂုံးချုပ်ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စံပယ်ထွေး၊ ဦးမင်းသိမ်း၊ ဦးဆန်းနိုင်၊ ဦးကျော်ဇင်လတ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်နှင့် (Win Thin & Associates Certified Public Accountants) အဖွဲ့တို့သည် Video Conferencing စနစ်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၊ နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) နှင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက်(ရုံးချုပ်) အစည်းအဝေးခန်းမတို့၌ နေရာခွဲ၍ တက်ရောက်ကြသည်။ **သတင်းစဉ်**

□ *ရှေ့ဖုံးမှ*

သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသား ၁၄၄ ဦးအား ပထမအသုတ်အဖြစ် မေ ၇ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီးနောက် ယနေ့တွင် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်ရာ စုစုပေါင်း ၂၈၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ မေ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ၁၄၆ ဦးခန့်ကိုလည်း တတိယအသုတ်အဖြစ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာလအတွင်း လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ ဆောင်မှ လုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းနေရာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေ၊ မိုးဦးကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများ၊ ကိုဗစ်-၁၉ အလွန် လမ်းပန်းဆက်သွယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို သက်ဆိုင်ရာပြည်နယ်အလိုက် ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရေးဦးစွာ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးအောင်မျိုးဦးက ကရင်ပြည်နယ်အတွင်းရှိ အိန္ဒူ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှု၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ ဆက်လက်၍ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းစီမံကိန်းတွင် ပါဝင်သည့် ဂျိုင်း(ကော့ကရိတ်) တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒူ-ကော့ကရိတ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေကို လည်းကောင်း၊ ဂျိုင်း(ကော့ကရိတ်) တံတားလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လုပ်ငန်းစီမံကိန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းတို့က လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်စဉ်ကပင် အရည်အသွေးပြည့်မီရန် လိုပါကြောင်း၊ ပျက်စီးသွားလျှင်ပြုပြင်ရန် ခက်ခဲပါကြောင်း၊ မိုးတွင်းကာလရောက်ရှိပြီဖြစ်၍ လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် လိုပါကြောင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ယခုအချိန်မှစ၍ ကြိုတင်ပြင်ဆင်ထားရန် လိုပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးဖြင့် ရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် မွန်းလွဲ ၃ နာရီတွင် ချင်းပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းက ချင်းပြည်နယ်အတွင်း လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၂)မှ တာဝန်ယူဆောင်ရွက်နေသည့် ဟားခါး- ဟာသာ- မှန်တောလမ်း အပိုင်း မိုင်တိုင်အမှတ် (၅၄/၅) မှ (၆၄/၅) အထိ ၁၀ မိုင်အား မြေသားလမ်းသစ်ဖောက်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ မတူပီ - ပလက်ဝလမ်းအပိုင်း မိုင်တိုင်အမှတ်(၃၅/၃) မှ (၆၅/၃)အထိ မိုင် ၃၀ အား လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ဆက်လက်၍ တံတားဦးစီးဌာန တံတားစီမံကိန်းအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးတင်မောင်ထွေးက ကလေး-ဖလမ်း- ဟားခါးလမ်းပေါ်ရှိ မဏိပူရ်မြစ်ကူး၊ ဗားရ်တံတားအမှတ်(၂) တည်ဆောက်နေမှု၊ တီးတိန်-ရိခေါဒါရ်လမ်းပေါ်ရှိ မံဆွောင်းတံတားတည်ဆောက်နေမှု၊ ဟားခါး-ဟာသာ-မှန်တောလမ်းပေါ်ရှိ ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဆွေက ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၂)မှ ဟားခါး- ဟာသာ- မှန်တောလမ်းဆောင်ရွက်နေမှု၊ မတူပီ- ပလက်ဝလမ်း ဆောင်ရွက်နေမှု ၊ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်နေသော ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်ရှိ မဏိပူရ်မြစ်ကူး၊ ဗားရ်တံတားတည်ဆောက်နေမှု၊ တီးတိန်- ရိခေါဒါရ်လမ်းပေါ်ရှိ မံဆွောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဟားခါး-ဟာသာ-မှန်တောလမ်းပေါ်ရှိ ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကိုဗစ်-၁၉ ကာလအတွင်း ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိုးဦးကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် လိုပါကြောင်း၊ ချင်းပြည်နယ်သည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အထူးအလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ အထူးအားဖြင့် မတူပီ-ပလက်ဝလမ်းကို မိုးရာသီမပြတ်တောက်ရန်အတွက် စီမံဆောင်ရွက်ရန်လိုကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများ၏ လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။ **သတင်းစဉ်**

# မြိုတ်-တနင်္သာရီ ပြည်ထောင်စုလမ်းမကြီးပေါ်မှ တနင်္သာရီတံတားသစ်စီမံကိန်း မေလကုန်တွင် ရာနှုန်းပြည့်ပြီးစီးမည်

**တနင်္သာရီ မေ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှ တနင်္သာရီ၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များသို့ သွားသည့် မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ်(၄၉/၄)နှင့် (၄၉/၆)အကြား၌ တနင်္သာရီမြစ်ကိုဖြတ်ပြီး တနင်္သာရီမြစ်ကူးတံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူ၍ ၂၀၁၇ ဩဂုတ်လက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီး မေလကုန်တွင် ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

တံတားသစ်ကို ယခင်ရှိထားသော တနင်္သာရီတံတားအဟောင်းနှင့် ဘေးချင်းယှဉ်၍ ဆောက်လုပ်နေခြင်းဖြစ်ပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်း ဦးဆောင်သည့်အဖွဲ့က တာဝန်ယူ၍ တည်ဆောက်နေခြင်းဖြစ်သည်။



၉၅ ရာခိုင်နှုန်းအထိ လုပ်ငန်းများပြီးစီးနေသော တနင်္သာရီတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်။

လက်ရှိအချိန်တွင် ချဉ်းကပ်လမ်းအပါအဝင် တံတားတစ်စင်းလုံး တည်ဆောက်ရေးစီမံကိန်း၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး တံတား၏ လက်ရန်းနှင့် လူသွားလမ်း ပလက်ဖောင်းလုပ်ငန်းပိုင်း အနည်းငယ်သာ ကျန်ရှိတော့ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံမှ သိရသည်။

တံတားတည်ဆောက်ရေးစီမံကိန်း၏ ခန့်မှန်းတန်ဖိုးမှာ ချဉ်းကပ်လမ်းအပါအဝင် ကျပ် ၁၂ ဒသမ ၆ ဘီလီယံဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ တံတားသစ်သည် အရှည် ၁၄၄၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၃၃ ပေဖြစ်သည်။

တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ်(1.5) mQ ဘိုးပိုင်၊ အာရ်စီကွန်ကရစ်ကိုယ်ထည်ဖြစ်ပြီး အပေါ်ထည်မှာ RC Girder, PC Girder, Steel Box Girder နှင့် RC Decking တို့ဖြစ်ကာ ယာဉ်နှင့် ကုန် ၇၅ တန် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ယခင် တနင်္သာရီတံတားအဟောင်းသည် ၁၉၉၉ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သည့် သံကူကွန်ကရစ် ဘေလီတံတားအမျိုးအစားဖြစ်၍ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ သဘာဝ ရာသီဥတုဒဏ်များနှင့် နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်ကြီးများ၏ဒဏ်ကြောင့် လက်ရှိအချိန်တွင် ယာဉ်နှင့် ကုန် စုစုပေါင်း ၁၈ တန်သာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။ ထို့ကြောင့် ၁၈ တန်ထက်ပို၍ တင်ဆောင်လာသည့် ကုန်ပစ္စည်းများကို တန်ပိုစစ်ဆေးရေးဂိတ်၌ချကာ အခြားကားငယ်များဖြင့် အကြိမ်ကြိမ် သယ်ယူနေရသဖြင့် ကုန်စည်စီးဆင်းမှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်စေကြောင်း သိရသည်။

ထို့အပြင် တံတားဟောင်းသည် တစ်လမ်းမောင်းဖြစ်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများလည်း မကြာခဏ ကြုံတွေ့ရလေ့ရှိကြောင်း၊ ယခုအခါ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာ ပိုမိုထွန်းကားလာပြီဖြစ်၍ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာ အသုံးပြုနိုင်မည့် ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်အထိရှိသော နှစ်လမ်းသွား သံပေါင် သံကူကွန်ကရစ်ကြမ်းခင်း တံတားသစ်ကို ထပ်မံတည်ဆောက်ရခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄) တာဝန်ခံထံမှ သိရသည်။

တနင်္သာရီတံတားသစ်သည် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျသော အာဆီယံလမ်းမကြီး (AH-112)ပေါ်တွင် တည်ဆောက်ထားသဖြင့် တံတားသစ်ကြီး ရာနှုန်းပြည့် ပြီးစီးသွားပြီး စတင်အသုံးပြုနိုင်ပါက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေခြင်းနှင့် တနင်္သာရီ-မြိတ်-မော်လမြိုင်-ရန်ကုန်၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းနှင့် မြိတ်-တနင်္သာရီ-မောတောင် (နယ်စပ်မြို့)ခရီးစဉ်များကို နေ့ည အချိန်အခါမရွေး အလွယ်တကူ သွားလာနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ပြည်တွင်း ၊ ပြည်ပ ဓမ္မမိသားစုဝင်များက ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၉

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်အသုံးပြုရန် အလှူငွေနှင့် ကာကွယ်ရေးပစ္စည်းများလှူဒါန်းမှုကို ဗဟန်းမြို့နယ် ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာကျောင်းတိုက်တွင် မေ ၉ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ဆရာတော်ကြီးများ ဦးဆောင်သော သံဃာတော်များ၊ ပြည်တွင်းရှိ ဓမ္မမိသားစုဝင်များနှင့် အမေရိကန်၊ အင်္ဂလန်၊ သြစတြေးလျ၊ ကနေဒါ၊ တရုတ်၊ နီပေါ၊ ဗီယက်နမ် စသော ပါဏ္ဍိတာရာမ ပြည်ပဓမ္မမိသားစုဝင်များက မြန်မာငွေကျပ် ၇၀၃၀၀၀၀၀၊ အမေရိကန်ဒေါ်လာ ၆၂၅၀၊ သြစတြေးလျဒေါ်လာ ၁၆၀၀၊ ယူရိုငွေ ၁၀၀၊ စင်ကာပူဒေါ်လာ ၆၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၄၀၊ နှာခေါင်းစည်း ၅၀၀၀၊ လက်သန့်ဆေးဘူး ၁၁၀ တို့ လှူဒါန်းခြင်းကို လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မှော်ဘီမြို့နယ်သို့ သွားရောက်ကာ ဓမ္မဒူတ ဇေတဝန်တောရဆေကိန္ဒရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ဆေကိန္ဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ဆရာတော်အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းလောင်းလှူဆက်ကပ်ပြီး ကျောင်းတိုက်အတွင်း UK နှင့် US နိုင်ငံများမှ ကျောင်းသား ကျောင်းသူ ၁၀၇ ဦးကို အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်တာအတွင်း အားလုံး ကျန်းမာပျော်ရွှင်စွာဖြင့် အိမ်ပြန်နိုင်ရန် စီမံဆောင်ရွက်ပေးနိုင်မှုအပေါ် ကျေးဇူးတင်ပါကြောင်း လျှောက်ထားခဲ့သည်။



ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာမွေမြို့နယ်ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်၏ ဆရာတော်ကိုယ်စား ဆရာတော် ဦးကုမာရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးပစ္စည်းများ လှူဒါန်းမှုအပေါ် ကျေးဇူးတင်ပါကြောင်း လျှောက်ထားခဲ့သည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# ထန်းသကြား၊ ထန်းလျက်မှုန့်များကို စက်ဖြင့် ထုတ်လုပ်တော့မည်

**ရန်ကုန် မေ ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာတွင် ဒိန်းမတ်နိုင်ငံ Responsible Business Fund ၏ ပံ့ပိုးမှုဖြင့် 555 Shwe Hintha Company Limited က ထန်းသကြား၊ ထန်းလျက်မှုန့်တို့ကို မေလအတွင်း စက်အကူဖြင့် ထုတ်လုပ်တော့မည်ဟု သိရသည်။

"ထန်းလျက်မှုန့်၊ ထန်းလျက်နဲ့ထန်းသကြားတွေကို နိုင်ငံခြားတင်ပို့ရောင်းချရာမှာ ဈေးကောင်းရရှိနေတော့ အရင်ကလို ထန်ရည်ကိုချက် ထန်းလျက်လုပ်စရာမလိုဘဲ စက်နဲ့ထုတ်ဖို့ စက်ရုံဆောက်ဖို့လိုအပ်လို့ လုပ်ပေးတာပါ။ ၂၀၁၉ခုနှစ်၊ မတ် ၂ရက်က စာချုပ်ချုပ်ပြီး ဇူလိုင်လက စဆောက်တာ ခြောက်လကြာတော့ ပြီးပါတယ်။ ၁၂ နာရီကို ထန်းလျက်ပိဿာ ၁၅၀၀ ထွက်မယ်။ ထန်းသကြားကို ပိုအာရုံထားတာပေါ့။ ထန်းလျက်ခဲကို လူအားနဲ့လုံးဖို့ စီစဉ်ထားတာလည်း ရှိပါတယ်။ စတန်းဒက်စတီးနဲ့ပဲ ဆောက်ရပါတယ်။ ဖွဲလောင်စာသုံး ဘွိုင်လာနဲ့ အင်ဂျင်စက်မျိုးပါ။ ဒီစက်ရုံအတွက် ဒိန်းမတ်နိုင်ငံ RBF ဆိုတဲ့ Responsible Business Fund က ပထမဆုံး ထန်းလျက်စက်ရုံဆောက်တဲ့သူကို စက်ရုံဆောက်ဖို့ကုန်ကျငွေတစ်ဝက် အလကားပေးတာ။ နောက်လူတွေဆိုရင် သုံးပုံတစ်ပုံပဲ ပေးမယ်လို့ သိရပါတယ်၊ မေလမှာ လည်ဖို့လုပ်ထားတာ။ မတ်လက စလည်ဖို့ကို စက်ရုံပြီးတော့ ရေကမရှိ၊ အခု ရေလည်းရှိ ထန်းရည်လည်းရှိတော့ ကိုဗစ်-၁၉ ကာလ အသွားအလာကန့်သတ်ကာလဖြစ်နေလို့ နယ်ကလူတွေက



ရန်ကုန်ဘက်က လာတဲ့လူဆို လက်မခံတာနဲ့ မေ ၁၅ ရက် ကျော်မှစလည်ရတော့မယ်"ဟု ထန်းလျက်စက်ရုံ တာဝန်ယူ တည်ဆောက်သူ ရန်ကုန်မြို့နေ ဦးတင်ဦးက ပြောသည်။

ထိုသို့ စက်အကူဖြင့် ထုတ်လုပ်ခြင်းဖြင့် စားသောက်ကုန်သန့်ရှင်း၊ စွမ်းအင်ချွေတာခြင်း၊ လူလုပ်အားနှင့်အချိန်ကုန်သက်သာစေခြင်း၊ အရည်အသွေးတိုးတက်စေခြင်းနှင့် ကုန်ထုတ်စွမ်းအား မြင့်မားစေပြီး စရိတ်သက်သာစေကြောင်း စားသောက်ကုန်ထုတ်လုပ်ငန်းများကို စက်အကူဖြင့် တိုးတက်စေရန် တည်ဆောက်ရေးအကူအညီပေးနေသူ ဦးတင်ဦးက ပြောသည်။

"တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ထန်းသကြား အဓိကထုတ်ဖို့ ရေစကြိုမြို့က ထန်းလျက်အဓိကထွက်တဲ့နေရာကို ရွေးလိုက်တာပါ။ အခုလည်း Royal Jaggery တံဆိပ်နဲ့ လက်မှုထုတ်ကုန် ထန်းသကြား၊ ထန်းလျက်မှုန့်တွေကို ပြည်တွင်းဈေးကွက်မှာရော ဂျပန်နိုင်ငံနဲ့အင်ဒိုနီးရှားနိုင်ငံကိုတင်ပို့နေပါတယ်။ ကိုရီးယားနဲ့တရုတ်ကိုဆက်ပို့ဖို့ လုပ်နေပါတယ်။ အခုစက်ရုံအတွက် RBF က စက်အတွက် ကုန်ကျစရိတ်တစ်ဝက်ခံပါတယ်။ အစက မတ်လထဲမှာ စလည်ပတ်ဖို့ပါ။ ကိုဗစ်-၁၉ ကြောင့် မဖွင့်နိုင်သေးဘဲ မေလလယ်မှာဖွင့်ဖို့လုပ်နေပါတယ်။ ဒီမှာက ရေရှားတယ်။ ထန်းသကြားစက်က ရေနဲ့လည်ရတာ ရေမရတော့ အစိုးရဆီတော့ တင်ပြထားပါတယ်။ ကျေးလက်က စက်ရေတွင်းတူးစက်မျိုးနဲ့မှ ရေထွက်တာပါ။ အဲဒါ အဆင်ပြေရင်တော့ ထန်းသကြားထုတ်မယ်။ ကလေးတွေ ကျန်းမာရေးနဲ့ ညီညွတ်မယ့်မုန့်တွေထုတ်ဖို့ ဂျပန်ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု 555 Shwe Hintha Company Limited ၏ CEO ဦးကောင်းဆက်နိုင်က ပြောသည်။

ရေစကြိုမြို့နှင့် အညာဒေသများတွင် ဇန်နဝါရီလမှ စ၍ထွက်ရှိသည့် ထန်းဖိုဦးထန်းရည်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ထုတ်ယူနိုင်သည့် ထန်းမ ထန်းရည်များမှ ထန်းလျက်များကို ချက်ယူထုတ်လုပ်နိုင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း၊ ဓာတ်ပုံ-တင်ဦး**

# ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေး ကာလတွင် လွယ်ကူလျင်မြန်သည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုဝန်ဆောင်မှုကို ပြုလုပ်နိုင်ပြီဖြစ်

**ရန်ကုန် မေ ၉**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း မိမိတို့နေအိမ်မှလွယ်ကူမြန်ဆန်စွာငွေပေးချေနိုင်သည့် MPT Money ဒစ်ဂျစ်တယ်ငွေပေးချေသောဝန်ဆောင်မှုကို ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးမှ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

MPT Money တွင် ဆင်းမ်ကတ်များကိုငွေဖြည့်သွင်းရာ၌ ပြန်အမ်းငွေ ၁၀ ရာခိုင်နှုန်းနှင့် အခြားဆင်းမ်ကတ်များကိုငွေဖြည့်သွင်းရာတွင်ပြန်အမ်းငွေ ၃ ရာခိုင်နှုန်းကို E-Moneyအဖြစ် (သတ်မှတ်ထားသည့်ပမာဏအတွင်း) မေ ၃၁ ရက်အထိ ရရှိခံစားနိုင်မည်ဖြစ်ပြီး ဈေးဆိုင်များ၌ ငွေပေးချေမှုပြုလုပ်ရာတွင် တစ်ပတ်လျှင် ငွေကျပ် ၅၀၀၀၀ ထိ ဝယ်ယူမှုတိုင်းအတွက် ပြန်အမ်းငွေ ၁၀ ရာခိုင်နှုန်းကို MPT Money အသုံးပြုသူတို့အတွက် မေ ၃၁ ရက်အထိ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း MPT က အသိပေးထားကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်စဉ်ကာလ၌ မိမိတို့နေအိမ်အတွင်းမှ ငွေပေးချေမှုကို ဆောင်ရွက်နိုင်သော MPT Money ဖြစ်သည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သစ္စာ**

# ကိုဗစ် - ၁၉ ရောဂါကာလ မိမိအိမ်တွင်နေထိုင်ရစဉ်အတွင်း အသည်းကျန်းမာကောင်းမွန်ရေး

ဒေါက်တာ ဝင်းအောင် (သုတေသီ- မြန်မာအသည်းဖောင်ဒေးရှင်း)

**ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော ကိုဗစ် - ၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက် ရောဂါကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်နှင့်လျော့ပါးစေရန် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပြည်သူများအားခရီးသွားလာမှု ကန့်သတ်ခြင်း၊ ညမထွက်ရအမိန့်များထုတ်ပြန်ခြင်း၊ အထူးသဖြင့် အိမ်မှာနေစေခြင်း စသည့် အစီအစဉ်များကိုချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေချိန်ယခုကာလတွင် အသွားအလာကန့်သတ်မှုရှိခြင်း၊ လူစုလူဝေးရှောင်ရှားရခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရခြင်းတို့ကို လိုက်နာဆောင်ရွက်လျက်ရှိနေကြရခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရခြင်း (Home Stay ) အချိန် ပိုမိုများပြားလျက်ရှိနေကြရပါသည်။ ထို့အပြင် ဆေးရုံ ဆေးခန်းများသို့ သွားရောက်ပြသရန် အခက်အခဲရှိခြင်း၊ လိုအပ်မှသာ ကျန်းမာရေးအတွက် ပြင်ပသို့ထွက်ခြင်းနှင့် ဆေးရုံ ဆေးခန်းနှင့် ဆရာဝန်များထံ သွားရောက်ပြသနိုင်ခြင်းတို့ကို ဆောင်ရွက်နေကြရသည်။**

လူသားတိုင်း၏ ခန္ဓာကိုယ်တွင်းရှိ အကြီးဆုံး အင်္ဂါတစ်ခုဖြစ်သည့် အသည်းသည် လူသားတို့ ကျန်းမာသန်စွမ်းရေး၊ ကူးစက်ရောဂါခုခံကာကွယ်ရေးနှင့် အသက်ရှည်ရေးတို့အတွက် လုပ်ငန်းပေါင်း ၅၀၀ ခန့် ကိုနေ့စဉ် နာရီမပြတ် လုပ်ဆောင်ပေးလျက်ရှိပါသည်။ ခန္ဓာကိုယ် အသက်ရှင်နေနိုင်ရေးအတွက် အဓိက အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သော အသည်းအင်္ဂါ အပေါ် ကိုဗစ် - ၁၉ ရောဂါပိုး၏ သက်ရောက်မှုနှင့် ကိုဗစ် - ၁၉ ရောဂါကာလ မိမိနေအိမ်တွင်နေထိုင်ရသော ယခုအချိန်တွင် အသည်းကျန်းမာရေးကောင်းမွန်စေရန် လိုက်နာဆောင်ရွက်သင့်သည်များကို တင်ပြပေးလိုပါသည်။


**ကိုဗစ်-၁၉ ရောဂါပိုး၏ခန္ဓာကိုယ်ရှိ အသည်းအပေါ် သက်ရောက်မှု**

ကိုဗစ် - ၁၉ ရောဂါပိုးသည် ကိုရိုနာဗိုင်းရပ်စ်ပိုးတစ်မျိုး ဖြစ်ပါသည်။ လူသားများကို အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ကူးစက်ပါသည်။ ကူးစက်ခံရခြင်းကြောင့် ခန္ဓာကိုယ်တွင်အဓိကအားဖြင့် ပြင်းထန် အဆုတ်ရောင်ခြင်း၊ အဆုတ်ပျက်စီးခြင်းနှင့် ရုတ်တရက် အဆုတ်အလုပ်မလုပ်နိုင်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးကြရပါသည်။

**အသည်းနှင့် ကိုဗစ် - ၁၉ ရောဂါဗိုင်းရပ်စ်ပိုး**

၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်း တရုတ်ပြည်တွင် ကနဦး တွေ့ရှိချက်စစ်တမ်းတစ်ခုအရ ယေဘုယျအားဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရသည့် လူနာများ၏ ၃၃ ရာခိုင်နှုန်းခန့်နှင့် ဆေးရုံတက်ကုသမှုခံယူနေကြသော ကိုဗစ်-၁၉ ပိုးကြောင့် ရောဂါအခြေအနေဆိုးရွားသည့်လူနာများ၏ ၆၆ ရာခိုင်နှုန်းခန့်သည် သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါနှင့် ကင်ဆာရောဂါ ရှိနေသူများ ဖြစ်ကြသည်။ အထက်ပါ ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခံရသည့် အသည်းရောဂါရှိ လူနာများ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ဆေးရုံတက်ကုသမှုခံယူခဲ့ရပြီး အဆိုပါလူနာများ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ အရေးပေါ် စောင့်ကြည့်ခံလူနာများ ဖြစ်ခဲ့ကြရသည်။

လေ့လာတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခြင်းခံရသောသူများတွင် အသည်းအင်ဇိုင်းများ အနည်းငယ်တက်သည်ကို တွေ့ရှိရတတ်ပြီး ကူးစက်ခံရသူများ၏ ၁၀ - ၁၂ ရာခိုင်နှုန်းတွင် မျက်လုံးဝါတတ်ပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရခြင်းကြောင့် အသည်းရုတ်တရက် ပျက်စီးခြင်း/ အလုပ် မလုပ်နိုင်ခြင်း (Liver Failure) မဖြစ်ကြောင်းသိရှိရသည်။ မကြာသေးမီ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း သုတေသနတွေ့ရှိချက်တစ်ခုအရ ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခံရ၍ ဆေးရုံတက် / ပျောက်ကင်း၍ ဆေးရုံမှဆင်းသွားပြီးနောက် ရောဂါပြန်ဖြစ်/ဆေးရုံပြန်တက်ပြီးနောက် သေဆုံးသွားသူ လူနာတစ်ဦးကို ရင်ခွဲစစ်ဆေးခဲ့ရာ သေဆုံးသူ၏အဆုတ်မှာဆိုးရွားစွာ ထိခိုက်ပျက်စီးနေပြီး အဆုတ်ဆဲလ်များထဲတွင် ခိုအောင်းနေသော ကိုဗစ် - ၁၉ ရောဂါပိုးများကို အသက်ရှင်လျက်တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ထားပါသည်။ အသည်းမှာ ထိခိုက်မှုရှိသော်လည်း အသည်းဆဲလ်များမှာ ဆိုးရွားစွာပျက်စီးခြင်းမရှိသည့်အပြင် အသက်ရှင်ခိုအောင်းနေသော ကိုဗစ် - ၁၉ ရောဂါပိုးများကိုလည်း အသည်း၏ ဆဲလ်များတွင် မတွေ့ရှိရကြောင်း တင်ပြထားပါသည်။ အထက်ဖော်ပြပါ တွေ့ရှိချက်များသည် ယနေ့အချိန်ထိ သုတေသနပြု တွေ့ရှိချက်များသာ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်နိုင်ငံတကာ အသည်းရောဂါအဖွဲ့အစည်းများသည် ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ပြန့်ပွားပုံနှင့် အသည်းနှင့်ပတ်သက်သော သုတေသနလုပ်ငန်းဆောင်ရွက်ချက်များ၏ နောက်ဆုံး တွေ့ရှိချက်များကို ကမ္ဘာ့ပြည်သူများထံ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန် ဖြန့်ဝေပေးလျက်ရှိပါသည်။



**“နာတာရှည်အသည်းရောင် ရောဂါရှိနေသူများသည် ကိုဗစ် - ၁၉ ရောဂါပိုး ကူးစက်ခြင်းခံရပါက အသည်းရောင်ရောဂါ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရကြောင်းနှင့် ကိုဗစ် - ၁၉ ရောဂါပိုးကြောင့် ဖြစ်ရသည့် အဆုတ်ရောင်ရောဂါ ဝေဒနာများကို ပိုမိုပြင်းထန်စွာခံစားရနိုင်ပြီး နောက်ဆက်တွဲ ပြင်းထန်သော ရောဂါများ ဖြစ်ပွားနိုင်ခြေလည်းများ”**

**ဘီပိုး/ စီပိုး ကူးစက်ခံထားရသူများနှင့် နာတာရှည် အသည်းရောင် ရောဂါရှိလူနာများ**

ကနဦးတွေ့ရှိချက်များအရ အသည်းရောင်အသားဝါ ဘီပိုး/စီပိုး ကူးစက်ခံထားရသူများနှင့် နာတာရှည်အသည်းရောင်ရောဂါရှိနေသူများသည် ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခြင်းခံရနိုင်ခြေမှာ သာမန်လူများအတိုင်းသာ ဖြစ်ပါသည်။ ပို၍ မများပါ။ ထိုသူများသည် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရပါကလည်း အသည်းကိုဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်း မရှိကြောင်းနှင့် သာမန်နာတာရှည် အသည်းရောင်ရောဂါ ရှိလူနာများသည်လည်း ကိုဗစ် - ၁၉ ရောဂါပိုးကြောင့် ဖြစ်ရသည့် အဆုတ်ရောင်ရောဂါကို ပိုမိုဆိုးရွားစွာခံစားရနိုင်ခြင်းမရှိကြောင်း တင်ပြထားသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း သုတေသနပြုတွေ့ရှိချက်တစ်ခုအရ လက်ရှိဘီပိုး/ စီပိုး ကူးစက်ခံရသူများ ( ယခင်က စီပိုးလုံးဝပျောက်ကင်းအောင် ကုသပြီးသည့် လူနာများ အပါအဝင်)နှင့် ယခင်ကတည်းက နာတာရှည်အသည်းရောင် ရောဂါရှိနေသူများသည် ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခြင်း ခံရပါက အသည်းရောင်ရောဂါ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရကြောင်းနှင့် ကိုဗစ် - ၁၉ ရောဂါပိုးကြောင့် ဖြစ်ရသည့် အဆုတ်ရောင်ရောဂါဝေဒနာများကို ပိုမိုပြင်းထန်စွာ ခံစားရနိုင်ပြီး နောက်ဆက်တွဲပြင်းထန်သောရောဂါများ ဖြစ်ပွားနိုင်ခြေလည်း များကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် အထက်ပါလူနာများသည် လက်ရှိ ကိုဗစ်-၁၉ ကာလအချိန်တွင် ကိုဗစ် - ၁၉ ပိုးကူးစက်ခြင်း မခံရလေအောင်ပိုမိုဂရုပြုကြရပါမည်။ ဆေးကုသမှုခံယူနေရပါကလည်း သောက်နေကျ /သောက်နေဆဲဆေးများကို ပုံမှန်ဆက်လက်သောက်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ဘီပိုးနှင့်စီပိုး အတွက် ပိုးသေဆေးသောက်နေရသူများသည် ဆေးကို နေ့စဉ်ပုံမှန် ဆက်လက်သောက်ရပါမည်။ သောက်ဆေးများကို ဘီပိုးအတွက် နှစ်အတန်ကြာလည်းကောင်း၊ စီပိုးအတွက် သုံးလမှ ခြောက်လ ကြာအထိလည်းကောင်း၊ ရက်မပျက် သောက်ရန်လိုအပ်ပါသည်။ ဆေးသောက်ရက် ပျက်ကွက်ပါက ရောဂါမပျောက်ခြင်းနှင့် ရောဂါပိုးက ဆေးကို ခံနိုင်ရည်ရှိသွား၍ ဆေးယဉ်ပါးခြင်းနှင့်ဆေးမတိုးတော့ခြင်းမျိုး ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ရောဂါပိုးသေဆေးများကို မဖြစ်မနေ သောက်ရပါမည်။ ယခုလက်ရှိ ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း အထက်ပါဆေးများကို မိမိလက်ဝယ်တွင်လုံလောက်အောင် အမြဲဆောင်ထားနိုင်ရန် ကြိုတင်ဝယ်ယူ စုဆောင်းထားရှိရန် လိုအပ်ပါမည်။

သတိချပ်စေလိုသည်မှာ Home Stay နေရစဉ် ယခုကာလတွင် အထက်ပါကဲ့သို့ ပုံမှန်သောက်နေကျဆေးများကို သောက်နေစဉ်ကာလအတွင်း မျက်လုံး/ဆီးဝါခြင်း၊ ဆီးသွားနည်းခြင်း၊ ခြေလက်၊ မျက်နှာများဖောရောင်ခြင်း၊ သွေးအားနည်းခြင်း၊ မောပန်းလွယ်ခြင်း၊ ဝမ်းဗိုက်ညာဘက်ခြမ်းအောင့်ခြင်းနှင့် ရေဖျဉ်းစွဲဝမ်းဗိုက်တင်းခြင်းတို့ ခံစားရပါက မိမိပြနေကျ ဆရာဝန်/ ဆေးခန်းသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်တင်ပြမေးမြန်း၍ အကြံပြုချက်ရယူခြင်းနှင့် လိုအပ်လျှင် ဆရာဝန်/ ဆေးခန်းသို့ ကိုယ်တိုင်သွားရောက်ပြသခြင်းတို့ကို ဆောင်ရွက်ရပါမည်။

**ဆိုးရွားသော အသည်းရောဂါရှိသူများ**

ဆိုးရွားသော အသည်းအဆီဖုံးရောဂါရှိသူများ၊ အသည်းခြောက်ရောဂါရှိသူများ၊ အသည်းကင်ဆာရောဂါကုသမှုခံယူနေသူများ၊ မိမိခန္ဓာကိုယ်မှ အလိုအလျောက်ဖြစ်သော ခုခံအားကျ အသည်းရောင်ရောဂါ (Auto-immune Hepatitis) ရှိနေသူများနှင့် အသည်းအစားထိုးကုသမှုခံယူထားသူများသည် ကိုဗစ် - ၁၉ ရောဂါပိုး ကူးစက်ခြင်းခံရပါက အဆုတ်ရောင်ရောဂါကို ပိုမိုပြင်းထန်မြန်ဆန်စွာ ခံစားကြရပြီး ရောဂါပိုး၏ နောက်ဆက်တွဲဆိုးကျိုးများသည်လည်း အသက်အန္တရာယ် စိုးရိမ်ရလောက်အောင်အထိ ဖြစ်စေနိုင်ပါသည်။ အသည်းအဆီဖုံးရောဂါရှိလူနာများသည် များသောအားဖြင့် အသက် ၆၀ နှစ်အထက်ရှိခြင်းနှင့် သွေးတိုး၊ ဆီးချိုနှင့် အဝလွန်ရောဂါများ တွဲလျက်ရှိနိုင်သောကြောင့်လည်းကောင်း၊ အသည်းခြောက်၊ အသည်းကင်ဆာ၊ Auto-immune အသည်းရောင်ရောဂါရှိသူများနှင့် အသည်းအစားထိုးကုသမှုခံယူထားသူများသည် ကိုယ်ခံအား စနစ်ကို ထိခိုက်ကျဆင်းစေနိုင်သည့် ဆေးဝါးများကို အမြဲသောက်သုံးမှီဝဲနေရခြင်းတို့ကြောင့် လည်းကောင်း ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခံရနိုင်ခြေများပြီး ကူးစက်ခံရပါကလည်း နောက်ဆက်တွဲ ဆိုးကျိုးများကို ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။ ထို့ကြောင့် အထက်ပါလူနာများသည် ကိုဗစ်-၁၉ ရောဂါပိုး လုံးဝကူးစက်ခြင်းမခံရလေအောင် အထူးပိုမို ဂရုပြုကြရပါမည်။ ဆေးလိပ် သောက်တတ်ပါက ချက်ချင်းဆေးလိပ်ဖြတ်ပါ၊ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းလွယ်ခြင်းနှင့် အသက်ရှူရခက်ခဲခြင်းတို့ အနည်းငယ် ခံစားရသည်နှင့် ဆေးရုံသို့ချက်ချင်း အမြန်ဆုံးသွားပြရန် လိုအပ်ပါမည်။

အထက်ပါ ဆိုးရွားသော အသည်းရောဂါရှိလူနာများနှင့် အသည်းရောဂါအခံရှိပြီး မျက်လုံး/ဆီးဝါနေသူများ၊ ရေဖျဉ်းစွဲနေသူများ၊ စိတ်ကစဉ့်ကလျားဖြစ်နေသူများသည် မိမိကိုယ်မိမိ သီးခြားနေထိုင်ခြင်း ကြိုတင်ပြုလုပ်သင့်ပါသည်။ ထို့အပြင် အသည်းနှင့်ဆိုင်သော ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို (ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခြင်းမခံရမီ အချိန်ကတည်းက) ဦးစွာဆောင်ရွက်ထားရှိခြင်းဖြင့် မိမိအသည်း၏ လက်ရှိရောဂါအခြေအနေကို ကြိုတင် အခြေခံမှတ်တမ်းတင်ထားရှိရန် လိုအပ်ပါမည်။ ဖြစ်နိုင်လျှင် အထက်ပါလူနာများသည် ရာသီတုပ်ကွေးနှင့် အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများကိုလည်း ကြိုတင်ထိုးနှံမှု ခံယူထားသင့်ပါသည်။

**အသည်းကျန်းမာရေးအတွက် အနေအထိုင်၊ အစားအသောက်နှင့်ဆေးဝါးသုံးစွဲခြင်း အကြံပြုချက်**

လက်ရှိ ကိုဗစ် - ၁၉ ရောဂါကာလတွင် မိဘပြည်သူများသည် မိမိတို့၏ အသည်းကျန်းမာကောင်းမွန်ရေး အတွက် အောက်ဖော်ပြပါနေထိုင်မှုပုံစံ၊ စားသောက်မှုပုံစံနှင့် ဆေးဝါးသုံးစွဲမှုအကြံပြုချက်တို့ကို လိုက်နာဆောင်ရွက်သင့်ပါသည်-

**နေထိုင်လှုပ်ရှားမှုအလေ့အထပုံစံ**

Home Stay ကာလအတွင်း အထိုင်များ၊ အအိပ်များပြီး လှုပ်ရှားမှုများ နည်းနိုင်ပါသည်။ ထို့ကြောင့် မိမိအိမ်ထဲတွင် ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ အလေးမခြင်း၊ ပြေးစက်ပေါ်တွင် လမ်းလျှောက်ခြင်းနှင့် အိမ်ခြံဝင်းရှိပါက အိမ်ပြင်ပတွင် လမ်းလျှောက်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ လေဝင်လေထွက်ကောင်းရန် နေအိမ်တံခါးများဖွင့်ထားပါ၊ နံနက်ပိုင်းတွင် မိနစ်၃၀ခန့် သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ၊ နေပူဆာလှုံပါ၊ တရားထိုင်ခြင်း၊ ဝတ်ပြုခြင်း၊ ဘာသာရေး ဆုတောင်းခြင်းနှင့် ယောဂကျင့်ခြင်းတို့ကို ပြုလုပ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ၊ မိသားစုနှင့်အတူ ပျော်ပျော်ရွှင်ရွှင်နေပါ၊ အိပ်ရေးပျက်/အိပ်ရေးမဝခြင်းနှင့် စိတ်ပင်ပန်း/ဖိစီးခြင်းတို့သည်လည်း ကိုယ်ခံအားစနစ်ကို ကျဆင်းစေပြီး ခန္ဓာကိုယ်တွင်းသို့ ရောဂါပိုးများ ဝင်လွယ်/ပျောက်ခဲစေပါသည်။ အထူးသဖြင့် အသည်းရောင် အသားဝါရောဂါပိုး/ အသည်းရောဂါ အခံရှိနေသူများသည် ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်ကိုသာမက အသည်းကိုလည်း ထိခိုက်ပျက်စီးစေသော ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာစားသုံးခြင်းနှင့် အရက်သောက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ရပါမည်။

**အစာအာဟာရစားသောက်မှုပုံစံ**

မိမိတို့၏ အသည်းကျန်းမာရေးအတွက် မှန်ကန်၍ သင့်တင့်မျှတသည့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကိုသာ စားသုံးပါ၊ Home Stay ကာလအတွင်း အထိုင်များ၊ အအိပ်များသည်သာမက အစားလည်းများနိုင်ပါသည်။ ထို့ကြောင့် အဝမလွန်ပါစေနှင့်၊ အဆီ၊ အချို၊ အငန်၊ အစပ်များကိုရှောင်ပါ။ အသား (ပရိုတိန်း)ဓာတ်များစွာပါဝင်သော ကြက်ဥ (အနှစ် မပါ)၊ နွားနို့၊ အစေ့အဆန်၊ ပဲ၊ ဥများနှင့် စိမ်းစိုသောအရွက်များ၊ အရည်ရွှမ်းသောသစ်သီးများ၊ သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ပိုမိုစားသုံးပါ။ ကာလရှည်ခံရန် စီမံထားသောအစားအစာများနှင့် ဆီကြော် အစာများကို ရှောင်ပါ။ အသားစိမ်း၊ ငါးစိမ်း၊ ကျက်အောင်/ ဆူအောင် ချက်ပြုတ်မထားသော အသား/ ငါးများစားသုံးခြင်း လုံးဝမပြုပါနှင့်၊ ရေများများသောက်ပါ၊ အသည်းရောဂါကြောင့် ရေဖျဉ်းစွဲနေသူများသည် ရေများများမသောက်ရပါ၊ ဆားရည် မငုံရပါ။

စာမျက်နှာ ၇ သို့

## ၉-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၂၁၀၈၃ | ၂၂၃၈၇၆ | ၇၈၆၃၉ |
| ၂။ | စပိန် | ၂၆၂၇၈၃ | ၁၇၃၁၅၇ | ၂၆၄၇၈ |
| ၃။ | အီတလီ | ၂၁၇၁၈၅ | ၉၉၀၂၃ | ၃၀၂၀၁ |
| ၄။ | ဗြိတိန် | ၂၁၁၃၆၄ | စိစစ်ဆဲ | ၃၁၂၄၁ |
| ၅။ | ရုရှား | ၁၉၈၆၇၆ | ၃၁၉၁၆ | ၁၈၂၇ |
| ၆။ | ပြင်သစ် | ၁၇၆၀၇၉ | ၅၅၇၈၂ | ၂၆၂၃၀ |
| ၇။ | ဂျာမနီ | ၁၇၀၆၄၃ | ၁၄၃၃၀၀ | ၇၅၁၀ |
| ၈။ | ဘရာဇီး | ၁၄၇၀၀၃ | ၅၉၂၉၇ | ၁၀၀၃၇ |
| ၉။ | တူရကီ | ၁၃၅၅၆၉ | ၈၆၃၉၆ | ၃၆၈၉ |
| ၁၀။ | အီရန် | ၁၀၆၂၂၀ | ၈၅၀၆၄ | ၆၅၈၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉-၅-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၂၄၆၀ | ၂၀၄၀ | ၂၀ |
| အင်ဒိုနီးရှား | ၁၃၆၄၅ | ၂၆၀၇ | ၉၅၉ |
| ဖိလစ်ပိုင် | ၁၀၆၁၀ | ၁၈၄၂ | ၇၀၄ |
| မလေးရှား | ၆၅၈၉ | ၄၉၂၉ | ၁၀၈ |
| ထိုင်း | ၃၀၀၄ | ၂၇၈၇ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၄၁ | ၀ |
| မြန်မာ | ၁၇၈ | ၆၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၂ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၁၃ | ၀ |

## မေ ၉ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း ၁၇၈ ဦးရှိလာ

**နေပြည်တော် မေ ၉**

မေ ၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ လူနာ ၁ ဦးထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၇၈ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မေ ၉ ရက်တွင် တွေ့ရှိသည့် ရောဂါပိုးရှိသူ ၁ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ ဖြစ်ပြီး အသက် ၄၉ နှစ်အရွယ် အမျိုးသမီးဖြစ်သည်။

ပိုးတွေ့လူနာ ၁၇၈ ဦးအနက် သေဆုံးသူ ၆ ဦး၊ ကုသမှုခံယူပြီး ရောဂါကင်းစင်လာသူ ၆၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၄၆ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၈၃၂ | ၁၇၈ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၆၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၇၀၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၄၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၃ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၇၈ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၉-၅-၂၀၂၀ ရက်၊ ည (၉)နာရီ

*စာမျက်နှာ ၆ မှ*

### ဆေးဝါးများသုံးစွဲခြင်း

အသည်းကိုထိခိုက်ပျက်စီးစေနိုင်သည့် အကိုက်အခဲပျောက်ဆေးများ၊ ပါရာစီတမော့များကို မသုံးစွဲရ၊ ဆေးမြီးတိုများ၊ ပရဆေးများ၊ ချင်း၊ လျက်ဆားများ မသုံးရ၊ အမိုင်နိုအက်စစ်ပါဝင်သော အားဆေး /နို့မှုန့်များကိုသောက်နိုင်ပါသည်။ အသည်းရောဂါအခံရှိပါက သံဓာတ်ပါသော အားဆေးများမသောက်ရ။ ဆေးကုသ မှုခံယူနေသော အသည်းရောဂါရှိသူများသည် သောက် နေကျ/သောက်နေဆဲဆေးများကို ပုံမှန်ဆက်လက်သောက်သုံးရန် လိုအပ်ပါသည်။ အထူးသဖြင့် ဘီပိုးနှင့် စီပိုးအတွက် ပိုးသေဆေးသောက်နေရသူများသည် ဆေးကိုနေ့စဉ် ပုံမှန် ဆက်လက်သောက်ရန် လိုအပ်ပါသည်။

### အကြံပြုတင်ပြချက်

လက်ရှိ ကိုဗစ် -၁၉ ရောဂါကာလ မိမိနေအိမ်တွင် နေထိုင်ရစဉ်အချိန်များအတွင်း မိဘပြည်သူများနှင့် အသည်းရောင်အသားဝါရောဂါပိုး/အသည်းရောဂါ အခံရှိနေသူများသည် အထက်ဖော်ပြပါနေထိုင်မှုပုံစံ၊ စားသောက်မှုပုံစံနှင့် ဆေးဝါးသုံးစွဲမှုအကြံပြုချက်တို့ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အသည်းကျန်းမာ ကောင်းမွန်ရေးအတွက် များစွာအထောက်အကူပြုမှုရရှိနိုင်ပြီး လက်ရှိဖြစ်ပွားနေ သော ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရခြင်းမှ အထိုက်အလျောက် ကာကွယ်နိုင်ပါမည်။ ကူးစက်ခံရပါကလည်း နောက်ဆက်တွဲဆိုးကျိုးများ ပြင်းထန်စွာမခံစားရနိုင်ဘဲ ပြန်လည်ကျန်းမာလာနိုင်မည် ဖြစ်ပါသည်။ မြန်မာပြည်သူ ပြည်သားများ အားလုံး လက်ရှိ ကိုဗစ်-၁၉ ကူးစက် ကပ်ရောဂါကာလကြီးကို ကျန်းမာ ပျော်ရွှင်အောင်မြင်စွာ အမြန်ဆုံး ကျော်လွှားသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း တင်ပြလိုက်ရပါသည်။ ။

## ဖန်းမော် - မန္တလေး - ရန်ကုန် High Class ခရီးသည်တင်ယာဉ်လိုင်းစတင်ပြေးဆွဲ

**ဖန်းမော် မေ ၉**

ဖန်းမော်-မန္တလေး-ရန်ကုန် High Class Express ခရီးသည်တင် (လူစီးသီးသန့်)မော်တော်ယာဉ်လိုင်းသည် မေ ၉ ရက် နံနက် ၁၀ နာရီခွဲက ကချင်ပြည်နယ် ဖန်းမော်မြို့မှ ရန်ကုန်မြို့သို့ စတင်ပြေးဆွဲခဲ့ကြောင်း High Class ယာဉ်လိုင်း ဂိတ်မှူးထံမှ သိရသည်။

"ယာဉ်လိုင်းကို ကိုဗစ်-၁၉ ရောဂါကြောင့် သကြႅန်မတိုင်မီက ရပ်နားထားခဲ့ပြီး ယနေ့ မေ ၉ ရက်မှ စတင်ပြေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ခရီးသည် ၁၉ ဦး လိုက်ပါကြပါတယ်။ တစ်ယောက် တစ်ခုံစီ ဖြစ်တယ်၊ ယာဉ်စီးခကို ပိုကောက်ခံခြင်းမရှိဘူး။ ပုံမှန်ဈေးအတိုင်း တစ်ဦးကို ငွေကျပ် ၃၈၃၀၀ ပဲ ကောက်ခံတယ်။ ခရီးသည် ၂၀ ထက် ပိုစီးခွင့်မရှိဘူး" ဟု ဖန်းမော်မြို့ High Class ဂိတ်မှူးက ပြောသည်။

ထို့အတူ ရန်ကုန် High Class Express ကုန်တင်ယာဉ်သည် မေ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မှ ဖန်းမော်သို့ ကုန်ပစ္စည်းများ တင်ဆောင်၍ ထွက်ခွာမည်ဖြစ်သည်။



အဆိုပါ ယာဉ်ပေါ်တွင် လောလောဆယ် ခရီးသည်လုံးဝမတင်ဘဲ ဖန်းမော်-မန္တလေး-ရန်ကုန် မြို့များတွင် ကုန်စည်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးသုံး ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အချိန်နှင့်တစ်ပြေးညီ သယ်ဆောင်နိုင်ရေးအတွက် ကုန်ကားများ ပြေးဆွဲရခြင်းဖြစ်ကြောင်း ဂိတ်မှူးထံမှ သိရသည်။

ဖန်းမော်မှ နံက် ၁၀ နာရီ ထွက်ခွာသောမော်တော်ယာဉ်သည် နောက်တစ်နေ့ နံနက် ၉ နာရီ ဝန်းကျင်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။

ယာဉ်မောင်းများက ခရီးသည်များကို ယာဉ်ပေါ်မတက်ခင် အပူချိန်တိုင်းပေးခြင်း၊ လက်သန့်ဆေးရည်ပေး၍ လက်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

**ဆီမီးခုံ-နန်းရီ**

# တောင်ဥက္ကလာပမြို့နယ် ငမိုးရိပ်ချောင်းတစ်လျှောက် ကမ်းထိန်းနံရံတည်ဆောက်

**ရန်ကုန် မေ ၉**
ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)ရပ်ကွက်ရှိ ငမိုးရိပ်ချောင်းတစ်လျှောက်၌ ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်က လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကမ်းထိန်းနံရံအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။ ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ကမ်းထိန်းနံရံ တည်ဆောက်ပြီးပါက တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက်၌ နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးရေလျှံမှုများကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများအနေဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက်တွင် လမ်းလျှောက်ခြင်း၊ အပန်းဖြေခြင်းနှင့် လေ့ကျင့်ခန်း ပြုလုပ်ခြင်းများလည်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေထက်အောင်**



# အမျိုးသမီးကလပ်နှင့် ဖူဆယ်ကလပ်အသင်းများမှ နည်းပြနှင့် ကစားသမားများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဧရာဝတီဖောင်ဒေးရှင်းက ထောက်ပံ့

**ရန်ကုန် မေ ၉**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဧရာဝတီဖောင်ဒေးရှင်းသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ကာလအတွင်း အမျိုးသမီးဘောလုံးကလပ်အသင်းများနှင့် ဖူဆယ်ကလပ်အသင်းများမှ နည်းပြနှင့် ကစားသမားများအတွက် ဆန်နှင့် အစားအသောက်များ လှူဒါန်းခြင်းကို ယမန်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ အလုပ်အမှုဆောင်များဖြစ်သည့် ဒေါက်တာရဲမွန်ထွဋ် (ဖူဆယ်ကော်မတီ)၊ ဦးတင်မြင့်အောင် (နည်းပြကော်မတီ)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီ) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏အကြံပေး ဦးဘန်နီတင်အောင်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာရဲမွန်ထွဋ်တို့က ကူညီထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ အလုပ်အမှုဆောင်များဖြစ်သည့် ဒေါက်တာရဲမွန်ထွဋ် (ဖူဆယ်ကော်မတီ)၊ ဦးတင်မြင့်အောင် (နည်းပြကော်မတီ)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီ) နှင့် တာဝန်ရှိသူများက အမျိုးသမီးဘောလုံးအသင်းများ၊ ဖူဆယ်ကလပ်အသင်းများမှ တာဝန်ရှိသူများထံ ဆန်၊ ဆီနှင့် ငါးသေတ္တာများ လှူဒါန်းကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဧရာဝတီဖောင်ဒေးရှင်းသည် ဖူဆယ်ကလပ်အသင်းများမှ နည်းပြနှင့် ကစားသမား ၂၈၀၊ အမျိုးသမီးကလပ်အသင်းများမှ နည်းပြနှင့် ကစားသမား ၂၂၅ ဦးတို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ တာဝန်ပေးမှုအတိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် စောင့်ကြည့်ခံရသူ ၁၄၀ ကျော်ကို ဝေဇယန္တာလမ်းပေါ်ရှိ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) နှင့် သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ လက်ရွေးစင်ကစားသမားများ နားနေဆောင်တို့တွင် ထားရှိပေးထားသည့်အပြင် နေ့စဉ်စားသောက်မှုအတွက်ပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးတွင် ဆောင်ရွက်နေသည့် ဆရာဝန်နှင့် သူနာပြု ၈၀ ကိုလည်း AYA Bank သင်တန်းကျောင်းတွင်ထားရှိကာ နေထိုင်စားသောက်ရေးအပြင် ဆေးရုံများသို့ သွားလာရေးအတွက်ပါ ကြိုပို့ကားများ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တည်ထောင်ထားသည့် ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသလို လိုအပ်သည့်နေရာများသို့လည်း လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ- ကိုသော်**




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ အကြံပေး ဦးဘန်နီတင်အောင် ဆန်၊ ဆီနှင့် အစားအသောက်များ လှူဒါန်းစဉ်။

# အမ်းမြို့နယ်၌ သီဟိုဠ်ပင်စိုက်ပျိုးသော တောင်သူများက သီဟိုဠ်စေ့များကို ဈေးအနိမ့်ဖြင့်ရောင်းချ



**အမ်း မေ ၉**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဒေသခံတောင်သူများအနေဖြင့် နှစ်ရှည်ပင်ဖြစ်သော သီဟိုဠ်ပင်ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါ သီဟိုဠ်စိုက်ပျိုးတောင်သူ ဦးမောင်မောင်က ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် သီဟိုဠ်စေ့များကို လာရောက်ဝယ်ယူသူ နည်းပါးမှုကြောင့် ယခင်နှစ်တွင် သီဟိုဠ်စေ့တစ်ပိဿာကို ငွေကျပ် ၃၇၀၀ ဖြစ်ပြီး ယခုနှစ်တွင် တစ်ပိဿာကို ငွေကျပ် ၁၃၀၀ ဖြစ်၍ ဈေးအနိမ့်ဖြင့် ရောင်းချနေရကြောင်း ပြောသည်။

အမ်းမြို့နယ်အတွင်းတွင် သီဟိုဠ်ပင်များကို ဒိုင်ကြီးကျေးရွာ၊ ရွာသာရွာ၊ မဲလက်မောင်း၊ ကဇုကိုင်း၊ ဒါးလက်၊ စိန်ပိုက်၊ တပ်တောင်၊ ကျောက်မြောင်း၊ ချစ်ပုံမ၊ ဘုတ်ချောင်းကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**စိုးမင်းထွန်း (ပြန်/ဆက်)**

# မကွေးပရဟိတက မကွေးအခြေစိုက် သတင်းထောက် ၁၀ ဦးအတွက် ဆန်နှင့်ပစ္စည်းများ ထောက်ပံ့

**မကွေး မေ ၉**
ကိုဗစ်-၁၉ ကာလ၌ အထောက်အပံ့တစ်ရပ်ဖြစ်စေရေး မကွေးပရဟိတအဖွဲ့က မကွေးအခြေစိုက် သတင်းထောက် ၁၀ ဦးအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း ၁၀ မျိုးကို ယနေ့ နံနက်ပိုင်းက ထောက်ပံ့လှူဒါန်းသည်။

သတင်းထောက်တစ်ဦးလျှင် ငွေကျပ် ၂၄၀၀၀ တန်ဖိုးရှိ ဆန်ရှစ်ပြည်၊ ကြက်ဥ ၁၀ လုံး၊ ဆီ၊ ငါးခြောက်၊ ကြက်သွန်၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ အချိုရည်ဘူး၊ ငါးပိ၊ လက်သန့်ဆေးရည်စသည့် ပစ္စည်း ၁၀ မျိုးကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ကိုဗစ်ကြောင့် အားလုံးအခက်အခဲဖြစ်နေကြရတဲ့အချိန်မှာ နိုင်ငံတော်က ထောက်ပံ့တဲ့အစီအစဉ်တွေထဲ ကျွန်တော်တို့ မကွေးမြို့အခြေစိုက်သတင်းထောက်တွေ မပါသေးဘူးလို့ သိရတာကြောင့် သီးခြားထောက်ပံ့ဖို့ စီစဉ်ဖြစ်တာပါ" ဟု မကွေးပရဟိတအဖွဲ့မှ ကိုမျိုးကြီးက ပြောသည်။

မကွေးပရဟိတဦးဆောင်သူတစ်ဦးဖြစ်သည့် ကိုမိုးက မြန်မာနိုင်ငံသတင်းစာဆရာအသင်း မကွေးတိုင်းဒေသကြီး ဥက္ကဋ္ဌထံ ဆက်သွယ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး သတင်းထောက်များထဲမှ လှူဒါန်းမှုကို လက်ခံမည့်သူ စာရင်းကောက်ခံခဲ့ရာ ၁၀ ဦးသာရရှိခဲ့ကြောင်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်း မကွေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဆရာနေခြည်(မကွေး)ထံမှ သိရသည်။

မကွေးပရဟိတအဖွဲ့သည် ကိုဗစ်-၁၉ ကာလတစ်လျှောက် အသွားအလာကန့်သတ်စောင့်ကြည့်စင်တာများတွင် လိုအပ်သည့် အစားအသောက်နှင့် အခြားလိုအပ်မှုများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ထောက်ပံ့မှု မရရှိလိုက်ကြဘဲ အခက်အခဲဖြစ်နေကြသည့် ရပ်ကွက်နေပြည်သူများကို လိုက်လံထောက်ပံ့ပေးလျက်ရှိရာ အိမ်ခြေပေါင်း ၃၀၀ ကျော်အား စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၄၀ ဝန်းကျင် ထောက်ပံ့မှုပြုပြီးဖြစ်ကြောင်း သိရှိရသည်။

**ဇေယျတု (မကွေး)**

# မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် နေအိမ်အမိုးလန်ပျက်စီးသွားသော မိသားစုများအား ထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် မေ ၉**
ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် မေ ၈ ရက်က မိုးရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် အမိုးလန်ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များအတွက် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့ ညနေက လောပိတကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။ **(အောက်ပုံ)**

အဆိုပါ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ၊ ဓမ္မစကြာကျေးရွာ၊ လောကထု (ကွက်သစ်)နှင့် လောကထုကျေးရွာများတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် နေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် နေအိမ် ၁၀ လုံးမှ အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၄၂ ဦးတို့အား ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်အုံးလွင်က ဆန်ရိက္ခာအတွက် ငွေကျပ် ၈၅၂၀၀၊ ကျောင်းဆောက်ပစ္စည်းဝယ်ယူရန်အတွက် ငွေကျပ် ၉၀၀၀၀ နှင့် အိမ်ဆောက်ပစ္စည်းဝယ်ယူရန်အတွက် ငွေကျပ် ၅၉၅၀၀၀ စုစုပေါင်း ငွေကျပ် ၇၇၃၂၀၀ ကို အိမ်ထောင်စုအလိုက် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**




❖ *ကျောဖုံးမှ*

အသင်းအတွက် ၁၆၇ ပွဲ ကစားထားပြီး ၂၂ ဂိုးသွင်းယူပေးထားနိုင်ကာ ဂိုးရရှိအောင် ၃၆ ကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ ထို့အပြင် ဂျူဗင်တပ်စ်အသင်းနှင့် အောင်မြင်မှု မှတ်တမ်းတွင်လည်း ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် စီးရီးအေချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့တွင် ကိုပါတီတာ လီယာဖလားကို ဆွတ်ခူးနိုင်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် Supercoppa Italiana ဖလားကို ရရှိအောင် ဆွတ်ခူးနိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**

# မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီး တည်ဆောက်နေမှု ၅၀ ရာခိုင်နှုန်းပြီးစီး

**မြဝတီ မေ ၉**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ငွေကျပ်သိန်း ၇၀၀၀၀ ကျော်အကုန်အကျခံပြီး ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီးတစ်ခု တည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါခေတ်မီယာဉ်ရပ်နားစခန်းကြီးကို စိမ်းလဲ့မြိုင်အဝေးပြေးယာဉ်ရပ်နားစခန်းဟု အမည်ပေးထားပြီး မြဝတီမြို့နှင့် ၃ ကီလိုမီတာအကွာ အေးသုခကျေးရွာအနီးတွင် ၂၀၁၈ ခုနှစ် ၉ လပိုင်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယာဉ်ရပ်နားစခန်းရှိ ကားဂိတ်အခန်းများကို တစ်ခန်းလျှင် ငွေကျပ်သိန်း ၈၀၀ နှင့် ၁၀၀၀ ကြား ရောင်းချသွားမည်ဖြစ်ပြီး အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီစိမ်းလဲ့မြိုင်ခေတ်မီအဝေးပြေး ယာဉ်ရပ်နားစခန်းကြီးကို Stepping Stone ကုမ္ပဏီက လုပ်ပိုင်ခွင့်ရရှိခဲ့ပြီး ကျွန်တော်တို့ MIEG ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာပါ။ ဒီခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ဖို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပြီး ကရင်ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုခွင့်ပြုချက်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ နယ်စပ် မြဝတီမြို့မှာ ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်း မရှိတဲ့အတွက် အဝေးပြေးကားဂိတ်တွေက မြို့ထဲက လမ်းမတွေပေါ်မှာ ရပ်ချင်သလိုရပ်ပြီး ပစ္စည်းအတင်အချတွေ ပြုလုပ်နေကြတာကြောင့် ယာဉ်ကြော ပိတ်ဆို့မှုတွေလည်း နေ့စဉ်နီးပါး ဖြစ်ပေါ်နေရပါတယ်။ ဒါကြောင့် ဒီစိမ်းလဲ့မြိုင်ခေတ်မီအဝေးပြေး ယာဉ်ရပ်နားစခန်းကြီးတစ်ခုကို ငွေကျပ်သိန်း ၇၀၀၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့တာ ဖြစ်ပါတယ်" ဟု MIEG ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်က ပြောသည်။



မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီး တည်ဆောက်နေမှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

အဆိုပါ ယာဉ်ရပ်နားစခန်းကြီးသည် ဧကပေါင်း ၈ ဒသမ ၁ ဧကပေါ်တွင် တည်ဆောက်လျက်ရှိ၍ ကားဂိတ်တစ်ခု၏ အကျယ်မှာ ၁၅ ပေ၊ အရှည် ၃၅ ပေရှိပြီး ဂိတ်အခန်းပေါင်း ၁၁၀ အထိ နှစ်ထပ်တည်ဆောက်သွားမည်ဖြစ်ကာ လာမည့်အောက်တိုဘာလအတွင်း ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ချင်းရွှေဟော်မြို့မှ နေရပ်သို့ ပြန်မည့်သူများအား တွေ့ဆုံ

**လောက်ကိုင် မေ ၉**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ချင်းရွှေဟော်မြို့မှ နေရပ်သို့ ပြန်မည့်သူများအား သွားရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ နေရပ်သို့ ပြန်မည့်သူများ၏ နေရာထိုင်ခင်း၊ အစားအသောက်၊ သွားရေးလာရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးပြီး မော်တော်ယာဉ်များပေါ် ရောက်ရှိနေသည့် နေရပ်ပြန်သူ အမျိုးသား ၁၈၁ ဦး၊ အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၃၀၈ ဦးအား တွေ့ဆုံကာ မိမိတို့နေရပ်ပြန်ရောက်လျှင် သက်ဆိုင်ရာ အသွားအလာကန့်သတ်ထားသည့် စင်တာများတွင် ၂၁ ရက် စောင့်ကြည့်ခံယူရန်၊ ကောင်းမွန်စွာ နေထိုင်သွားကြရန်နှင့် ကိုဗစ်-၁၉ ကာလ သတ်မှတ်စည်းကမ်းများကို လိုက်နာကြရန် မှာကြားသည်။



ထို့နောက် ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးနှင့် တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်ထားမှု အခြေအနေများကို တွေ့ဆုံမေးမြန်း ဆောင်ရွက်ပြီး အသွားအလာကန့်သတ်ထားရှိသည့် နေရာများနှင့် ချင်းရွှေဟော်မြို့ နမ့်ဖာဟော်နယ်စပ်ဂိတ်မှ လတ်တလော ဝင်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ တစ်ဖက် တရုတ်နိုင်ငံမှ ပြန်လာသော်လည်း စိတ်အားငယ်စရာ မလိုကြောင်း၊ မိမိကြောင့် တစ်ပါးသူ စိတ်အနှောင့်အယှက်မဖြစ်အောင် သတ်မှတ်စည်းကမ်းများကို လိုက်နာရန် လိုကြောင်း၊ မိမိတို့နေရပ်ကို အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ နှစ်နိုင်ငံနယ်စပ် ဝင်/ ထွက်ပေါက်ဂိတ်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင် (ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ (COVID-19) Test Kits နှင့် Viral Transport Medium (VTM) များ ပေးအပ်လှူဒါန်းရာတွင် Kookmin Bank မှ အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသော (COVID-19) Test Kits ၃၀၀၀ နှင့် Viral Transport Medium (VTM) ၃၀၀၀ ကိုလည်းကောင်း၊ SK Energy and Sk Trading International မှ အမေရိကန်ဒေါ်လာ ၄၈၀၀၀ နှင့် ညီမျှသော (COVID-19) Test Kits ၄၀၀၀ ကိုလည်းကောင်း အသီးသီး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသစ် (MNA)၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# လူကုန်ကူးမှုခံရသူ အမျိုးသမီးအား မွေးမြူရေးလုပ်ငန်း ထူထောင်ပေး

**မိတ္ထီလာ မေ ၉**

ရမည်းသင်းမြို့နယ်မှ တရုတ်နိုင်ငံသို့ လူကုန်ကူးမှုခံရသူ အမျိုးသမီးအား အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း အမှတ် (၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (မိတ္ထီလာ) မှ သိရသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အမှတ် (၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (၁) မိတ္ထီလာမှ မြို့ပေါ်နှင့် ကျေးလက်ဒေသများရှိ အမျိုးသမီးများနှင့် ကလေးငယ်များ လူကုန်ကူးမခံရစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများနှင့် စာသင်ကျောင်းများသို့ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာမှ လူကုန်ကူးမှုဖြစ်လာပါက လူကုန်ကူးသူများအား ထိရောက်စွာအရေးယူနိုင်စေရန် ဆောင်ရွက်လျက်ရှိသည့်အပြင် လူကုန်ကူးမှုခံရသူများကိုလည်း မိမိနေရပ်သို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအပြင် လူကုန်ကူးမှုခံရသူများအား အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ပြန်လည်ထူထောင်နိုင်စေရန်အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်လျက်ရှိရာမှ ၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံသို့ လူကုန်ကူးမှုခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ရမည်းသင်းမြို့နယ်မှ မ......အား အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ပြန်လည်ထူထောင်ရေးအတွက် အမှတ် (၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (၁) မိတ္ထီလာမှ ဒုတိယရဲမှူး ဝင်းညွန့်၊ မိတ္ထီလာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စမ်းသီတာနိုင်တို့က မေ ၁ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရန်ပုံငွေ ကျပ် ၁၀ သိန်းဖြင့် နွားမနှစ်ကောင်ကို ဝယ်ယူပေးအပ်ခဲ့ကြောင်း အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (၁) မိတ္ထီလာမှ ဒုတိယရဲမှူး ဝင်းညွန့်က ပြောသည်။

ဆက်လက်၍ အမှတ် (၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (၁) မိတ္ထီလာအနေဖြင့် လူကုန်ကူးမှုခံရသူများအား အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ပြန်လည်ထူထောင်နိုင်စေရန်အတွက် ၂၀၁၈ ခုနှစ်မှ ယနေ့အထိ လေးကြိမ်ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ဝန်းသိုမြို့နယ်တွင် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဝန်းသို မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများအတွက် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများမှာ ကံကုန်းကျေးရွာနှင့် ကျောက်တောကျေးရွာတွင် ၄ လက်မစက်ရေတွင်း နှစ်တွင်းနှင့် မှန်လွဲကျေးရွာတွင် ၂ လက်မစက်ရေတွင်း တစ်တွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

စက်ရေတွင်းတူးဖော်ရာတွင် ဖီးလေးကုန်းကျေးရွာအုပ်စု ကံကုန်းကျေးရွာ စက်ရေတွင်းကို ပြည်ထောင်စုဘတ်ဂျက် (မွမ်းမံ) ရန်ပုံငွေဖြင့် စက်ရေတွင်းကို ပေ ၄၀၀၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိသော ရေစက်ရုံတစ်ခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခု၊ ကျောက်တောကျေးရွာ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေကျပ် ၁၃ ဒသမ ၇၁ သန်းဖြင့် ၄ လက်မစက်ရေတွင်းကို ပေ ၄၀၀၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိသော ရေစက်ရုံတစ်ခု၊ ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခုတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလားတူ မှန်လွဲကျေးရွာတွင် အချင်း ၂ လက်မ ပေ ၃၀၀ ရှိသော စက်ရေတွင်းကို တိုင်းဒေသကြီးအစိုးရ အထွေထွေပိုလျှံရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ယင်းစက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးပါက အိမ်ခြေ ၁၇၉၊ လူဦးရေ ၈၉၄ ဦးအတွက် သောက်သုံးရေ လုံလောက်စွာရရှိနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ၎င်းက ဆက်ပြောသည်။

**မွေးကြူဇင်**



○ *ကျောဖုံးမှ*

လူစည်ကားရာ ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများ၌ အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို ဆက်တိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# ရခိုင်ပြည်နယ်၊ ရာမောင်တံတားအနီး ပွိုင့်-၁၁၄ တောင်ကုန်း၌ နေရာယူ၍ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးအား ခြိမ်းခြောက်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ ခြေကုပ်စခန်းအား သိမ်းပိုက်ရရှိ


**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မင်းပြားမြို့နယ်၊ ရာမောင်တံတားအနီး အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းအနီး စိုးမိုးတောင်ကုန်းဖြစ်သည့် ပွိုင့်-၁၁၄ နေရာ၌ အခိုင်အမာနေရာယူ၍ ပြည်သူလူထု သွားလာ အသုံးပြုလျက်ရှိသော လမ်းကြောင်းလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေးကို ခြိမ်းခြောက်လာသည့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ခြေကုပ်စခန်း တစ်ခုကို ယမန်နေ့ ညနေ ၅ နာရီခန့်တွင် သိမ်းပိုက် ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ယခုနှစ် မတ်လမှစတင်၍ ပလက်ဝမြို့ကို ဖြတ်တောက်ပိတ်ဆို့ရန် ကျောက်တော်-ပလက်ဝ လမ်းကြောင်း၊ မတူပီ-ဆမီး-ပလက်ဝ လမ်းကြောင်း များကို ဖြတ်တောက်ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သော ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းကြောင်းပွင့်စေ ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ ရကြောင်း။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် မင်းပြား၊ ကမ်းနီဒေသရှိ နယ်မြေခံ တပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်း တစ်ခုကို မတ်လ ၂၃ ရက်နှင့် ၂၈ ရက်တို့တွင် အင်အား အလုံးအရင်းဖြင့် အလစ်အငိုက်ရယူကာ ဝင်ရောက် တိုက်ခိုက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသင့် ရှိမှုကြောင့် အကျအဆုံးများစွာဖြင့် ထပ်မံ၍ဆုတ်ခွာ ထွက်ပြေးခဲ့ရကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် စစ်တွေ-ရန်ကုန်ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မင်းပြား၊ ရာမောင် တံတား အနီးတစ်ဝိုက်ရှိ ပွိုင့်-၁၁၄ တောင်ကုန်းတွင် နေရာယူကာ လမ်းပန်းဆက်သွယ်မှုအား ဖြတ်တောက် စေရန် နှောင့်ယှက်တိုက်ခိုက်မှုများ စသည့်အကြမ်းဖက်







လုပ်ရပ်များအား ဆက်လက်ဆောင်ရွက်ခဲ့ရာ COVID-19 ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာများကို ရန်ကုန်မြို့သို့ ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော် ယာဉ်အား ဧပြီ ၂၀ ရက် ညနေပိုင်းတွင်လည်းကောင်း၊ CPS ပိုးသတ်ဆေး ကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင် လာသည့် ယာဉ်အား ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အပြင် ခရီးသည်ယာဉ်၊ ကုန်တင်ယာဉ်များနှင့် ကိုယ်ပိုင် မော်တော်ယာဉ်များကိုလည်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ ခြိမ်းခြောက်ခြင်းဖြင့် ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်မှုများကို အကြိမ်ကြိမ်ဆောင်ရွက် ခဲ့ကြောင်း။

ယင်းသို့ ပြည်သူလူထုသွားလာ အသုံးပြုလျက် ရှိသည့် လမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့မှုများ ဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်လုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါနေရာတစ်ဝိုက်အား ဧပြီ ၂၀ ရက်မှစတင်၍ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ ပွိုင့်-၁၁၄ တောင်ကုန်းအနီးရှိ ၎င်းတို့အခိုင်အမာနေရာယူထားသည့် နေရာ ၅ နေရာကို အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မဆုတ်မနစ်သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ယမန်နေ့ညနေ ၅ နာရီခန့်တွင် ၎င်းတို့နေရာယူထားရှိသည့် ပွိုင့်-၁၁၄ တောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် AA အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက် ဒဏ်ရာ၊ ရရှိခဲ့ကြောင်းနှင့် နယ်မြေဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံစေရေး နယ်မြေစိုးမိုးရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

**သတင်းစဉ်**

# ရွှေဘို၊ ဘုတလင်၊ မြင်းမူမြို့နယ်တို့၌ မီးလောင်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးကာ တစ်ဦးသေဆုံး

## ရွှေဘို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာ၌ မေ ၉ ရက် နံနက် ပိုင်းက မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် နှစ်လုံး မီးလောင်ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

မေ ၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာ၌ မီးလောင်နေကြောင်း သတင်းအရ ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ် ယာဉ် နှစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ရှင် ဦးအောင်မြင့်ကျော် (၂၇ နှစ်) ၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိထရံသို့ မီးကူးစက်ကာ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ပြီး ဦးကျော်ဌေး၏ နေအိမ်သို့ ထပ်မံကူးစက်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ရှင် ဦးအောင်မြင့်ကျော်၏ လူနေအိမ် တစ်လုံးနှင့် ဦးကျော်ဌေး၏ လူနေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးစတင် လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သော အိမ်ရှင် ဦးအောင်မြင့်ကျော် (၂၇ နှစ်) သည် မီးလောင်စဉ် အိပ်ပျော်နေသဖြင့် မီးလောင်သေဆုံးခဲ့သည်။ မီးငြိမ်းသတ်စဉ် ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူးရုံးမှ တပ်သား အောင်ကျော်ကျော်မှာ မီးသတ်ယာဉ် ပေါ်မှ ပြုတ်ကျ၍ ဘယ်ဘက်ပခုံး ညှပ်ရိုးကျိုးသဖြင့် ရွှေဘို ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးအောင်မြင့်ကျော် (သေဆုံး) အား ရွှေဘိုမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ဘုတလင်

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာတွင် မေ ၉ ရက် နံနက် ၄ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် လေးလုံးနှင့် အခြား အဆောက်အအုံများ၊ ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ စီပါကျေးရွာတွင် ဦးကျောက်ရင်၏ နေအိမ်ရှိ မြေစိုက်မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးဖိုဆောင်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာမှ ဦးကျောက်ရင်၏ လူနေအိမ် တစ်လုံး၊ နွားစာတဲ တစ်လုံးအပါအဝင် လူနေအိမ် လေးလုံးနှင့် ဈေးဆိုင် တစ်ဆိုင်၊ အိမ်ဆောက်ရန် စုဆောင်းထားသော


ရွှေဘိုမြို့နယ်၌ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။

သစ်ခွဲသားများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းပြီး မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ ကွပ်ကဲရေးယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်းနှင့် စီပါကျေးရွာမှ မီးပေါ့ဆသူ ဦးကျောက်ရင်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြင်းမူ

မြင်းမူမြို့နယ် စိုင်မြစ်ကျေးရွာတွင် မေ ၈ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ် ခန့်က ရွာအရှေ့ပိုင်း လူမနေသည့် နေအိမ်တံစက်မြိတ်ကို တစ်ရွာတည်းနေ ဝင်းဇော်လင်းက ဂက်စ်မီးခြစ် ဖြင့် မီးရှို့လိုက်ရာမှ မီးစတင်လောင်ကျွမ်းရာ အိမ်ခြေ ၄၅ လုံး၊ လယ်ထွန်စက် တစ်စီး မီးထဲပါသွားပြီး အိမ်ထောင်စု ၅၁ စု အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း၊ လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရ သည်။

မီးလောင်ရာသို့ မြင်းမူမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ၊ တောချောင်းဦးမီးသတ်၊ အရာတော်မီးသတ်ကား စုစုပေါင်း ၁၂ စီး လာရောက် မီးငြိမ်းသတ်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တောချောင်းဦးနယ်မြေရဲစခန်းက ဝင်းဇော်လင်း (၄၁ နှစ်) စိုင်မြစ်ရွာ မြင်းမူမြို့နယ်နေသူအား အမှုဖွင့်အရေးယူထားသည်။

**၀၇၇**

# ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်အတွင်း ကျူးလွန်ခဲ့သော လူပြန်ပေးမှု နှစ်မှုနှင့် လူသတ်ရန် အားထုတ်မှုမှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ


ဝဲယာမှ စိုင်းရှဲန်မိုင်း (ခ) အိုက်ဟန်၊ ဦးအင်းရှဲန် (ခ) လုံးရှဲန်၊ စိုင်းမား(ခ) အိုက်မား၊ စိုင်းကာခမ်း (ခ) ကပ်ခမ်း / ကပ်ဘူးမားတို့အား တွေ့ရစဉ်။

**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် မယ်ယမ်းကျေးရွာနေ ဒေါ်အိခက် (၄၂ နှစ်) သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီခွဲက နေအိမ်အပေါ်ထပ်၌ အိပ်နေစဉ် လျှာထိုးဦးထုပ်များ ကိုယ်စီဆောင်းထားကြပြီး အနက်ရောင် နှာခေါင်းစည်းများ ဝတ်ဆင်ထားသည့် လူလေးဦးက နေအိမ်သို့ ဝင်ရောက်၍ ၎င်းတို့စီးလာသော CROWN အမျိုးအစား ယာဉ်ပေါ်သို့ အတင်းအဓမ္မခေါ်ဆောင်သွားသဖြင့် ခင်ပွန်းဖြစ်သူ ဦးဟိုက်တိုင် (၅၃ နှစ်) က တိုင်တန်းမှုကြောင့် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နှင့် ဧပြီ ၄ ရက် နံနက် ၁၁ နာရီက တာချီလိတ်မြို့နယ် ဆီလီငေါက် ကျေးရွာနေ ကိုစိုင်းအောင်ခမ်းအား လူတစ်စုက ပြန်ပေး ဆွဲခေါ်ဆောင်သွားပြီး ဘတ်ငွေ ၁၀၅ သိန်းပေးသဖြင့် ပြန်လွှတ်ခဲ့သော်လည်း တာချီလိတ်မြို့ မယ်ယမ်းနှင့် ဝမ်စောက်ခုံကြားရှိ ကားလမ်းဘေးတွင် သေနတ်ဖြင့် လိုက်လံပစ်ခတ်ခံရကာ ကျည်မထွက်၍ လွတ်မြောက်ခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

အထက်ပါ သတင်းအရ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ် ဆောင်ရွက်ခဲ့ပြီး မိုင်းဖြတ်မြို့နယ် ဟိုခန့်ကျေးရွာနေ ဦးအင်းရှဲန်(မိ)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ PAJERO-IO ယာဉ်တစ်စီးနှင့် ၎င်းပိုင် ရော်ဘာခြံအတွင်း လူနေအိမ် အောက်ထပ်မှ လုပ်သေနတ် တစ်လက်၊ ခြောက်လုံးပြူး ဂက်စ်သေနတ် တစ်လက်၊ ပွိုင့် ၃၈ ဘို့ကျည် လေးတောင့်၊ M 22 ကျည်အိမ် တစ်ခု၊ ၇.၆၂ ကျည် ၂၇ တောင့်နှင့် ဆိုင်ကယ် တစ်စီးတို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အမှုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ စိုင်းကာခမ်းအား တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် သစ္စာလမ်းမပေါ်တွင် Crown ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စိုင်းရှဲန်မိုင်း (ခ) အိုက်ဟန် (မိ)၊ အိုက်တွီး (မမိ)၊ အိုက်မွန်း (မမိ) တို့နှင့်အတူ ဒေါ်အိခက်အား Crown ယာဉ် နှစ်စီးဖြင့် မိုင်းယုမြို့နယ် ဝမ်ကျိုင်းရွာအနီး ရော်ဘာခြံရှိ အိုက်မား (ခ) စိုင်းမား (မိ) ၏ တဲသို့ ခေါ်ဆောင်ကာ ဒေါ်အိခက်၏ မောင်ထံမှ ဘတ်ငွေသိန်း ၁၉၀ တောင်းခံရာ ဘတ်ငွေ ၁၂ သိန်း ရရှိခဲ့ကြောင်းနှင့် စိုင်းရှဲန်မိုင်း (ခ) အိုက်ဟန်က ဘတ်ငွေ ၆ သိန်း ရယူကာ လက်နက်ခဲယမ်းများနှင့် Crown ယာဉ် တစ်စီးတို့ ဝယ်ယူပြီး အင်းရှဲန် (ခ) လုံးရှဲန်၏ တောင်ကုန်းတဲတွင် ထားရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူ စိုင်းကာခမ်း (မိ)၊ စိုင်းရှဲန်မိုင်း (ခ) အိုက်ဟန် (မိ)၊ အိုက်တွီး (မမိ)၊ အိုက်မွန်း (မမိ) တို့ လေးဦးသည် ကိုစိုင်းအောင်ခမ်းအား ပြန်ပေးဆွဲခေါ်ဆောင်သွားပြီး ဘတ်ငွေ ၁၀၅ သိန်း တောင်းခံခဲ့သဖြင့်လည်းကောင်း၊ ကိုစိုင်းအောင်ခမ်းနှင့် ၎င်း၏ မိခင်ဖြစ်သူ ဒေါ်နန်းရှဲန်အွန်အား သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့သဖြင့်လည်းကောင်း ၎င်းတို့အား တာချီလိတ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားရှိပြီး အထက်ပါ ပြစ်မှုကျူးလွန်သူ လေးဦးသည် တာချီလိတ်မြို့မရဲစခန်းမှ အမှုကိုလည်း ကျူးလွန်ခဲ့သူများဖြစ်သည်ကို ဖော်ထုတ်ရရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၉**

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် (၁၁) နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၇ လမ်း၊ ၅၂ လမ်းနှင့် ပြင်ဦးလွင်လမ်းကြားနေ မ---အား ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာအုပ်စု မြို့တောကျေးရွာနေ ဝင်းမြင့်နှင့် ဇနီး အိအိဖြူ (ခ) နန်းခမ်းမွန်တို့က တရုတ်နိုင်ငံရှိ မိုးကာစက်ရုံတွင် အလုပ်လုပ်ရမည်ဟု လိမ်လည်ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသား တစ်ဦးထံ ရောင်းစားခဲ့မှုအား မဟာအောင်မြေမြို့နယ်၊ အမှတ် (၉) မြို့မရဲစခန်း (ပ)၇၆၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ- ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မန္တလေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၇ ရက်တွင် တရားခံ ဝင်းမြင့်နှင့် အိအိဖြူ (ခ) နန်းခမ်းမွန်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ - ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၁)နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမာရွတ်မြို့နယ်၌ လုယက်မှုကျူးလွန်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက် သီရိမင်္ဂလာ ၂ လမ်းမပေါ်တွင် မေ ၇ ရက် ည ၇ နာရီခွဲခန့်က ပြည်သူတစ်ဦးထံမှ လူနှစ်ဦးက ဓားထောက်ကာ လုယက်မှုဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ ရဲမှူး မျိုးမြင့်နှင့်အဖွဲ့၊ အုပ်ချုပ်မှုအကူတပ်ဖွဲ့မှ ရဲအုပ် အောင်ကိုသန့်နှင့် အဖွဲ့၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးတင်အောင်ဖြိုး၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ် နိုင်လင်းဦး ဦးဆောင်သောအဖွဲ့၊ ကမာရွတ်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် လွှမ်းမိုးနှင့်အဖွဲ့တို့သည် CCTV သက်သေနှင့်အတူ အဖွဲ့ငယ်များ ဖွဲ့စည်း၍ ပြစ်မှုကျူးလွန်သူနှစ်ဦးအား အသေးစိတ်လိုက်လံစုံစမ်းခဲ့ရာ ယနေ့နံနက် ၁၁ နာရီခန့်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း ကျောက်တံတားသမ္ဗန်ဆိပ်တွင် လုယက်မှုကျူးလွန်ထားကြောင်း သတင်းရရှိသူ ကိုကိုဦး (၃၂) နှစ်နှင့် ပူးပေါင်းပါဝင်သူ ဟန်မင်းဦး(ခ) ကုလားတို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**


ပြစ်မှုကျူးလွန်သူနှစ်ဦးအား သက်သေခံပစ္စည်းနှင့်အတူ တွေ့ရစဉ်။

# မြောက်ဥက္ကလာပမြို့နယ်ရှိ စတိုးဆိုင်မှ ငွေနှင့် လူသုံးကုန်ပစ္စည်းများ လုယက်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၉**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဂ) ရပ်ကွက် ခေမာသီလမ်းမ ဆေးတက္ကသိုလ် (၂)ရှေ့ရှိ G&G စတိုးဆိုင်တွင် မေ ၆ ရက် ည ၇ နာရီ မိနစ် ၂၀ က အရောင်းဝန်ထမ်း ကို - - - - ရှိနေစဉ် ဆိုင်အတွင်းသို့ ပြောက်ကျားလျှာထိုးဦးထုပ် နောက်ပြန်ဆောင်းထားပြီး မျက်နှာတွင် နှာခေါင်းစည်းတပ်၍ ဘောင်းဘီတိုနှင့် ရှပ်အင်္ကျီအပြာ ဝတ်ဆင်ထားသည့် အမျိုးသား တစ်ဦး ရောက်ရှိလာကာ ဆိုင်အတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ၎င်းဝယ်ယူမည့် ပစ္စည်းများအား ငွေရှင်းကောင်တာပေါ်သို့တင်၍ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်ကပ်အတွင်းမှ အသွားနှစ်လက်မခန့်ရှိ မောင်းချဓားကို ထုတ်ပြ၍ ကို - - - - အား ငွေကောင်တာအနားသို့ မကပ်ရန် ပြောဆိုကာ ကောင်တာအံဆွဲအတွင်းရှိ ငွေစက္ကူရောရာ ကျပ် ၅၁၀၀၀ ကို နှိုက်ယူပြီး ကောင်တာပေါ်တွင် ၎င်းတင်ထားသည့် Code 10 Gel တစ်ဘူး၊ Sink-N-shine လိုးရှင်း တစ်ဘူး၊ Nivea For Men မျက်နှာသစ် တစ်ဘူး၊ Be Nice Cherry Ber ရေချိုးဆပ်ပြာ တစ်ဘူး၊ Clear Cool Sport Men ခေါင်းလျှော်ရည် တစ်ဘူး ပစ္စည်းမျိုးစုံ တန်ဖိုး ၁၁၇၀၀ ကျပ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၂၇၀၀ အား ယူဆောင်သွားသဖြင့် ကို - - - - က အရေးယူပေးရန် တိုင်တန်းခဲ့သည်။


ပြစ်မှုကျူးလွန်သူ သိမ့်အောင်ကျော် (ခ) ချမ်းမြေ့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အမှုမှ ပြစ်မှုကျူးလွန်သူ အမြန်ဖော်ထုတ် ဖမ်းဆီးရမိရေး ဆောင်ရွက်ရန် ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုနှင့် အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် အရှေ့ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ မြောက်ဥက္ကလာပ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အခင်းဖြစ်နေရာနှင့် ပတ်ဝန်းကျင်အား စုံစမ်းမေးမြန်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် အောင်မေတ္တာလမ်း အမှတ် ၁၉ နေ သိမ့်အောင်ကျော် (ခ) ချမ်းမြေ့ (၂၁) နှစ်ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။ သိမ့်အောင်ကျော် (ခ) ချမ်းမြေ့ကို မေ ၉ရက် ညနေပိုင်းတွင် ပြစ်မှုကျူးလွန်စဉ် စီးနင်းအသုံးပြုသည့် ဆိုင်ကယ်နှင့်အတူ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

**မူးယစ်ကင်းစင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# အိန္ဒိယနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဒဏ်ခံမြို့တော် အာမဒါဘတ်၏ လမ်းမများနှင့် အဆောက်အအုံများအပေါ် ဒရုန်းယာဉ်များနှင့် မီးသတ်ကားများဖြင့် ပိုးသတ်ဆေးများဖျန်း

**အာမဒါဘတ် မေ ၉**

တင်းကျပ်သည့် အသွားအလာကန့်သတ်မှုကို မထီမဲ့မြင် ပြုသည့် ဒေသခံများနှင့် လုံခြုံရေးတပ်ဖွဲ့များကြား ပဋိပက္ခ ဖြစ်ပွားပြီး နာရီအတော်ကြာပြီးနောက် အိန္ဒိယနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဒဏ်ခံ မြို့တော်ဖြစ်သည့် အာမဒါဘတ်၏ လမ်းမများပေါ် မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် မေ ၉ ရက်က ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တိုးပွားလာခြင်းကို တိုက်ဖျက်နေသည့် အိန္ဒိယနိုင်ငံ၏ အနောက်ပိုင်းမြို့တော် ဖြစ်သည့် လူဦးရေ ၅ ဒသမ ၅ သန်းနေထိုင်သော အာမဒါဘတ်မြို့သည် ဒေသဆိုင်ရာအာဏာပိုင်များအတွက် အဓိက စိုးရိမ်ပူပန်မှုကြီးတစ်ခု ဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်း ၂၀၀၀ ရှိသည့်အနက် အာမဒါဘတ်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၄၃ ဦး ရှိသည်။ ထို့အတူ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိကြောင်း ၁၀ ရာခိုင်နှုန်းအောက်သာ အတည်ပြု ထုတ်ပြန်နိုင်သေးသည်။ ထို့အပြင် ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုကို ဂူဂျာရက်ပြည်နယ်ကလည်း ဆိုးရွားစွာခံစားခဲ့ရကြောင်း သိရသည်။

မောင်းသူမဲ့ဒရုန်းယာဉ်များသည် ဝေဟင်မှ ပိုးသတ်ဆေးများဖျန်းနေစဉ် မီးသတ်ကားများနှင့် အခြားယာဉ်များက လမ်းမများနှင့် အဆောက်အအုံအပြင်ဘက်ပိုင်းကို ပိုးသတ်ဆေးများ ဖျန်းပေးနေသည်။



မီးသတ်ကားသုံးပြီး အဆောက်အအုံများပေါ် ပိုးသတ်ဆေးဖျန်းနေသည်ကို တွေ့ရစဉ်။

မိမိတို့သည် ပိုးသတ်ဆေးများကို မြို့အနှံ့ဖျန်းပေးရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ယာယီမြို့တော် အုပ်ချုပ်ရေးမှူး ရာဂျစ်ဂုပ်တာက ပြောသည်။ အိန္ဒိယနိုင်ငံတွင် မတ် ၂၅ ရက်မှစကာ အသွားအလာကန့်သတ်မှုများ ပြုလုပ်ခဲ့ရာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု အရှိန်မြှင့်လာသည့် အာမဒါဘတ်တွင် ပိုမိုတင်းကျပ်စွာ ကန့်သတ်မှုများပြုလုပ်ခဲ့သည်။

အရန်တပ်ဖွဲ့ဝင် ရာပေါင်းများစွာက ပြည်သူများအား လမ်းမထွက်ရန်နှင့် စတိုးဆိုင်များကို အနည်းဆုံး သီတင်းပတ်တစ်ပတ်ခန့် ပိတ်ထားရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။ မေ ၈ ရက်ညပိုင်းက လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျောက်တုံးဖြင့် ပစ်ပေါက်သော ဒေသခံများကို မျက်ရည်ယိုဓာတ်ငွေ့ ပစ်ခတ်သတိပေးမှုများ ပြုလုပ်ခဲ့ပြီး အနည်းဆုံးလူ ၁၅ ဦး ကို ဖမ်းဆီးခဲ့ရသည်။ ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လည်း အဆိုပါနေရာများတွင် တိုးမြှင့်ချထားကြောင်း သိရ သည်။

အိန္ဒိယအာဏာပိုင်များသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်အောင် အထူးဂရုပြုဆောင်ရွက်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ကုမ္ပဏီလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အိန္ဒိယ၏ အစိတ်အပိုင်းအတော်များများတွင် အသွားအလာကန့်သတ်မှုများ လျှော့ချပေးရန် စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အသွားအလာ ကန့်သတ်မှုများထားရှိသည့်တိုင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာနှင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးပြောကြားထားသည်။

**အေအက်ဖ်ပီ**

# ဆိုက်ရောက်သူများအတွက် သီတင်းပတ်နှစ်ပတ်ကြာ အသွားအလာကန့်သတ်မှုကို ဗြိတိန်စတင်

**လန်ဒန် မေ ၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ပေးရန် ပြည်သူများ၏ တောင်းဆိုမှုများနှင့် ရင်ဆိုင်နေရသည့်ကြားက ဗြိတိန်အစိုးရသည် နိုင်ငံတကာ ဆိုက်ရောက်မှုများအတွက် သီတင်းပတ်နှစ်ပတ်ကြာ အသွားအလာကန့်သတ်မှုကို စတင်ရန် စီစဉ်နေကြောင်း အစီရင်ခံစာတစ်ခုတွင် မေ ၉ ရက်က ဖော်ပြလိုက်သည်။

ဗြိတိန်သည် ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုကို စပိန်နှင့် အီတလီပြီးလျှင် အဆိုးဆုံး ခံစားခဲ့ရသည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ အိမ်နီးချင်း အိုင်ယာလန်နိုင်ငံမှ ဝင်ရောက်မည့်သူများမှလွဲ၍ ဗြိတိန်သို့ လေကြောင်း၊ ရေကြောင်းနှင့် ရထားလမ်းကြောင်းမှ ဝင်ရောက်လာမည့်သူ အားလုံးသည် သီတင်းပတ် နှစ်ပတ်ကြာ အသွားအလာကန့်သတ် စောင့်ကြည့်မှုခံရမည်ဖြစ်ကြောင်း သည်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

အသစ်စတင်မည့် စည်းမျဉ်းအသစ်တွင် ခရီးသွားများ၏ ပေးထားသည့် နေရပ်များကိုလည်း ရှောင်တခင်ဝင်ရောက် စစ်ဆေးမည် ဖြစ်ကြောင်းနှင့် ဖောက်ဖျက်မှု၊ မကိုက်ညီမှု တစ်စုံတစ်ရာ တွေ့ရှိပါက ပေါင် ၁၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၀၀၊ ယူရို ၁၁၀၀) သို့မဟုတ် ပြည်နှင်ဒဏ် ပေးမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အဆိုပါအစီအစဉ်ကို မေ ၁၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ သီတင်းပတ်နှစ်ပတ်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှုကို မေလအကုန်တွင် စတင်မည်ဖြစ်ကြောင်း အစိုးရသတင်းရင်းမြစ်များနှင့် ယူကေလေကြောင်းလိုင်း၏ သတင်းရင်းမြစ်များကို ကိုးကား၍ ဘီဘီစီက ဖော်ပြသည်။

ယခုသီတင်းပတ် နောက်ဆုံး ဗြိတိန်ဝန်ကြီးချုပ် မိန့်ခွန်းပြောကြားမှုမတိုင်မီ အစိုးရက တစ်နိုင်ငံလုံးအသွားအလာကန့်သတ်မှုကို ကြီးကြီးမားမား ဖြေလျှော့ပေးမည် မဟုတ်ကြောင်း သတိပေး ပြောကြားထားသည်။

ဗြိတိန်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိသူ ၃၁၀၀၀ ကျော်သည် ယခုအခါ သေဆုံးသွားပြီဖြစ်သည်။

**အေအက်ဖ်ပီ**



ဗြိတိန်ရှိ ရထားဘူတာရုံတစ်ရုံတွင် ခရီးသွားလာသူများ တွေ့ရစဉ်။



အမေရိကန်ပြည်ထောင်စုရှိ စူပါမားကတ်တစ်ခုတွင် ဈေးဝယ်နေသူများကိုတွေ့ရစဉ်။

# အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေး ပြန်လည်ဖွင့်လှစ်လိုက်သည့် ပြည်နယ် ၁၁ ခုတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံကူးစက်မှု အလွန်လျင်မြန်သည့်နှုန်းဖြင့် မြင့်တက်လျက်ရှိ

**ဝါရှင်တန် မေ ၉**

အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်များအနက် မေ ၈ ရက်က စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လိုက်သော ပြည်နယ် ၁၁ ခုတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံကူးစက်မှုအရေအတွက်သည် အလွန်လျင်မြန်သည့်နှုန်းဖြင့် မြင့်တက်လာကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မေ ၉ ရက်က ဖော်ပြလိုက်သည်။

စီးပွားရေးလုပ်ငန်းများ ပြန်လည်မစတင်မီကာလနှင့် နှိုင်းယှဉ်လျှင် ယခုအခါတွင် ဝစ္စကွန်ဆင်နှင့် တင်နက်ဆီပြည်နယ်များတွင် တစ်နေ့တည်း သေဆုံးမှုနှုန်း များပြားလာသည်ကို တွေ့မြင်ရသည်။

မေ ၄ ရက်က ဝါရှင်တန်တက္ကသိုလ်ရှိ သုတေသီများက စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် အမေရိကန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဖြင့် သေဆုံးမှုပမာဏသည် ဩဂုတ်လအစောပိုင်းကာလတွင် ၁၃၅၀၀၀ နီးနီး မြင့်တက်လာနိုင်ကြောင်း ပြောကြားထားသည်။

ကယ်လီဖိုးနီးယားတွင်လည်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာအကွာအဝေးဖြင့် ဆိုင်အပြင်ဘက်တွင် ဝယ်ယူမှုပြုလုပ်ရမည့် အနေအထားဖြင့် မေ ၈ ရက်က စာအုပ်ဆိုင်များ၊ ပန်းဆိုင်များ၊ အထည်ဆိုင်များနှင့် အားကစားပစ္စည်းရောင်းချသည့်ဆိုင်များ ပြန်လည်ဖွင့်လှစ်လိုက်သည်။

လတ်တလောတွင် အမေရိကန်ပြည်ထောင်စု၌ တစ်နေ့ချင်းစီတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံကူးစက်ခံရသူပေါင်း ၂၀၀၀၀ ရှိကြောင်း သိသည်။ **အင်န်အိတ်ချ်ကေ**

## ဒုတိယသမ္မတ မိုက်ပန့်စ်၏ ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ဝါရှင်တန် မေ ၉**

အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတ မိုက်ပန့်စ်၏ ပြောရေးဆိုခွင့်ရအမျိုးသမီးတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိသည့် ဒုတိယမြောက်အိမ်ဖြူတော်ဝန်ထမ်းတစ်ဦး ဖြစ်လာကြောင်း အရာရှိများက ယမန်နေ့က ပြောကြားလိုက်သည်။ ထို့ကြောင့် အိမ်ဖြူတော်အရာရှိများအကြား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအပေါ် ထိတ်လန့်စိုးရွံ့လာကြောင်းလည်း သိရသည်။

မိုက်ပန့်စ်၏ ပြောရေးဆိုခွင့်ရ အမျိုးသမီးပုဂ္ဂိုလ် ကေတီမီလာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်များကို မေ ၈ ရက်က အတိအလင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အပါးတော်မြဲတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ရှိကြောင်း အိမ်ဖြူတော်အရာရှိများက အတည်ပြုပြောကြားပြီးနောက် ယခုလိုကြေညာချက် ထပ်မံထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်သမ္မတထရမ့် အစိုးရအဖွဲ့က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် ပြည်သူလူထုကို နှာခေါင်းစည်းများတပ်ဆင်ရန် တိုက်တွန်းထားသည်။

သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သော်လည်းကောင်း၊ ဒုတိယသမ္မတ မိုက်ပန့်စ်သော်လည်းကောင်း တရားဝင်ခရီးစဉ် သွားလာမှုများတွင် နှာခေါင်းစည်းမတပ်ဆင်ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့သည် နေ့တိုင်း ကိုရိုနာဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးမှုခံယူနေရကြောင်း သိရသည်။ သို့သော်လည်း ကျွမ်းကျင်သူများက ကိုရိုနာဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းသည် တခြားစီဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယား၌ ကလပ်သွားရာမှ ကိုဗစ်–၁၉ နောက်ထပ်ကူးစက်ခံရမှုများ ဖြစ်ပေါ်



ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရာ အီတေဝန်စီရင်စုမှ ဆိုင်များကို တွေ့ရစဉ်။

**ဆိုးလ် မေ ၉**

တောင်ကိုရီးယားတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ နောက်ထပ် ၁၈ ဦးကို တွေ့ရှိခဲ့သည်။ ၎င်းတို့ထဲမှ ၁၂ ဦးမှာ ဆိုးလ်မြို့မှဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများက ၎င်းတို့နှင့် ထိတွေ့ဆက်ဆံသူများကို ခြေရာခံလိုက်ရာတွင် ကလပ်တက်သည့်သူများနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရှိခဲ့ရသည်။

တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ထုတ်ပြန်ချက်များအရ ဒေသတွင်း ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၀၈၄၀ ရှိပြီး ၂၅၆ ဦး သေဆုံးခဲ့သည်ဟု သိရသည်။

ယခုထပ်မံတွေ့ရှိသည့် ကူးစက်ခံရသူများမှာ ဆိုးလ်မြို့ရှိ အီတေဝန်စီရင်စုမှ နိုက်ကလပ်တက်ကြသူများနှင့် ဆက်စပ်မှုရှိနေပြီး ယင်းကိစ္စနှင့် ပတ်သက်ပြီး တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက အတိအကျ သတင်းထုတ်ပြန်ခဲ့ခြင်း မရှိပေ။

အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မေ ၆ ရက်က ၎င်း၌ ကိုဗစ်– ၁၉ ကူးစက်ခံထားရသည်ဟု မသိရသေးခင် အီတေဝန်ရှိ ကလပ်သို့သွားခဲ့ကြောင်း၊ ၎င်းနှင့် ဆက်စပ်ကာ ၁၅ ဦးခန့် ကူးစက်ခံထားရကြောင်း မေ ၈ ရက်တွင် အာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

ယင်းသတင်းကြောင့် ဆိုးလ်မြို့တော်ဧရိယာတစ်ဝိုက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရမှု မြင့်တက်လာမည်ကို စိုးရိမ်နေရသည်။ မေ ၉ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် ဗိုင်းရပ်စ်ထိတွေ့မိသော သူအားလုံးကို ရှာဖွေနိုင်ရေး အစွမ်းကုန်ကြိုးစားမည်ဟု တောင်ကိုရီးယားဝန်ကြီးချုပ် ချောင်ဆီကျန်းက ပြောကြားခဲ့သည်။

နိုက်ကလပ်များ၊ ဟိုတယ်များနှင့် အလားတူလုပ်ငန်းများကို တစ်လကြာ ပိတ်ထားရန် အာဏာပိုင်များက အမိန့်ထုတ်ထားပြီးဖြစ်သည်။

**ပီတီအိုင်**

# အမေရိကန်မှ အသက်ရှူအထောက်အကူပြုကိရိယာ ၈၀၀၀ ကို နိုင်ငံခြားသို့ တင်ပို့နိုင်ရေးစီစဉ်

**ဝါရှင်တန် မေ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံအတွင်း အသက်ရှူအထောက်အကူပြုကိရိယာများ အမြောက်အမြား ထုတ်လုပ်သွားရန် တောင်းဆိုလျက်ရှိပြီး ဇူလိုင်လကုန်တွင် အသက်ရှူအထောက်အကူပြုကိရိယာ ၈၀၀၀ ကို နိုင်ငံခြားသို့တင်ပို့သွားနိုင်ရေး စီစဉ်လျက်ရှိသည်။ ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် အကူအညီပေးနိုင်ရေး ယခုလို စီစဉ်ရခြင်းဖြစ်သည်။ ကိုဗစ်– ၁၉ စတင် ကူးစက်ခါစ အစောပိုင်းနေ့ရက်များတွင်မူ စက်လုံလောက်မှု မရှိမည်ကို ကျန်းမာရေးလုပ်သားများက စိုးရိမ်ခဲ့ကြသည်။


အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားသည့် လူနာခန်းကို တွေ့ရစဉ်။

ယခုအခါတွင်မူ အသက်ရှူအထောက်ကူပြုကိရိယာများသည် အမေရိကန်၌ ပိုလျှံနေပြီး အခြားနိုင်ငံများသို့ တင်ပို့ရန်ပင် စီစဉ်နေပြီဖြစ်သည်။ အသက်ရှူအထောက်အကူပြုကိရိယာ ဘယ်လောက်များများ နိုင်ငံခြားသို့ တင်ပို့မည်ကိုမူ အိမ်ဖြူတော်က အသေးစိတ်မပြောခဲ့ ပေ။ နိုင်ငံခြားတိုင်းပြည်များမှ ကျန်းမာရေးစနစ်ကို အထောက်အကူပြုနိုင်ရေး အသက်ရှူအထောက်အကူပြုကိရိယာ ၈၀၀၀ နီးပါးကို ထောက်ပံ့ပေးမည်ဟု ယင်းကိစ္စနှင့် နီးစပ်သည့် အရာရှိတစ်ဦးကပြောသည်။

အသက်ရှူအထောက်အကူပြု ကိရိယာ ထုတ်လုပ်သည့်စက်ရုံ ကိုးရုံ ရှိသည်ဟု အမေရိကန်သမ္မတ ထရမ့်က ပြောသည်။ အမေရိကန်သည် အခြားသော နိုင်ငံများသို့ အသက်ရှူ အထောက်အကူပြု ကိရိယာများ ပေးပို့ခဲ့သည်။ အချို့သောနိုင်ငံများသည် စက်ဝယ်ယူရာ၌ မော်ဒယ်အနိမ့် အမြင့်ပေါ်မူတည်၍ ဒေါ်လာ ၅၀၀၀ မှ ၃၀၀၀၀ ထိပေးရသည်ဟုလည်း ပြောဆိုကြသည်။

သို့သော် ယင်းကိစ္စနှင့် ပတ်သက်ပြီး တိတိကျကျ မသိရပေ။ သမ္မတ ထရမ့်ကမူ အသက်ရှူအထောက်အကူပြု ကိရိယာကို ပေးလှူမည်ဟု အစောပိုင်း သီတင်းပတ်များက ပြောကြားခဲ့သည်။

**ပီတီအိုင်**

# အင်ဒိုနီးရှားတောမီးမှ မီးခိုးငွေ့များကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါခံစားရမှု ပိုမိုဖြစ်ပွားနိုင်

**ဂျကာတာ မေ ၉**

အင်ဒိုနီးရှားနိုင်ငံတွင် တောင်ယာရှင်းလင်းခြင်းနှင့် တောမီးလောင်မှုတို့မှ ထွက်လာသော မီးခိုးများကြောင့် ကိုဗစ်–၁၉ ထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို ထိခိုက်လာနိုင်သည်ဟု သိရသည်။

အင်ဒိုနီးရှားအစိုးရသည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်– ၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်လာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကို ဖြေရှင်းရန် အရေးပေါ်အစီအစဉ် မရှိသေးပေ။


အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်မှုကို ငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်လာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာသည် ကိုဗစ်– ၁၉ လက္ခဏာနှင့် ဆင်တူသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဝန်ဒရာဝါဝန်ရန်တူက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

ယင်းရောဂါနှစ်ခုကြောင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ခေါင်းခဲစရာ ဖြစ်လာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်ယာ ရှင်းလင်းခြင်းနှင့် တောမီးရှို့ခြင်းတို့သည် လယ်သမားများ လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး ယင်းနည်းလမ်းကို ဆီအုန်းစိုက်ပျိုးရာတွင် အဓိကအသုံးပြုသည်ဟု သိရသည်။

မေ ၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ တောမီးရှို့မှုပေါင်း ၇၅၆မှု တွေ့ရှိခဲ့ပြီး ယခင်နှစ်က ၁၂၂၂ မှု တွေ့ရှိခဲ့ရာ မီးရှို့သည့်အရေအတွက် လျော့ကျသွားသည်ကိုတွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံတွင်မေ ၉ ရက်အထိ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၃၁၁၂ ဦး ရှိပြီး သေဆုံးသူ ၉၄၃ ဦးရှိခဲ့ရာ မီးခိုငွေ့များကြောင့် ကိုဗစ်–၁၉ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အနှောင့်အယှက်ဖြစ်လာမည်ကို အချို့သော ကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။

**ကျိုဒိုနယူးစ်**

## မနီလာမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်မှု ခွင့်ပြု

**မနီလာ မေ ၉**

ဖိလစ်ပိုင်နိုင်ငံရှိ နီနွိုင်အကွီနို အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေယာဉ်ဆင်းသက်မှုများကို မေ ၁၁ ရက်မှစတင်ကာ ခွင့်ပြုမည်ဟု ဖိလစ်ပိုင် ပြည်သူ့လေကြောင်း အာဏာပိုင်အဖွဲ့က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

### ခွင့်ပြုပေးမည်

မေ ၁၁ ရက်မှ စတင်ကာ အပြည်ပြည်ဆိုင်ရာမှ စင်းလုံးငှား လေယာဉ်များ၊ အခြားသောစီးပွားရေးလေယာဉ်များ နီနွိုင်အကွီနို အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်မှုကို ခွင့်ပြုမည်ဖြစ်ပြီး မေ ၁၁ ရက်မှ ဇွန် ၁၀ ရက်အထိ ကန့်သတ်မှုများဖြင့် ခွင့်ပြုပေးမည်ဟု သိရသည်။

### ကန့်သတ်မှုများရှိ

နိုင်ငံအတွင်း အခြားသော အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်လည်း သူ့စည်းကမ်းချက်နှင့်သူ ကန့်သတ်မှုများ ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ စင်းလုံးငှားလေယာဉ်များသည် တနင်္လာနေ့မှ သောကြာနေ့အထိ ဆင်းသက်ခွင့်ရှိပြီး စီးပွားရေးလေယာဉ်များသည် အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ဆင်းသက်ခွင့်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## ဘရူနိုင်းနိုင်ငံ၌ မေ ၉ ရက်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူမရှိ

**ဘန်ဒါဆီရီဘီဂါဝန် မေ ၉**

ဘရူနိုင်းနိုင်ငံ၌ မေ ၉ ရက်တွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ မတွေ့ရှိရသဖြင့် ကူးစက်ခံရသူ ဦးရေမှာ ၁၄၁ ဦးတွင် ရပ်တန့်နေသည်။ ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မေ ၉ ရက်တွင် ပြန်လည်ကျန်းမာလာသူလည်း မရှိပေ။

ထို့ကြောင့် ဘရူနိုင်းတွင် ပိုးကင်းစင်သူအရေအတွက်မှာ ၁၃၂ ဦး ရှိသည်။ အမျိုးသား သီးခြားစောင့်ကြည့်ရေးဗဟိုဌာနတွင် ကုသမှုခံယူနေသူစုစုပေါင်း ရှစ်ဦးရှိသည်။ လူနာနှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိသော်လည်း မေ ၉ ရက်အထိ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးရသူ မရှိသေးပေ။

အသွားအလာကန့်သတ်စောင့်ကြည့်နေရသူ ၁၃၂ ဦး ရှိပြီး လူပေါင်း ၂၅၇၅ မှာ အသွားအလာစောင့်ကြည့်ကန့်သတ်မှုကာလ ပြီးဆုံးသွားပြီဖြစ်သည်။ ဓာတ်ခွဲနမူနာပေါင်း ၁၅၄၈၂ ကို ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရာဇီးတွင် ကိုဗစ် - ၁၉ကြောင့် သေဆုံးသူ ၁၀၀၀၀ ခန့် ရှိလာ

**ရီယိုဒီဂျနေရိုး မေ ၉**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူဦးရေမှာ ၇၅၁ ဦး ရှိလာသည့်အတွက် စုစုပေါင်းသေဆုံးသူဦးရေသည်၉၈၉၇ဦးဖြစ်လာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုစဉ် ကိုဗစ်- ၁၉ ကူးစက်ခံရမှုနှုန်းမှာ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ၁၀၂၂၂ ထပ်မံတွေ့ရှိခဲ့ရသည့်အတွက် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၄၅၃၂၈ ဦး အထိရှိလာသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည့် ဆော်ပိုလိုမြို့တွင် ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်ကာ ယင်းမြို့၌ သေဆုံးသူ ၃၄၁၉ ဦး ရှိပြီး ကူးစက်ခံရသူ ၄၁၈၃၀ ရှိသည်။ ရီယိုဒီဂျနေရိုးမြို့တွင် သေဆုံးသူ ၁၅၀၃ ရှိပြီး ကူးစက်ခံရသူ ၁၅၇၄၁ ဦးရှိသည်။ ဆီရာမြို့တွင် သေဆုံးသူ ၉၆၆ဦး ရှိပြီး ကူးစက်ခံရသူ ၁၄၉၅၆ ဦးရှိသည်။

**ဆင်ဟွာ**

### ခရီးသွားလာခွင့် ကန့်သတ်မှု တိုးချဲ့ရန် အဖွဲ့ဝင်နိုင်ငံများကို အီးယူ တိုက်တွန်း

**ဘရပ်ဆဲလ် မေ ၉**

ဇွန်လ ၁၅ ရက် မတိုင်ခင်အထိ ခရီးသွားလာခွင့် ကန့်သတ်မှုကို တိုးမြှင့်ထားရန် ဥရောပသမဂ္ဂ(အီးယူ)က အဖွဲ့ဝင် နိုင်ငံများကို တောင်းဆိုထားသည်။

ကိုဗစ်- ၁၉ ကူးစက်မှုကို တားဆီးရန် မတ်လမှစတင်ကာ ခရီးသွားလာခွင့်ကို ပိတ်ပင်ထားခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ပြင်ပသို့ မလိုအပ်ဘဲ ခရီးသွားလာခြင်းကို မတ်လအတွင်းမှ စတင်ကာ ကန့်သတ်ထားခြင်းဖြစ်သည်။

သို့သော် အချို့သောဥရောပနိုင်ငံများတွင် ယခုအခါ ကိုဗစ်-၁၉ ကူးစက်ခံရမှုနှင့် သေဆုံးမှု လျော့ကျလာသည့်အတွက် ကန့်သတ်မှုများကို ဖြေလျှော့ပေးလျက်ရှိသည်။ ဥရောပနိုင်ငံအချို့တွင် ကူးစက်ခံရမှု လျော့ကျလာသော်လည်း လက်ရှိအခြေအနေမှာ တစ်ကမ္ဘာလုံးအနှံ့ စိုးရိမ်ဖွယ်ရာဖြစ်နေသေးကြောင်း ဥရောပကော်မရှင်နာ မာဂရက်တစ် ရီနက်စ်က ပြောသည်။

အီးယူ အဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံတို့၌ ကိုဗစ် -၁၉ ကူးစက်ခံရမှုမှာ ၁ ဒသမ ၂ သန်း ကျော်လွန်သွားပြီဖြစ်သည်။ ယင်းပမာဏသည် ကမ္ဘာပေါ်၌ ကူးစက်ခံရမှုနှုန်း၏ ၃၀ ရာခိုင်နှုန်းပင် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်- ၁၉ နဲ့အတူ နောက်ထပ်ခြိမ်းခြောက်လာတဲ့ အလုပ်လက်မဲ့ ပြဿနာ

◇◇◇◇◇◇ ချူးစန္ဒီဌေး ◇◇◇◇◇◇

**ကပ်ရောဂါကြောင့် အမေရိကန်တစ်လွှားမှာရှိတဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေနဲ့ ဈေးဆိုင်တွေ ပိတ်ထားရတဲ့အတွက် တစ်လတာအတွင်းမှာပဲ အလုပ်နေရာဆုံးရှုံးမှုတွေဟာ အဆမတန် များပြားခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးအကြီးဆုံးနိုင်ငံလို့ ဆိုရမယ့် အမေရိကန်မှာ ဧပြီလတစ်လတည်းမှာပင် အလုပ်လက်မဲ့ ဖြစ်သွားရတဲ့ အရေအတွက်ဟာ ၂၀ ဒသမ ၅ သန်း ရှိပါတယ်။**

## အလုပ်လက်မဲ့နှုန်း ခုန်တက်



နယူးယောက်မြို့၌ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြသူများကို မေ ၈ ရက်က တွေ့ရစဉ်။

မတ်လအတွင်းက အလုပ်လက်မဲ့နှုန်းဟာ ၄ဒသမ ၄ ရာခိုင်နှုန်းသာ ရှိခဲ့ပေမယ့် ဧပြီလကို ရောက်တဲ့အခါမှာတော့ ၁၄ ဒသမ ၇ ရာခိုင်နှုန်း အထိ ခုန်တက်သွားပါတယ်။ ဒီအချက်အလက်တွေအားလုံးဟာ အလုပ်သမားဌာနရဲ့ လစဉ်တင်ပြနေကျ အစီရင်ခံစာအရ သိရတာဖြစ်ပြီး နိုင်ငံတစ်ဝန်း ပိတ်ဆို့ကန့်သတ်မှုတွေ တင်းတင်းကျပ်ကျပ် လုပ်ဆောင်တဲ့ အချိန်ကစလို့ ဒီပမာဏဟာ မြင့်တက်သွားတာပဲဖြစ်ပါတယ်။ အခုဆိုရင် ကိုဗစ်- ၁၉ ရဲ့ ကူးစက်မှု ဗဟိုချက်မနေရာဟာ အမေရိကန်နိုင်ငံ ဖြစ်နေပြီး မေ ၇ ရက်အထိ သေဆုံးသူပေါင်း ၇၅၀၀၀ ရှိနေပါပြီ။ ကူးစက်ခံရသူ အရေအတွက်ကတော့ ၁ ဒသမ ၂ သန်း ရှိပါတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ဖော်ပြမှုအရ သိရပါတယ်။ စီးပွားရေး ပျက်စီးရမှုကတော့ လျင်လျင်မြန်မြန် ဖြစ်ပေါ်ခဲ့ပြီး ဘယ်သူမှ ထင်မှတ်မထားလောက်အောင်ကို ပျက်စီးဆုံးရှုံးခဲ့ပါတယ်။

## ပိုမိုဆိုးရွား

၂၀၀၉ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ နှစ်နှစ်ကြာ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကာလမှာ ကမ္ဘာ့စီးပွားရေးဟာ အကြီးအကျယ် ထိခိုက်ခံရပြီး အလုပ်လက်မဲ့ဦးရေ ၈ ဒသမ ၆ သန်း အထိ ရှိခဲ့ပါတယ်။ ပြန်လည်နာလန်ထူလာတဲ့ ကာလဖြစ်တဲ့ ၂၀၁၀ ဖေဖော်ဝါရီလနဲ့ ၂၀၂၀ ဖေဖော်ဝါရီလအတွင်း အလုပ်နေရာပေါင်း ၂၃ သန်းကို ပြန်လည်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ၁၉၃၉ ခုနှစ် နောက်ပိုင်းကစလို့ အမေရိကန်မှာရှိတဲ့ဆောက်လုပ်ရေး၊ ကုန်စည်နဲ့ ထုတ်လုပ်ရေး ကုမ္ပဏီလုပ်ငန်းတွေ တစ်ရှိန်ထိုး ကျဆင်းသွားတာဟာဆိုရင် လွန်ခဲ့တဲ့လက အဆိုးဆုံးလို့ ပြောရမှာပါပဲ။ မတ်လအတွင်းမှာ အလုပ်နေရာဆုံးရှုံးမှုတွေ ပေါ်ပေါက်လာတာဟာဆိုရင် အစောပိုင်းကာလ အစီရင်ခံ တင်ပြထားတာတွေထက် ပိုပြီးဆိုးရွားပါတယ်။

## အလုပ်နေရာ ပြန်ဖန်တီးပေးမယ်

အလုပ်ရုံတွေ၊ လုပ်ငန်းတွေ ပိတ်ထားရတာဟာ မတ်လရဲ့ နောက်ဆုံးနှစ်ပတ်မှာ လုပ်ဆောင်ခဲ့တာဖြစ်ပေမယ့် လူပေါင်း ၈၇၀၀၀၀ ခန့် အလုပ်လက်မဲ့ ဖြစ်ရပါတယ်။ အဓိကလုပ်ငန်းတွေမှာ အလုပ်ခန့်ထားနိုင်မှုဟာလည်း သိသိသာသာကြီးကို ကျဆင်းသွားခဲ့ပါတယ်။ အပန်းဖြေလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ ပထမဆုံးထိခိုက်ရတဲ့ လုပ်ငန်းတွေဖြစ်ခဲ့ပါတယ်။ ပိတ်ဆို့ကန့်သတ်မှုတွေ စတင်တဲ့အခါ ၇ ဒသမ ၇ သန်းဟာ အလုပ်လက်မဲ့ဖြစ်သွားရပါတယ်။ တချို့သော အလုပ်သမားတွေဟာ အလုပ်ပြုတ်သွားပြီဖြစ်ပေမယ့် အလုပ်သမားစာရင်းထဲမှာ မှားယွင်းထည့်သွင်းမှုတွေလည်း ရှိခဲ့တယ်လို့ အလုပ်သမားရေးဌာနက သတိပြုမိခဲ့ပါတယ်။ အမေရိကန်သမ္မတ ထရမ့်ကတော့ ဒီအလုပ်လက်မဲ့ ပမာဏဟာ မျှော်လင့်ထားပြီးသားပါ။ ဒီလူတွေအတွက် အလုပ်နေရာဖန်တီးပေးဖို့ ကတိပေးတယ်လို့ မေ ၈ ရက်က ပြောခဲ့ပါတယ်။

## အလုပ်လက်မဲ့နှုန်း တိုးလာနိုင်

အခုဆိုရင် အမေရိကန်ဟာ တကယ့် တိုက်ပွဲကြီးကို ဆင်နွှဲနေတာပါပဲ။ ဒီလူတွေ အလုပ်ပြန်ရရမယ်လို့ ထရမ့်က ဖောက်စ် သတင်းဌာနနဲ့ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ပါတယ်။ ကိုဗစ်- ၁၉ ကပ်ရောဂါဟာ အလုပ်သမားတွေအားလုံးကို နှိပ်စက်သွားတာကတော့အမှန်ပါပဲ။ တချို့သောအလုပ်သမားတွေဟာ အလုပ်ကနေထွက်ဖို့ ဖိအားပေးခံရသလို တချို့ကျပြန်တော့လည်း အချိန်ပြည့် အလုပ်ကနေ အချိန်ပိုင်းအလုပ်အဖြစ် ပြောင်းလဲလုပ်ကိုင်ဖို့ ဖိအားပေးတာကို ခံရပါတယ်။ မတ်လလယ်ကစလို့ အလုပ်လက်မဲ့ဦးရေဟာ တရိပ်ရိပ်မြင့်တက်လာပြီး ၃၃ ဒသမ ၅ သန်းအထိ ရှိလာပါတယ်။ ဒါဟာ ဘာကို ဖော်ပြနေသလဲဆိုရင် အလုပ်လက်မဲ့နှုန်းဟာ နောက်လည်း ထပ်တိုးလာနိုင်တယ်ဆိုတဲ့ အခြေအနေပါပဲ။

“ မတ်လအတွင်းမှာ အမေရိကန်လွှတ်တော်ကနေ ဘဏ္ဍာရေး အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ ၃ ထရီလီယံ ကူညီပေးဖို့ အတည်ပြုပေးခဲ့ပေမယ့် ကြောက်ရွံ့နေရမှုတွေကတော့ ဆက်လက်ရှိနေတုန်းပါပဲ။ ကိုဗစ်- ၁၉ ကပ်ရောဂါကို တားဆီးနှိမ်နင်းနိုင်ရေးအတွက် ကုမ္ပဏီအချို့ကို ပိတ်ထားရပြီး အဲဒီကုမ္ပဏီတွေ ပြန်မဖွင့်နိုင်တော့မှာ လုံးဝပျက်သုဉ်းသွားမှာကို စိုးရိမ်ကြောက်လန့်နေရမှုတွေကတော့ ရှိနေတုန်းပါပဲ”

## စိုးရိမ်ကြောက်လန့်နေရဆဲ

ဒီအခြေအနေဟာ ကျွန်တော်တို့ တွေးထင်ထားတာထက်ပိုပြီး ဆိုးရွားနေတယ်လို့ စီးပွားရေး ပညာရှင်တစ်ဦးဖြစ်သူ ဂျို့နာအော့ဖ်က ပြောပါတယ်။ တကယ်လို့များ လူပေါင်းသန်း ၄၀ အလုပ်လက်မဲ့ဖြစ်သွားမယ်ဆိုရင် အလုပ်လက်မဲ့နှုန်းဟာ ၂၅ ရာခိုင်နှုန်း ဒါမှမဟုတ် ဒီထက်များချင်လည်း များသွားနိုင်မလား ဆိုပြီး သိချင်နေမိတယ်လို့ သူကဆက်ပြောပါတယ်။ ဒါဟာ တကယ်ကို ကြောက်စရာကောင်းတဲ့အခြေအနေပါပဲ။ ၁၉၃၀ ပြည့်နှစ် စီးပွားပျက်ကပ်ကာလတွေတုန်းက ဖြစ်ရပ်တွေကို ပြန်မြင်နေရသလိုပဲလို့ နာအော့ဖ်က ပြောပါတယ်။ မတ်လအတွင်းမှာ အမေရိကန်လွှတ်တော်ကနေ ဘဏ္ဍာရေး အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ ၃ ထရီလီယံ ကူညီပေးဖို့ အတည်ပြုပေးခဲ့ပေမယ့် ကြောက်ရွံ့နေရမှုတွေကတော့ ဆက်လက်ရှိနေတုန်းပါပဲ။ ကိုဗစ်- ၁၉ ကပ်ရောဂါကို တားဆီးနှိမ်နင်းနိုင်ရေးအတွက် ကုမ္ပဏီအချို့ကို ပိတ်ထားရပြီး အဲဒီကုမ္ပဏီတွေ ပြန်မဖွင့်နိုင်တော့မှာ၊ လုံးဝပျက်သုဉ်းသွားမှာကို စိုးရိမ်ကြောက်လန့်နေရမှုတွေကတော့ ရှိနေတုန်းပါပဲ။

## ကနေဒါရဲ့ အလုပ်လက်မဲ့ပြဿနာ

အမေရိကန်လိုပါပဲ။ ကနေဒါနိုင်ငံမှာလည်း လွန်ခဲ့တဲ့ နှစ်လတာကာလအတွင်းမှာ လူဦးရေ သုံးသန်းခန့်ဟာ အလုပ်နေရာ လျှော့ချတဲ့အထဲမှာ ပါသွားပါတယ်။ အလုပ်လက်မဲ့နှုန်းဟာ ဧပြီလအတွင်းမှာ ၁၃ ရာခိုင်နှုန်းရှိတယ်လို့ ကနေဒါအစိုးရက မေ ၈ ရက်မှာ ဖော်ပြခဲ့ပါတယ်။ ပြည်နယ်အားလုံးမှာ စီးပွားရေး ကျဆင်းရတာဖြစ်ပေမယ့် ကွီးဘတ်မှာတော့ ကိုဗစ် - ၁၉ ကူးစက်ခံရမှုနဲ့ လူသေမှုအများဆုံးဖြစ်ပြီး လူပေါင်း ၈၂၀၀၀၀ လည်း အလုပ်လက်မဲ့ဘဝကို ရောက်သွားရပါတယ်။ ကနေဒါနိုင်ငံရဲ့ အဓိကမြို့သုံးမြို့ဖြစ်တဲ့ တိုရွန်တို၊ မွန်ထရီရယ်နဲ့ ဗန်ကူဗာမြို့တို့မှာလည်း အလုပ်အကိုင်အနေအထားဟာ သိသိသာသာကြီး ကျဆင်းသွားပါတယ်။ တချို့သော အလုပ်သမားတွေကတော့ ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ထားတဲ့ကာလအတွင်းမှာ အလုပ်ကနေ ယာယီရပ်စဲ နေရတာသာဖြစ်ပြီး ပိတ်ဆို့ကန့်သတ်မှုကာလ ပြီးသွားရင်တော့ အလုပ်ပြန်ရနိုင်တယ်လို့ ကနေဒါနိုင်ငံရဲ့ စာရင်းအချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

## ကားစက်ရုံလည်ပတ်မှု ရပ်နားခိုင်း

ပြင်သစ်နိုင်ငံမှာဆိုရင်လည်း ကိုဗစ်- ၁၉ ကြောင့် Renault ကားစက်ရုံကို ပိတ်ထားဖို့ မေ ၇ ရက်မှာ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ ပြင်သစ်နိုင်ငံ မြောက်ပိုင်း ဆန်ဒိုဗန်မှာ တည်ထားတဲ့ ကားစက်ရုံဟာ ဧပြီ ၂၈ ရက်မှ ထုတ်လုပ်ရေးလုပ်ငန်းတွေ ပြန်စတင်ခဲ့ပြီး လုံလောက်တဲ့ ကာကွယ်မှုတွေ မရသေးဘူးလို့ ဆုံးဖြတ်ချက်ချတာကြောင့် ပြင်သစ်တရားရုံးကနေ စက်ရုံလည်ပတ်တာကို ရပ်နားထားဖို့ အမိန့်ထုတ်ခဲ့တာပါ။ အဲဒီစက်ရုံဟာ မတ် ၁၆ ရက်ကစပြီး ကိုဗစ်- ၁၉ အန္တရာယ်ကြောင့် စက်ရုံလည်ပတ်မှု ရပ်နားထားရတာလည်း ဖြစ်ပါတယ်။ အဲဒီစက်ရုံမှာ အလုပ်သမားပေါင်း ၂၀၀၀ အလုပ်လုပ်ကိုင်နေကြပါတယ်။

## အမေဇုန်ကုမ္ပဏီလည်း စည်းကမ်းတင်းကျပ်

အမေရိကန် အွန်လိုင်းကုန်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီကြီးဖြစ်တဲ့ အမေဇုန်ကိုလည်း ပြင်သစ်နိုင်ငံမှာ လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေ စည်းကမ်းတင်းကျပ်ထားဖို့ ဝန်ထမ်းတွေ ဗိုင်းရပ်စ်ကူးစက်နိုင်တဲ့ အခြေအနေတွေကို သုံးသပ်ဖို့ အမိန့်ထုတ်ထားပါတယ်။ ပြင်သစ်နိုင်ငံမှာရှိတဲ့ အမေဇုန်ပစ္စည်းဖြန့်ဖြူးရေးစင်တာကိုလည်း မေ ၁၃ ရက်မတိုင်ခင်အထိ ပိတ်ထားမယ်လို့ သိရပါတယ်။ ကမ္ဘာအနှံ့ စက်ရုံ၊ အလုပ်ရုံတွေ၊ လုပ်ငန်းတွေ ပိတ်ထားရတာနဲ့ အမျှ အလုပ်လက်မဲ့ဦးရေ ပိုပိုတိုးပွားလာတာကလည်း အမှန်ပါပဲ။ ။

**ကိုးကား -အေအက်ဖ်ပီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၉-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၅) ခု၊ စုစုပေါင်း (၂၇၃)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၇၈) ဦးရှိပြီဖြစ်ပါသည်။

၃။ (၉-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁)ဦး (Case- 143) ရှိခဲ့သဖြင့် စုစုပေါင်း (၆၈) ဦးရှိပြီး ၎င်းတို့အနက် (၄၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၈-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၉-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၅၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၁၇၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၆၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၉-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၉-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

ဇယား -၁

COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိမရှိ / | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 178 | ၄၉ နှစ် | မ | မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -98) | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

# ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီး နားမြို့ရှိ ဒူကထောင်နယ်မြေ (၄)၊ (၅)၊ (၁၄)၊ တပ်ကုန်း ဂါလီလဲ၊ တပ်ကုန်း မောနွေလ IDP စခန်းနှင့် မိုးညှင်းမြို့ရှိ စိန်ပတ်ထရိတ်ဘုရားကျောင်း IDP စခန်း စုစုပေါင်းခြောက်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၆၆ ဘူး ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အုန်းတောချေ၊ ဘောဒူဖ (၁)၊ ဘောဒူဖ(၂)၊ အုန်းတောကြီး (တောင်)၊ အုန်းတောကြီး(မြောက်)၊ ဒါးပိုင်၊ မော်သီညာ၊ ဘာဆာရာ၊ ဆေး သမားကြီး၊ သဲချောင်း၊ သက္ကယ်ပြင်နှင့် ခေါင်းဒုက္ကာ IDP စခန်း စုစုပေါင်း ၁၂ ခုသို့ သွားရောက်၍ လက်ဆေးစင် ၁၇၀ အားလည်းကောင်း၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ မဟာဇေယျာသိဒ္ဓိပဌာန်း၊ အလိုတော်ပြည့်၊ ဗုဒ္ဓမော်၊ ဆုတောင်းပြည့်၊ ကယုချောင်း၊ အမျိုးသားကျောင်း၊ ဒက္ခိုင်းကျောင်း၊ နန်းရွှေဂူကျောင်း၊ ဓမ္မာရာမကျောင်း၊ မဏိရတနာကျောင်း၊ ဆည်ကြီးကျောင်း၊ သာသနာ့ဗိမာန်ကျောင်းနှင့် မဟာအောင်မြေဘုံကျောင်း ယာယီတိုက်ပွဲရှောင်စခန်း စုစုပေါင်း ၁၄ ခုသို့ သွားရောက်၍ လက်ဆေးစင် ၁၄ ခု ထောက်ပံ့ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ရှိ (၃)ရပ်ကွက် ကာသိုလိပ်ဘုရားကျောင်း၊ ကာလိုင်(၁)၊ ကာလိုင်(၂)၊ (၅)ရပ်ကွက် နှစ်ခြင်းအသင်းတော်ရုံး နှင့် (၆)ရပ်ကွက် မူကြိုကျောင်း IDP စခန်း စုစုပေါင်းငါးခုသို့ သွားရောက်၍ အပူချိန်တိုင်းကိရိယာတစ်ခု၊ လက်ဆေးဆပ်ပြာ ၄,၃၈၂ ခဲ၊ ထုံး ၅၀ အိတ်တို့ကို ထောက်ပံ့ပေးခဲ့ပြီး စခန်းအတွင်းရှိ လူစုဝေးရာနေရာများဖြစ်သည့် ရေချိုးခန်း၊ အိမ်သာ၊ လက်ဆေးရာနေရာများ၊ ရေမြောင်းများ၊ အမှိုက်ကန်များအနီးတွင် ထုံးဖြူးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်

**သံတောင်ကြီး မေ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ယနေ့ နံနက်၇ နာရီက ရပ်ကွက်(၄)လမ်းဆုံနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူများ အပြင်ထွက်တိုင်း နှာခေါင်းစည်းများတပ်ဆင်ပြီးမှသာလျှင် သွားလာကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ လိုက်နာကြစေရန်၊ ဒေသန္တရအမိန့်များကို သိရှိလိုက်နာကြစေရန်အတွက် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်း၊ အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို သံတောင်ကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ သံတောင်ကြီးအမျိုးသမီးများအဖွဲ့၊ ကိုဗစ်-၁၉ ကြီးကြပ်မှုကော်မတီတို့က ပူးပေါင်းဆောင်ရွက်ပြီး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဟိုလီ(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လပွတ္တာမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေး



လပွတ္တာ မေ ၉

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် မေ ၈ ရက်က လပွတ္တာမြို့ မြို့ဝင်စစ်ဆေးရေးဂိတ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စေတနာ့ ဝန်ထမ်းများ၏ အခြေအနေ၊ တာဝန်ချထားမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လက်ရှိ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ မြို့နယ်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုထိရောက် ကောင်းမွန်ကြောင်း ဆွေးနွေးမှာကြားသည်။**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် နှာခေါင်းစည်းများ၊ လက်အိတ်များ၊ လက်သန့်ဆေးရည်၊ ဖုန်းဆင်းကတ်နှင့် ဖုန်းငွေဖြည့်ကတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လပွတ္တာမြို့သစ် အ.ထ.က (၃)မိုင်ကျောင်း၊ အိမ်တွင်းမှု သင်တန်းကျောင်းနှင့် စက်မှုလက်မှုသင်တန်း ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းနောက် လပွတ္တာမြို့နယ် အတွင်းရှိ ရဲတံခွန်အားကစားခန်းမ အလျား ၉၄ ပေ၊ အနံ ၅၄ ပေ ရှိ ပါကေးခင်းထားမှုကို လည်းကောင်း၊ အမှတ်(၇) ရပ်ကွက်ရှိ သြဘာလမ်း အရှည်ပေ ၁၉၅၀၊ အနံ ၃၆ ပေ၊ ထု ရှစ်လက်မ ရှိသော ကွန်ကရစ်လမ်းအား လမ်းဦးစီးဌာနမှ လမ်းခင်းနေမှုကို လည်းကောင်း၊ အမှတ်(၉)ရပ်ကွက် ၁၃ ကေခွဲရှိသောက်သုံးရေကန် ပြန်လည်ပြုပြင်မှုအခြေအနေ ကို လည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ဟားခါး မေ ၉**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံမှု ရှိစေရေးအတွက် မြန်မာကိုင်ဒိုကုမ္ပဏီမှ ဆန်အိတ်များ၊ ဆီဘူးများနှင့် အလှူငွေများ ပေးအပ်ခြင်းနှင့် ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာကိုင်ဒိုကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဦးအောင်ကျော်ဦးက ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် လှူဒါန်းရခြင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ဗုဒ္ဓသာသနာ့တာဝန်ထမ်းဆောင်လျက်ရှိကြသော သံဃာတော်များနှင့် သီလရှင်ဆရာတော်များအတွက် ဆွမ်းနှင့် ဝေယျာဝစ္စ အခက်အခဲမရှိစေရေးအတွက် ဆန်၊ ဆီနှင့် အလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကာလအတွင်း စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ဆန်အိတ် ၃၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ချင်းပြည်နယ် တောင်တန်းသာသနာပြုအဖွဲ့ သံဃာတော်များနှင့် သီလရှင်ဆရာတော်များအတွက် ဆန်အိတ် ၂၀၀ နှင့် ဆီနှစ်လီတာဝင်ဘူး ၆၆ ဘူး၊ မင်းတပ်မြို့နယ် တောင်တန်းသာသနာပြုကျောင်းများအတွက် ဆန်အိတ် ၃၅၀ နှင့် ဆီ နှစ်လီတာဝင်ဘူး ၁၅၄ ဘူး၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများဖြစ်သော ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၊ Glove ၂၀၀၀၊ အပူချိန်တိုင်းကိရိယာ သုံးခု၊ အသက်ရှူစက်တစ်ခု၊ Suction Machine တစ်ခုတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က လည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ချင်းပြည်နယ် ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် ပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးရုံးများရှိ အလှူရှင်များမှ အလှူငွေကျပ် ၂၅ သိန်းကို ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**





# အပြင်ထွက်တိုင်း Mask တပ်ပါ



ကိုဗစ်ကို အတူတိုက်ထုတ်ကြစို့

Bloomberg Philanthropies
Partnership for Healthy Cities
Vital Strategies
LET'S BEAT COVID TOGETHER

မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။


# တနင်္သာရီ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**တနင်္သာရီ မေ ၉**

တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင် နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ် ကျန်းမာရေး၊ မြို့နယ်မီးသတ်ဦးစီး၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ် (လဝက) ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ချောင်းကြီးရပ်ကွက်၊ ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။

ယင်းသို့ နှာခေါင်းစည်း တပ်ဆင်ရေး လှုပ်ရှားမှု ပြုလုပ်ရာတွင် မည်သည့်ကိစ္စပဲဖြစ်ဖြစ် အပြင်ထွက်လျှင် နှာခေါင်းစည်း တပ်ဆင်ပြီးမှ ထွက်ကြရန်နှင့် နှာခေါင်းစည်း တပ်ဆင်ကြရေး ပညာပေးခြင်းနှင့် နှာခေါင်းစည်း မတပ်ဆင်ကြသူများ တွေ့ရှိပါက ငွေကျပ် ၅၀၀၀ နှင့် ညီမျှသော နှာခေါင်းစည်း ၁၀ ခု ဝယ်ယူပြီး တပ်ဆင်စေခြင်းအား တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ သုခလမ်းဆုံ နှင့် တနင်္သာရီတံတားထိပ်တွင် လည်းကောင်း၊ ချောင်းငယ်ရပ်ကွက်ရှိ အောင်မင်္ဂလာဈေးရှေ့နှင့် မွန်စု-ဇောဓိကမ်း ကူးတို့ဆိပ်တို့တွင် လည်းကောင်း လေးနေရာခွဲ၍ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှာခေါင်းစည်း မတပ်ဆင်သူ ၂၈ ဦးကို ငွေကျပ် ၅၀၀၀ နှင့် ညီမျှသော နှာခေါင်းစည်း ၁၀ ခုစီ ဝယ်ယူတပ်ဆင်စေခြင်း ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**


စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။

# သီပေါအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အဲဗားရှိုင်းကုမ္ပဏီက တစ်ဦးလျှင် ဆန်တစ်အိတ်၊ ဆီ သုံး ပိဿာလှူဒါန်း




သီပေါ မေ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရန်ပုံငွေလက်ခံရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်မှတစ်ဆင့် ကိုဗစ်-၁၉ ကာလအတွင်း ဝန်ထမ်းများစားနပ်ရိက္ခာအခက်အခဲ မရှိစေရေးအတွက် အဲဗားရှိုင်းလားရှိုးကုမ္ပဏီလီမိတက်မှထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက် ၉ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က စားနပ်ရိက္ခာလှူဒါန်းခြင်းအတွက် ဂုဏ်ပြုစကားပြောကြားပြီး အဲဗားရှိုင်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချိုအိအိလှိုင်က ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားအစပြုသည့်နေ့မှ ယနေ့တိုင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများအား တက်စွမ်းသမျှကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၁၀၂ ဦးတို့အား တစ်ဦးလျှင် ဆန်တစ်အိတ်နှင့် ဆီသုံးပိဿာစီတို့ကို တာဝန်ရှိသူများက ဝန်ထမ်းတစ်ဦးချင်း ကူညီပေးအပ်ခဲ့သည်။ ဆက်လက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်နန်းစမ်းစမ်းအေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မြိတ်မြို့ အသွားအလာများသည့် နေရာလေးနေရာတွင် နှာခေါင်းစည်းမတပ်ဆင်ဘဲ ဖြတ်သန်းသွားလာသူများအား သွားလာခွင့်မပြု

**မြိတ် မေ ၉**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြိတ်မြို့ရှိ ပြည်သူလူထုအားလုံး အပြင်ထွက်ပါက နှာခေါင်းစည်း တပ်ဆင်သွားလာကြစေရန်အတွက် မေ ၉ ရက် နံနက်ပိုင်းက အသွားအလာများသည့် နေရာလေးနေရာတွင် နှာခေါင်းစည်း မတပ်ဆင်ထားသူများကို စစ်ဆေးရေးအဖွဲ့များက သွားလာခွင့်မပြုဘဲ ပညာပေး၍ လှည့်ပြန်စေကာ နှာခေါင်းစည်း တပ်ဆင်စေလျက်ရှိသည်။

"ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ထိန်းချုပ်ရေးအတွက် ထပ်ပြီး အဆင့်မြှင့်တင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတာ ရှိပါတယ်။ အပြင်ထွက်လို့ရှိရင် ကိုယ်စီကိုယ်စီ နှာခေါင်းစည်းတပ်ဖို့ ထုတ်ပြန်ထားတာ ရှိပါတယ်။ ဒီအပေါ်မှာ ပြည်သူလူထုတချို့က လိုက်နာမှုရှိသလို တချို့က လိုက်နာမှု အားနည်းတာတွေ ရှိတဲ့အတွက်ကြောင့် ပြည်သူလူထုအနေနဲ့ အပြင်ထွက်တဲ့အခါမှာ အားလုံး နှာခေါင်းစည်းတပ်ဖို့အတွက် အဓိကထားပြီး ဒီလုပ်ငန်းစဉ်ကို ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က ပြောသည်။




မြိတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကာလ၌ လမ်းသွားလမ်းလာများအား နှာခေါင်းစည်း တပ်ဆင်သွားလာရန် ပညာပေးခြင်း၊ ဆော်ဩခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်မှုများ ရှိခဲ့သော်လည်း ပြည်သူတချို့မှာ လိုက်နာမှုအားနည်းလျက်ရှိရာ ယမန်နေ့က နှာခေါင်းစည်းမတပ်ဆင်ဘဲ ဖြတ်သန်းသွားလာသူများကို ပညာပေး၍ နှာခေါင်းစည်းများ ဝေငှပေးခဲ့ပြီး ယနေ့တွင် သွားလာခွင့်မပြုတော့ဘဲ နှာခေါင်းစည်းများ တပ်ဆင်စေခဲ့ကြသည်။

နှာခေါင်းစည်း မတပ်ဆင်ဘဲ ဖြတ်သန်းသွားလာသူများကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကာ ဗိုလ်ချုပ်ကြေးရုပ် အရှေ့လမ်းဆုံ၊ ကမ်းနားလမ်း ကဏန်းရုပ်လမ်းဆုံ၊ နာရီစင်လမ်းဆုံ၊ စန်းသီရိလမ်းဆုံတို့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြသည်။ မေ ၁၀ ရက်မှ စတင်ကာ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း အပြင်ထွက်ပါက နှာခေါင်းစည်း တပ်ဆင်ခြင်း မရှိသူများကို ဒဏ်ငွေကျပ် ၅၀၀၀ သတ်မှတ်ပြီး ဒဏ်ငွေ ၅၀၀၀ နဲ့ ညီမျှသည့် နှာခေါင်းစည်းများကို ပေးအပ်သွားမည်ဖြစ်ကာ စစ်ဆေးရေးအဖွဲ့မှ မိုဘိုင်းစနစ်ဖြင့် လှည့်လည်စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# တရုတ်နိုင်ငံနှင့် အထူးဒေသ-၄(မိုင်းလား)မှ ပြန်လာသည့် မြန်မာအလုပ်သမား ၆၄၅ ဦး မူလနေရပ်အသီးသီးသို့ပို့ဆောင်

**ကျိုင်းတုံ မေ ၉**

တရုတ်နိုင်ငံနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ-၄ (မိုင်းလား)တွင် အလုပ်လုပ်ကိုင်ပြီး ပြန်လာသည့် မြန်မာအလုပ်သမား ၆၄၅ ဦးသည် ကျိုင်းတုံမြို့ လေ့ကျင့်ရေး အားကစားရုံသို့ မေ ၈ ရက် ည ၉ နာရီခွဲက ရောက်ရှိရာ တာဝန်ရှိသူများက မူလနေရပ်အသီးသီး အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်သမားများကို အထူးဒေသ-၄(မိုင်းလား) နမ့်ပန်းဒေသတွင် အသွားအလာစောင့်ကြပ်မှု ၂၁ ရက်ထားရှိပြီး ပြန်လည်ဝင်ရောက်လာရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မင်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျိုင်းတုံလူငယ်ပရဟိတအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျန်းမာရေး စစ်ဆေးခြင်း၊ ထမင်းထုပ်၊ ရေသန့်ဘူး၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ လက်အိတ်၊ နှာခေါင်းစည်းများ ဝေငှပေးပြီး မူလနေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အထူးဒေသ-၄(မိုင်းလား)၊ ဆီလူး၊ နမ့်ပန်းဒေသများမှ ပြန်လည်ဝင်ရောက်လာသူ ဧပြီ ၂၈ ရက်မှ ယနေ့အထိ မြန်မာအလုပ်သမား ၂၉၀၀ ရှိပြီး ရခိုင်ပြည်နယ်မှ ၂၂၃၁ ဦးဖြင့် အများဆုံးဖြစ်ကာ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## လှိုင်း အသင့်အတင့် ရှိမည်

နေပြည်တော် မေ ၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ပေမှ ၈ ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်း အသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ကော့သောင်းမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသွားအလာကန့်သတ်စောင့်ကြည့်စခန်းအား ပိုးသတ်ဆေးဖျန်း

**ကော့သောင်း မေ ၉**

ကော့သောင်းမြို့ ရွှေမင်းဝံအထက်တန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်စခန်းကို ယနေ့နံနက်ပိုင်းက စစ်ဗျူဟာအဖွဲ့ (အခြေချ) ကော့သောင်းတပ်နယ်က ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ **(အောက်ပုံ)**

ကော့သောင်းမြို့ပေါ်တွင် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ စောင့်ကြည့်ရေး အသွားအလာကန့်သတ်စောင့်ကြည့်နေရာ စခန်း လေးခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အနက် ယခုရွှေမင်းဝံအထက်တန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်စခန်းတွင် ပြည်သူ ၅၀ ကျော်ကို စောင့်ကြည့်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရေး စခန်းအတွင်း အိပ်ဆောင်များ၊ အိမ်သာနှင့် ခြံဝင်းအတွင်းအပြင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၉**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



# ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရာသီပေါ်သီးနှံ ဒူးရင်းသီး ဈေးကောင်းရသော်လည်း ဝယ်လိုအားကျဆင်းလျက်ရှိ

**ကြာအင်းဆိပ်ကြီး မေ ၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရာသီပေါ်သီးနှံ ဒူးရင်းသီး ဈေးကောင်းရသော်လည်း ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် အများပြည်သူများ ခရီးသွားလာမှုနည်းပါးကာ ဝယ်လိုအား ကျဆင်းလျက်ရှိသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် တောတောင်ထူထပ်ပြီး စိမ့်စမ်းရေများရှိခြင်းကြောင့် ကျေးရွာအများအပြား၌ ဒူးရင်းပင်များမှာ သဘာဝအတိုင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော နှစ်ရှည်သီးနှံပင်ဖြစ်ကြောင်း သိရသည်။



အဆိုပါဒူးရင်းသီးများကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ ကျေးရွာချင်းဆက်လမ်းများရှိလာခြင်းတို့ကြောင့် အချိန်မီ ထုတ်ကုန်များကို သယ်ယူပို့ဆောင်နိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူ တောင်သူများ သီးနှံထုတ်ကုန် ဈေးကောင်းရရှိပြီး စီးပွားဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ကိုဗစ်-၁၉ ကြောင့် ယခုနှစ်တွင် ခရီးသွားပြည်သူများ နည်းပါးခြင်း၊ ယခင်နှစ်များလို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့နယ်များမှတစ်ဆင့်ခံ လာရောက်ဝယ်ယူသူများမရှိခြင်းကြောင့် ဒေသခံသီးနှံကုန်သည်များ အခက်ကြုံလျက်ရှိကြောင်း သိရသည်။

ယင်းဒူးရင်းသီးများ ဝယ်လိုအား ကျဆင်းနေသော်လည်း ဈေးနှုန်းမှာ သီးနှံအရွယ်အစားအလိုက် အနည်းဆုံး ငွေကျပ်နှစ်ထောင်မှ ရှစ်ထောင်အထိ ဈေးနှုန်းရှိပြီး ယခင်နှစ်ကထက် ဈေးနှုန်းကောင်းလျက် ရှိကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**



## လိပ်သိုဒေသ၌ လိုက်ချီးသီးများ လှိုင်လှိုင်ထွက်ရှိ

**လိပ်သို မေ ၉**

ကရင်ပြည်နယ် လိပ်သိုဒေသရှိ ကျေးရွာပေါင်း ၃၀ ကျော်တွင် ယခုအခါ လိုက်ချီးသီးများ လှိုင်လှိုင်ထွက်ရှိလာပြီဖြစ်ရာ စိုက်ပျိုးသူတောင်သူများ နွေရာသီတွင် မိသားစုအပိုဝင်ငွေများရရှိကာ အဆင်ပြေလျက်ရှိသည်။

လိုက်ချီးသီးပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်ပြီး ယခင်နှစ်ကထက် ပိုမိုထွက်ရှိခဲ့ရာ အထူးသဖြင့် ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကျောက်ဖျာကျေးရွာအုပ်စု မြသာကုန်းကျေးရွာတစ်ဝိုက်တွင် ပိုမိုပွင့်သီးခဲ့သော်လည်း ကိုဗစ်-၁၉ ကာလနှင့် တိုက်ဆိုင်နေသောကြောင့် ဈေးကောင်းမရရှိဘဲ ဆွတ်ခူးပြီးအသီးများ ပျက်စီးဆုံးရှုံးမှု မရှိစေရန်၊ သင့်လျော်သော ဈေးရရှိရန် တောင်သူများက ချင့်ချိန်၍ ဆွတ်ခူးရောင်းချနေကြရသည်။

ယခင်နှစ်က တစ်ပိဿာထုပ် တစ်ထုပ်ကို ငွေကျပ် ၂၀၀၀ အထိဈေးရရှိခဲ့ကြပြီး ယခုနှစ်တွင် ငွေကျပ် ၁၀၀၀ သာ ရရှိနေကြရာအချို့တောင်သူများမှာ လက်လီ လှည့်လည်ရောင်းချကြပြီး တောင်ငူနယ်တစ်ဝိုက်မှ ပွဲစားများကလည်း မော်တော်ဆိုင်ကယ်များဖြင့် လာရောက်ဝယ်ယူကြကာ တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ရေတာရှည်၊ ရေနီမြို့များသို့ ပို့ဆောင်ရောင်းချကြသည်။ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နေသောကာလဖြစ်သောကြောင့် လိုက်ချီးသီးရောင်းဝယ်မှုများ၊ ဝယ်ယူစားသုံးမှုများမှာ ပုံမှန်ထက်ရောင်းချရမှု နည်းကြောင်း တောင်သူများနှင့် ပွဲစားများထံက သိရသည်။

**စောဝေါ်ကြွာထူး (ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၉ ရက် (စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် လှူဒါန်းမှုအမျိုးအစားအလိုက် ရရှိနိုင်သော စေတနာအကျိုးကျေးဇူးများအကြောင်းကို တင်ဆက်ထားသည့် “လှူဒါန်းခြင်းအကျိုး”မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတတိုးပွားစေရန်အလို့ငှာ ကျောင်းပညာရေးတွင် နည်းပညာစနစ်ကို ပေါင်းထည့်သင်ကြားခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်းကို ရေးသားထားသည့် သုတဆောင်းပါး၊ သစ်ပင်စိုက်ခြင်းသည် ဘဝနေထိုင်မှုတွင် ကြည်နူးပျော်ရွှင်စေသောပီတိကို ပေးစွမ်းပုံအကြောင်းကို ရေးဖွဲ့ထားသည့် “ဖိုးသန့်လေး”နှစ်မျက်နှာကာတွန်း၊ လူတို့သည် နေရာကိုလိုက်၍ လောဘ၊ မောဟစိတ်ရှိတတ်ကြပြီး မတော်လောဘစိတ်ဖြစ်မိပါက ဘေးဒုက္ခနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းကို သတိပြုမိစေရန်ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်ကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၇၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၈၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၀၀/၃၃၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၆၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၂၂၄ | ၂၂၅၈၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၉၈၈၅ | ၃၇၉၀၇၂၅၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၉ | ၇၂၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၁၆၄ | ၃၈၂၇၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၈၉ | ၁၃၄၄၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm









ဘိုးဘိုး ပြောတယ်လေ- လူတွေကို စေတနာထား ရမယ်တဲ့
ကိုယ့်ရဲ့ စေတနာက ကောင်းကျိုးပြန်ပေးတယ် ဆိုတာလေ-
သားက ဘိုးဘိုးကို စေတနာ အပြည့်နဲ့ နင်းပေးတယ်- နှိပ်ပေးတယ်လေ-
အေးလေ-
ပြီး


သက်စု ၂၀၂၀
မနက်တိုင်း မုန့်ဆိုင်မှာ ပါဆယ် ဆွဲရင်း ဆုံလို့ရပြီ၊
အမယ်၊၊ လှလို့ ပလို့၊၊၊
ဘုတ်သိုက်ကြီး ဖြစ်နေတာ၊ ခုမှ ခေါင်းပေါ်သွားတယ်၊၊၊
ခုချိန် ဆိုင်သွားညှပ်လို့ မဖြစ်တော့ ကြီးကြီးလက် ဝ ကွက် အပ်ရတာပဲလေ၊
ဝါလည်း မေမေပဲ ညှပ်ပေးတာ၊၊
ဝါ့အမေက မညှပ်တတ်လို့ မမ ညှပ်ပေးတယ်၊
တစ်ဖက်တို တစ်ဖက်ရှည် လား၊၊၊
သူစိတ်ပြေမှ ဆက်ညှပ်ရတော့မယ် အဟီး၊၊၊
နင့်နှယ်၊၊၊ အရေးထဲကွာ၊ စကားနည်း ရန်စဲပေါ့၊ ညှပ်ပြီးတဲ့ထိ တိတ်တိတ်လေး နေပါလားလို့၊
ဟင့်
ပြီး


POTO
ခရီးထွက်တုန်းက ဓာတ်ပုံတွေ ×××
တောင်ပေါ် တက်နေတာ လား-
အယ်- ပြုတ်ကျ တော့မှာပ-
ဓာတ်ပုံကို ထောင်မကြည့်ဘဲ အလျားလိုက်ကြည့်ရမှာ-
ငွေဆောင်ကမ်းခြေမှာ ခရုလေးတွေကောက် နေတဲ့ပုံတွေဟ-
ပြီး

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကောင်းကင်ကြီးကိုမော့ကြည့်လိုက်ရင် အတောက်ပဆုံးတွေထဲကကြယ်တစ်ပွင့်


ကေ – ဂျူဝယ်လ်

ဒီတစ်ပတ်မှာတော့ မမက ကလေးတို့အားလုံးကို မမတို့ကမ္ဘာကြီးနဲ့ သိပ်ကိုတူတဲ့ နေစကြဝဠာကြီးထဲက ဂြိုဟ်တစ်ခုအကြောင်းကို ပြောပြချင်ပါတယ်။ မြန်မာလိုတော့ သူ့ကို သောကြာကြယ်လို့ခေါ်ပြီး အင်္ဂလိပ်လိုတော့ ဗီးနပ်စ်လို့ခေါ်ပါတယ်။




မမတို့ကမ္ဘာကြီးက ဂြိုဟ်ကြီးတစ်လုံးဖြစ်ပြီး နေကို လှည့်ပတ်နေတာပါ ကလေးတို့ရေ။ နေကို တစ်ပတ်ပတ်မိဖို့ ရက်ပေါင်း ၃၆၅ ရက်(တစ်နှစ်) ကြာပါတယ်။ နေကို မမတို့ ကမ္ဘာကြီးအပါအဝင် အခြားဂြိုဟ်တွေကလည်း လှည့်ပတ်နေကြတာဖြစ်ပါတယ်။ အဲဒါကိုတော့ ကြယ်အစုအဝေးကြီး တစ်ခုအဖြစ် အားလုံးက သတ်မှတ်ထားကြတာပေါ့။ အဲဒီလို နေကို လှည့်ပတ်နေတဲ့ ဂြိုဟ်တွေထဲမှာ မမက ကလေးတို့ကို ဗီးနပ်စ်ဂြိုဟ်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ဗီးနပ်စ်ဟာ သိပ်ကိုလှပပြီး မမတို့၊ ကလေးတို့အားလုံး အလွယ်တကူ မြင်တွေ့နိုင်တာကြောင့်ပါ။

ညရောက်တဲ့အခါ ကောင်းကင်ကြီးကို မော့ကြည့်ပြီး တောက်တောက်ပပနဲ့ လှနေတဲ့ ကြယ်ကြီးတစ်လုံးကို ကလေးတို့ ရှာကြည့်လိုက်ပါ။ ထိုင်းလူမျိုးတွေကတော့ နေမဝင်ခင် သောကြာကြယ်ကြီးကို မြင်ရတဲ့အခါ နေ့ကြယ်လို့ ခေါ်ကြပြီး ညဘက်မှာမြင်ရရင်တော့ ညကြယ်လို့ ခေါ်ကြသတဲ့။ သောကြာကြယ်က နေနဲ့ ဒုတိယမြောက် အနီးဆုံးဂြိုဟ်ကြီးပေါ့။ သူ့ကိုတစ်ခါတစ်ရံမှာ မမတို့က သာမန်မျက်စိနဲ့တင် အတော်လေး တောက်တောက်ပပ မြင်ရပေမယ့် တစ်ခါတလေကျတော့ နည်းနည်းမှောင်သလို ခံစားရနိုင်တယ်။ ဒါကလည်း သူက မမတို့ကမ္ဘာကြီးလို



နေကိုလှည့်ပတ်နေရတဲ့အတွက် အဲဒီလိုဖြစ်တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို အနောက်အရပ်က မိုးကောင်းကင်ကြီးပေါ်မှာ မြင်နိုင်ပါတယ်။ အတိအကျပြောရရင်တော့ အနောက်ဘက်ရဲ့ ၅၅ ဒီဂရီနေရာမှာပေါ့။ သူက ကလေးတို့ မျက်စိနဲ့ကြည့်ရင် မြင်နိုင်တဲ့အထဲက အတောက်ပဆုံး နံပါတ် ၃ ဖြစ်ပါတယ်။

သောကြာဂြိုဟ်ပေါ်မှာ ကျောက်ခဲအကြီးကြီးတွေ၊ ချိုင့်ခွက်တွေနဲ့ မီးတောင်ကြီးတွေရှိတယ်လို့ ဆိုပါတယ် ကလေးတို့ရေ။ လေထုလည်းရှိပေမယ့် အဲဒီလေထုက အဆိပ်ငွေ့တွေလိုပဲတဲ့။ သောကြာဂြိုဟ်ပေါ်ကို ရောက်သွားမယ်ဆိုရင် ကလေးတို့က ဓာတ်ငွေ့တိမ်တိုက်တွေကို မြင်ကြရမှာပါ။ နေအဖွဲ့အစည်းကြီးထဲမှာတော့ သူက သိပ်ကိုပူပြီး ဘယ်သူပဲသွားသွား သောကြာဂြိုဟ်ပေါ်မှာ အသက်ရှင်နေဖို့ ဆိုတာ မဖြစ်နိုင်ပါဘူးတဲ့ကွယ်။ ကမ္ဘာကြီးနဲ့ တူတာတစ်ခုက သောကြာဂြိုဟ်ပေါ်မှာ ကလေးတို့ လမ်းလျှောက်မယ် ဆိုရင်တော့ ရတယ်။ သူက မမတို့ကမ္ဘာကြီးနဲ့ဆိုရင် ဆွဲငင်အားချင်းက သိပ်မကွာလို့လေ။ အကွာအဝေးဆိုရင်တော့ မမတို့ဆီကနေ ကီလိုမီတာ သန်းပေါင်း ၄၀ လောက် ကွာဝေးပါတယ်။

ဒဏ္ဍာရီတွေထဲမှာတော့ သောကြာကြယ်ဆိုတာ ဗီးနပ်စ်ဆိုတဲ့ အချစ်နတ်သမီးလေးနေတဲ့ ကြယ်ကြီးလို့ ပြောကြပါတယ် ကလေးတို့ရေ။ ချစ်ခြင်းတရားတွေ၊ မေတ္တာတရားတွေကို ဆောင်ကြဉ်းပေးတဲ့ ဗီးနပ်စ်(အချစ်)နတ်သမီးပေါ့။ အမှန်က သူက သူ့ဝင်ရိုးပေါ်မှာ ဖြည်းဖြည်းချင်း လည်ပတ်နေတာပါ။ သူ့ဆီမှာ တစ်ရက်က ကမ္ဘာမြေမှာ တစ်နှစ်ထက် ပိုကြာပါတယ်။ သူ့ကို မမတို့ကမ္ဘာကြီးရဲ့ ညီမလေးလို့ သိပ္ပံပညာရှင်တွေက ဆိုကြပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာကြီးနဲ့အရွယ်အစားက သိပ်မကွာလို့လည်းဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ သိပ္ပံပညာရှင်တွေ ပြောစကားအရဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကမ္ဘာကြီးရဲ့ ရာသီဥတုနဲ့ အတော်တူခဲ့တာတဲ့။ သူ့မှာ အရင်က သမုဒ္ဒရာကြီးတွေလည်း အများကြီးရှိခဲ့နိုင်တယ်လို့ ဆိုကြပါတယ်။ အခုချိန်မှာတော့ ပြင်းထန်တဲ့ ဖန်လုံအိမ်ဓာတ်ငွေ့တွေက သူ့ကို ပူပြင်းတဲ့ဂြိုဟ်ကြီး ဖြစ်လာစေခဲ့ပါတယ်။ သူက မမတို့ကမ္ဘာကြီးထက် နှစ်သန်းပေါင်း ၂၀၀ လောက်စောပြီး ဖြစ်တည်ခဲ့တာပါ။ ကဲအခုလောက်ဆိုရင် မိုးပေါ်က သောကြာကြယ်လို့ ကလေးတို့ သိထားတဲ့ ဗီးနပ်စ်ဂြိုဟ်ကြီးရဲ့ အကြောင်းကို နည်းနည်းတော့ သိလောက်ပြီမို့ နှုတ်ဆက်ပါတယ်။ ကလေးတို့အားလုံး ကျန်းမာကြပါစေနော်။ ။

# ကိုဗစ်-၁၉ အတွက် ကလေးတို့ရဲ့ အခက်အခဲတွေ ဘယ်လိုပြေလည်အောင်ဖြေရှင်းမလဲ အကြံဉာဏ်လေးတွေရယူနိုင်

မမမေ


ဒီတစ်ပတ်မှာတော့ မမက ပြောပြနေကျ လောကဂတ်တွေအကြောင်းထက် ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးလေးတို့ စိတ်ညစ်နေကြရင် ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်လေးတစ်ခုရှိတဲ့ အစီအစဉ်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ မမနဲ့က တစ်ပတ်တစ်ခါမှ တွေ့ကြရပြီး မမကပဲ အမြဲတမ်းပြောပြနေရတာဖြစ်တော့ ဒီတစ်ပတ် မှာတော့ ကလေးတို့ကိုယ်တိုင်လည်း ပြောချင်တာတွေပြော၊ ရင်ဖွင့်နိုင်တဲ့ အစီအစဉ်လေးနဲ့မိတ်ဆက်ပေးချင်တာပါ။



မိမိကိုယ်ကို အရင်ဂရုစိုက်ပါ။

ကိုဗစ်-၁၉ ရောဂါဟာ အခုဆိုရင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက် နေတာပေါ့။ လူတိုင်းဟာ ကိုယ်တိုင် အတွက်ရော၊ သူတို့ချစ်ခင်ရတဲ့ မိသားစုနဲ့ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ အတွက်ကိုပါ ရောဂါကူးစက်ခံရမှာကို သိပ်ကို စိုးရိမ်နေကြတာပေါ့ ကလေးတို့ရေ။ ကလေးတို့ကိုယ်တိုင်လည်း လက်ကို ခဏခဏဆေးပြီး အပြင်သွားတိုင်း နှာခေါင်းစည်းတွေ ဝတ်ဆင်နေကြတာ မဟုတ်လား။ ကလေးတို့ ကိုယ်တိုင်ရော၊ ကလေးတို့ကို ထိန်းပေးတဲ့ မေမေတို့ ဖေဖေတို့အားလုံး စိတ်ပူနေရင်းကနေ စိတ်တွေညစ်လာတဲ့အခါ ဖြေရှင်းတဲ့ အစီအစဉ်လေးကတော့ "ခံစားချက်လေးများဖုန်းလိုင်း" ပဲ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိတ်ညစ်နေကြမယ်၊ အိမ်မှာနေရင်း အထီးကျန်သလို ခံစားနေကြရမယ်၊ ကိုယ့်အိမ်အနီးအနားမှာ ရောဂါပိုးတွေ့တဲ့ သတင်းတွေကြားပြီး စိတ်ပူစိတ်ရှုပ်နေကြမယ်ဆိုရင် ကလေးတို့ ပြောပြချင်တဲ့ အကြောင်းတွေကို နားထောင်ပေးပြီး အကောင်းဆုံး အကြံဉာဏ်တွေကိုလည်း ဖုန်းဖြေပေးတဲ့ ဦးဦးတွေ၊ အန်တီတွေက ပေးကြမှာပါ။




ခံစားချက်လေးများ ဖုန်းလိုင်းဆိုတဲ့ အစီအစဉ်လေးကို ကလေးတို့ ပါဝင်ချင်တယ်ဆိုရင် ဖုန်းနံပါတ် ၀၉-၉၆၁၁၃၄၀၀၀၀ ကို ဆက်သွယ်လို့ရပါတယ်။ နေ့တိုင်း တနင်္လာနေ့ကနေ သောကြာနေ့တွေမှာ မနက် ၉ နာရီကနေ ည ၉ နာရီအထိ ကလေးတို့ ကြိုက်တဲ့အချိန်ခေါ်ပြီး ဘယ်လိုနေရမလဲ၊ ဘာတွေလိုက်နာရမလဲ၊ ကလေးတို့ခံစားချက်တွေ အားလုံးကို ပြောပြလို့ရပါတယ်။ ဒါတင်မကသေးပါဘူး၊ လူမှုကွန်ရက်စာမျက်နှာမှာ Metanoia လို့ ရိုက်ထည့်ပြီးသွားရင် အဲဒီ စာမျက်နှာမှာ ကလေးတို့ ပန်းချီလေးတွေဆွဲပြီး ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကလေးလေးတွေရဲ့ ခံစားချက်တွေကို ဖတ်ရှုနိုင်သလို၊ ကလေးတို့ရဲ့ ပန်းချီလေးတွေကိုလည်း ပေးပို့နိုင်ပါသေးတယ်။ ကဲ-အမြန်ဆုံး ဆက်သွယ်ကြည့်လိုက်ရအောင်နော်။

အဲဒီအစီအစဉ်လေးတွေကိုတော့ ယူနီဆက်ဖ် မြန်မာကနေ ပံ့ပိုးပေးထားတာဖြစ်ပါတယ်။ အားလုံးပဲ ဆက်သွယ်လိုက်ပါနော်။ ။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး ဦးဆောင်သော သံရုံးနှင့် ဗီယက်နမ်နိုင်ငံ လုပ်ငန်းရှင်များက အလှူငွေများ လှူဒါန်းစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်ရေးအတွက် ဗီယက်နမ်နိုင်ငံသံအမတ်ကြီးနှင့် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် ကာကွယ်ရေးပစ္စည်းများလှူဒါန်းမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများ ရောဂါဖြစ်ပွားလာပါက အဆင်သင့်ကုသပေးနိုင်ရေးအတွက် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တွင်ကျန်းမာရေးစင်တာဖွင့်လှစ်ထားရှိကြောင်း၊ ယခု လှူဒါန်းပစ္စည်းများကို ကျန်းမာရေးစင်တာနှင့် အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာများကို ပေးပို့မည်ဖြစ်ကြောင်းနှင့် အလှူရှင်များကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E . Mr . Ly Ouoc Tuan ဦးဆောင်သော သံရုံးနှင့် ဗီယက်နမ်နိုင်ငံ လုပ်ငန်းရှင်များက အလှူငွေကျပ် ၇၅ သိန်းနှင့် နှာခေါင်းစည်း ၇၀၀၀၊ လက်သန့်ဆေးရည် ပုလင်း ၁၂၀၊ Alcoholic Stoves ငါးခု၊ လျှပ်စစ်ရေနွေးအိုး ငါးလုံး ၊ ပန်ကာ ငါးလုံး ၊ ဦးလှဝင်းတင်–ဒေါ်ထွေးမာ (ဝင်းလတ်ဝတီကုမ္ပဏီ )က ငွေကျပ် ၁၅၇ သိန်းတန်ဖိုးရှိ ပေါ်ဆန်းမွှေးဆန် အိတ် ၃၀၀ ၊ ကုလားပဲခြမ်း အိတ် ၂၄၀၀ ၊ ကြက်သွန်နီ ပိဿာ ၆၅၀၀၊ ဦးစိုးလှိုင်ဦးဆောင်သော လမ်းလျှောက်အဖွဲ့က ငွေကျပ် ၁၄၂ သိန်းတန်ဖိုးရှိ အသက်ရှူစက်တစ်လုံး၊ UTW (Myanmar) Limited ( EY Myanmar ) က ငွေကျပ် သိန်း ၁၄၀ တန်ဖိုးရှိ လိုအပ်သော ဆေးပစ္စည်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူပူဂျာရီ ပုရောဟိတ် ဘုန်းတော်ကြီးကျောင်းများ ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆရာတော် ဦးမောင်မြင့်နှင့် ဟိန္ဒူဓမ္မ အကျိုးတော်ဆောင်အဖွဲ့တို့က ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ လိုအပ်သော ဆေးပစ္စည်းများ၊ ဦးဝိုင်းတင်( Royal Golden Dagon Co ., Ltd. က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ လိုအပ်သော ဆေးပစ္စည်းများ၊ ဆရာတော် အရှင်စန္ဒသူရိယအား အမှူးထား၍ ဥက္ကဋ္ဌ ဒေါက်တာ မျိုးမျိုး၊ MMPA International Co.,Ltd. က ငွေကျပ် ၃၆ သိန်းတန်ဖိုးရှိ ဆေးရုံသုံး သန့်ရှင်းရေးပစ္စည်းများ၊ ဗိုလ်မင်းဗိုလ်ကုမ္ပဏီက ငွေကျပ် ၃၄ သိန်းတန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် GTI / GTC မှ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများက ရောဂါကာကွယ်ရေးဝတ်စုံ ၂၀ ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွက် လိုအပ်သော ခွဲစိတ်ခန်းသုံးဝတ်စုံများ KM Healthcare Myanmar Co., Ltd. က ထောက်ပံ့လှူဒါန်း

**ပဲခူး မေ ၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က ပဲခူးမြို့ ပြည်ပစက်မှုနယ်မြေရှိ KM Healthcare Myanmar Co., Ltd. က ခွဲစိတ်ခန်းသုံး ဝတ်စုံ ၂၀၀၀ ကို လာရောက်လှူဒါန်းသည်။**(အောက်ပုံ)**

KM Healthcare Myanmar Co., Ltd. MD Mr. Lee Dea Chun က တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် ခွဲစိတ်ခန်းသုံးဝတ်စုံများကို မိမိတို့ကုမ္ပဏီအနေဖြင့် လာရောက်ထောက်ပံ့လှူဒါန်းရခြင်း ဖြစ်ကြောင်း၊ ထပ်မံ၍လည်း လိုအပ်လာပါက တိုင်းဒေသကြီးအတွက် ကျန်းမာရေးသုံးပစ္စည်းများ ဆက်လက်ထောက်ပံ့လှူဒါန်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး KM Healthcare Myanmar Co., Ltd., MD. Mr. Lee Dea Chun နှင့် တာဝန်ရှိသူများက ခွဲစိတ်ခန်းသုံးဝတ်စုံ ၂၀၀၀ ကိုပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ် –၁၉ ရောဂါသည် ကမ္ဘာ့ကပ်ရောဂါတစ်ခုဖြစ်ပြီး အစိုးရ၊ ဌာနဆိုင်ရာ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ မကြာမီ ကင်းစင်သွားမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကိုလည်း ကျန်းမာရေးဆိုင်ရာ စိစစ်ချက်ညီညွတ်သော စက်ရုံများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သော်လည်း စက်ရုံများအနေဖြင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အထူးလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ KM Healthcare Myanmar Co., Ltd. က ဝတ်စုံများ ထောက်ပံ့ လှူဒါန်းပေးခြင်းအပေါ် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အတွင်း ကိုဗစ် – ၁၉ ကာကွယ်ရေး အတွက် လိုအပ်သော ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ ကို ဦးအောင်ဇော်မိုးနှင့် ဒေါက်တာနီနီကျော် မိသားစုတို့ကလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် တာဝန်ရှိသူများ၊ KM Healthcare Myanmar Co., Ltd. မှ Mr. Lee Dea Chun ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**




# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မြို့နယ်များရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကျိန္တလီ မေ ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် မေလပထမပတ်က ကျိန္တလီမြို့ရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်အချိန်ကာလအတွင်း အရည်အသွေးမီဆောင်ရွက်ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိန္တလီမြို့ ရှောက်ကုန်းကျေးရွာအုပ်စု ချောင်းဝကျေးရွာရှိ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာ ၃၅ ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် လက်ပံခုန်ကျေးရွာရှိ စကြာရတနာ ဘုန်းကြီးကျောင်းတွင် ကြမ်းခင်း ခင်းရန်အတွက် လိုအပ်နေသည့် ငွေကျပ်ငါးသိန်းကို လှူဒါန်းပြီး ကျိန္တလီမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် သဖန်းကွင်းဆည်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိန္တလီမြို့ တောင်ပတ်လည်အုပ်စုရှိသဖန်းကွင်း–ဖိုးလှောင်ကွင်း – လေ့ကားထောင်ကျေးရွာချင်းဆက်လမ်း၊ ကျိန္တလီမြို့အမှတ်(၂)ရပ်ကွက်ရှိ သီတာလမ်းကွန်ကရစ်ခင်းခြင်း၊ အမှတ်(၂)ရပ်ကွက်ရှိ ကျိန္တလီ လမ်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ပြီးစီးသည့် ကမ်းနားလမ်းတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ တောင်ပတ်လည် ကျေးရွာအုပ်စုရှိ တံတားအထူးအဖွဲ့(၈)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပေ အရှည် ၃၀၀ ၊ အကျယ် ပေ ၃၀ ရှိ ကျောက်ပါးစပ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂွမြို့နယ် ကိုဗစ်–၁၉ ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်နယ်အတွင်း ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအား ကိုဗစ်–၁၉ ကာကွယ်၊ ကုသရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် ပစ္စည်းများနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းသည့်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၆ ရက်က ဂွမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆက်လက် ကြည့်ရှုစစ်ဆေးရာ ရွာမရပ်ကွက်ရှိ အထက(ဂွမြို့) အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရွာမရပ်ကွက်ရှိ ဂုံးသောင်မြေနေရာနှင့် ဘုတ်ပင်ချောင်သို့ ဆက်သွယ်မည့်မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဘုတ်ပင်ချောင်သို့ဆက်သွယ်မည့် ကျောက်စီခံသစ်သားတံတားတည်ဆောက်နေမှု၊ ဂွ–မကျေးငူ ဆက်သွယ်သည့် ဂွချောင်းတံတားတည်ဆောက်ရေး စီမံကိန်းမှ တံတား တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ မြို့မရပ်ကွက်အလယ်ရွာရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကို သွားရောက်စစ်ဆေးသည်။

ထိုမှတစ်ဆင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဆောက်လုပ်မည့်နေရာ၊ ရဟိုင်ကူးတို့ကျေးရွာအုပ်စု ကွင်းလျားရှည်ဆည် တည်ဆောက်နေမှု၊ စည်ပင်ကျေးရွာရှိ စက်မှုလက်မှု အထက်တန်းကျောင်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## မျိုးသစ်အဖြစ် ထုတ်ဝေခွင့် ရရှိပြီးဖြစ်သော စပါးမျိုးသစ် နှစ်မျိုးနှင့် ထုတ်ဝေရန် အလားအလာကောင်းသော စပါးမျိုးလိုင်း နှစ်မျိုးကို ကွင်းဆင်းစစ်ဆေး

**နေပြည်တော်  မေ ၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနစုအနေဖြင့် ၂၀၁၉ ခုနှစ်တွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ (TSC) နှင့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC) တို့၏ ခွင့်ပြုချက်ဖြင့် မျိုးသစ်အဖြစ် ထုတ်ဝေခွင့်ရရှိခဲ့သည့် စပါးမျိုးသစ် ခုနှစ်မျိုးအနက်မှ စပါးနှစ်မျိုးဖြစ်သည့် YQR-11၊ YQR-12 နှင့် မျိုးသစ်အဖြစ် ထုတ်ဝေရန် အလားအလာကောင်းသော စပါးမျိုးလိုင်း နှစ်မျိုးဖြစ်သည့် Yn 3404-3-2-ul 59 နှင့် Yn 3405-2-3-ul 174 စပါးမျိုးလိုင်းများကို စပါးပျိုးသက်နု ကောက်ကွက်ကြဲ စိုက်ပျိုးနည်းစနစ် (SRI) အသုံးပြုကာ နွေစပါးအကွက်ကျယ်သုတေသနသရုပ်ပြကွက်များအဖြစ် စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ ထုတ်ဝေခွင့်ရရှိပြီးဖြစ်သော စပါးမျိုးသစ်နှစ်မျိုးကို တောင်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးနှင့် အလားအလာကောင်း စပါးမျိုးလိုင်းသစ်နှစ်မျိုးကို မျိုးသစ်အဖြစ် မှတ်ပုံတင်ရန် ရှေ့ဆက်လက်ဆောင်ရွက်နိုင်ရေးတို့အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးတို့ ဦးဆောင်သော သုတေသနပညာရှင်များသည် မေလပထမပတ်က နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ ဒုတိယတိုင်းဦးစီးမှူးများ၊ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍ စပါးအကွက်ကျယ် သရုပ်ပြကွက်များကို လက်တွေ့ရှင်းလင်းပြသခဲ့သည်။ **(အပေါ်ပုံ)**

SRI စနစ် အသုံးပြုကာ နွေစပါး အကွက်ကျယ်သုတေသန သရုပ်ပြကွက်များအဖြစ် စိုက်ပျိုးထားသော YQR-11နှင့် YQR-12 စပါးတို့သည် မျိုးသစ်အဖြစ် ထုတ်ဝေခွင့်ရရှိပြီးဖြစ်သည့် ဆည်ရေသောက်ဒေသများတွင် နွေစပါးအဖြစ် စိုက်ပျိုးရန် သင့်တော်သော အရည်အသွေးကောင်းစပါးမျိုးသစ်များဖြစ်ကြပြီး မျိုးသစ်အဖြစ် ထုတ်ဝေရန် အလားအလာကောင်းသော စပါးမျိုးလိုင်း Yn 3404-3-2-ul 59 နှင့် Yn 3405-2-3-ul 174 တို့မှာ ဆည်ရေသောက်နှင့် မိုးရေသောက် ဒေသများတွင် မိုးနှင့် နွေ နှစ်ရာသီလုံး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အထွက်ကောင်းစပါးမျိုးများဖြစ်ကြောင်း၊ အဆိုပါ စပါးမျိုးနှစ်မျိုးသည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (KOPIA-RDA) နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သုတေသနရလဒ်ဖြစ်ကြောင်းနှင့် အရည်အသွေးကောင်းစပါး၊ ဆည်ရေသောက်နှင့် မိုးရေသောက် စပါးများအပါအဝင် မြန်မာနိုင်ငံ၏ ရေ၊ မြေ ဒေသရာသီ ကွဲပြားမှုပေါ် မူတည်၍ ရေမြုပ်ခံစပါး၊ ရေနက်စပါး၊ ဆားငန်ခံစပါး၊ ရေငတ်ခံစပါး၊ ရေအနည်းလိုစပါး၊ တောင်ပေါ်စပါးနှင့် အပူဒဏ်ခံစပါး အစရှိသည့် သုတေသနလုပ်ငန်းများကို စပါးသီးနှံသုတေသနဌာနစုတာဝန်ခံ ဒေါက်တာစန္ဒာမိုးနှင့် သုတေသနပညာရှင်များက ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သိရသည်။

**သိန်း၊ဓာတ်ပုံ- စိုးမျိုးဌေး(DAR)**

## မြိတ်မြို့ ကလွင်ရွာမကျေးရွာရှိ ကလွင်စန္ဒဝတ်တာကျိုးပေါက် ပင်လယ်ရေများ ဝင်ရောက်သောကြောင့် မိုးစပါးစိုက်ရန် အခက်ကြုံ

**မြိတ်  မေ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ရွာမကျေးရွာ အရှေ့ကုန်းရပ်ရှိ ကလွင်စန္ဒဝတ်တာ ကျိုးပေါက်နေမှုကြောင့် မိုးစပါးစိုက်ပျိုးမည့် လယ်ယာမြေများ၌ ပင်လယ်ရေများ ဝင်ရောက်လျက်ရှိသဖြင့် ယခုနှစ် မိုးစပါးစိုက်ပျိုးရန် တောင်သူများ အခက်အခဲဖြစ်နေသည်။

"ငါးလပိုင်းက လယ်စလုပ်တဲ့အချိန်ပဲ။ မိုးဦးထွန်ယက်တဲ့အချိန်က ငါးလပိုင်းမှာ ထွန်ယက်မယ်။ ခြောက်လပိုင်းကျရင် ပျိုးချမယ်။ လယ်စိုက်တဲ့အချိန်မှာ တာတမံလုပ်လို့ မရဘူး။ မိုးရာသီဆိုရင် မြေတူးစက်တွေဆင်းလို့ မရဘူး။ လယ်သမားတွေလည်း စိုက်ပျိုးလို့ မရတော့ဘူး။ လယ်ယာစိုက်ပျိုးတဲ့အချိန်မှာ တာတမံကြီးကို ကောင်းအောင်လာလုပ်ပေးစေချင်ပါတယ်။ လယ်သမားတွေစိုက်ဖို့ အဆင်မပြေတော့ဘူး။ စိုက်ပျိုးထွန်ယက်တာ လုပ်ဖို့ ရပ်နားထားပါတယ်" ဟု ဒေသခံတောင်သူ ဦးမင်းနိုင်က ပြောသည်။

ကလွင်ရွာမကျေးရွာ အရှေ့ကုန်းရပ်၌ လယ်မြေဧက ၃၀၀ ကျော်ရှိပြီး ကလွင်စန္ဒဝတ်တာသည် ပင်လယ်အဝတွင်ကျရောက်နေသည့်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျိုးပေါက်ခဲ့ပြီး ပြန်လည်ပြုပြင်ခဲ့ရာ ၂၀၁၈- ၂၀၁၉ဘဏ္ဍာနှစ်တွင် ထပ်မံကျိုးပေါက်ခဲ့သဖြင့် ကျောက်တန်းစီဆောင်ရွက်မှ အဆင်ပြေနိုင်မည်ဖြစ်သောကြောင့် တောင်သူများ သဘောတူညီမှုဖြင့် ဆည်မြောင်းဦးစီးဌာနက ကျိုးပေါက်ခဲ့သည့် နေရာရှိ လယ်ဧက ၈၀ ချန်လှပ်၍ တမံအသစ်တစ်ခု တည်ဆောက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

" ကလွင်စန္ဒဝတ်တာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) မှာ အစိုးရအဖွဲ့ကို တင်ပြတောင်းခံထားတာ လုပ်ငန်းရန်ပုံငွေက RE နဲ့ပတ်သက်တဲ့လုပ်ငန်းထဲမှ တစ်ခုမှ မရခဲ့ဘူး။ အဲဒါကြောင့် လုပ်ငန်းကို ဆက်လုပ်လို့မရဖြစ်သွားတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ထပ်မံတင်ပြထားပါတယ်။ ဦးစားပေးပြီးထည့်ပေးဖို့အတွက် တင်ပြတောင်းခံထားတာဖြစ်တယ်"ဟု မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ပြောသည်။

ကျိုးပေါက်လျက်ရှိသည့် ကလွင်စန္ဒဝတ်တာနေရာမှ တောင်သူများ၏သဘောတူညီမှုဖြင့် အတွင်းဘက်သို့ရွှေ့၍ တမံအသစ် တည်ဆောက်ရေးလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနက စတင်ခဲ့ပြီး ခွင့်ပြုရန်ပုံငွေမရရှိခဲ့သောကြောင့် လုပ်ငန်းရပ်ဆိုင်းခဲ့သဖြင့် လက်ရှိအချိန်၌ လယ်မြေများတွင် ပင်လယ်ရေဝင်ရောက်လျက်ရှိပြီး ယခုနှစ် မိုးစပါးစိုက်ပျိုးရန် တောင်သူများ အခက်အခဲ ဖြစ်နေကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



**သစ်ပင်စိုက်မှု အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းဖြေ၏**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော်  မေ ၉**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | -၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | -၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | -၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | -၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | -၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | -၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | -၀၉-၄၅၃၃၅၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | -၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | -၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | -၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | -၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | -၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | -၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | -၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | -၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | -၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# အွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ်အတွက် ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုများကို MPU eCommerce Pay ဖြင့် ပေးချေနိုင်

**ရန်ကုန် မေ ၉**

အွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Fully Online) အတွက် ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုများကို MPU eCommerce Pay ဖြင့် ပေးချေနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးမှုလုပ်ငန်းများကို ဧပြီ ၁ ရက်မှစတင်၍ Fully Online စနစ်ဖြင့် ပြောင်းလဲ ထုတ်ပေး ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုများအတွက် ယခင်က မြန်မာနိုင်ငံသားများဘဏ်၏ (MCP) ePayment စနစ်ဖြင့် အွန်လိုင်းမှပေးသွင်းနိုင်ရန် ဆောင်ရွက်ထားသည်။

ယခုအခါ Myanmar Payment Union(MPU)နှင့် ချိတ်ဆက်ထားသည့် ဘဏ်အားလုံးမှ ပေးချေနိုင်သည့် MPU eCommerce Pay ဖြင့် မေ ၈ ရက်မှ စတင်၍ ပေးချေနိုင်ပြီဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် MCB ePayment စနစ်ဖြင့် သော်လည်းကောင်း၊ MPU eCommerce Pay ဖြင့်လည်းကောင်း ရွေးချယ်ပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း Fully Online စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များကို ဧပြီ ၁ ရက်မှ စတင်၍ ထုတ်ပေးလျက်ရှိရာ ပထမအကြိမ်တွင် သွင်းကုန်ပစ္စည်း ၉၁ မျိုးနှင့် ပို့ကုန်ပစ္စည်း ၇၃ မျိုး၊ ဒုတိယအကြိမ်တွင် သွင်းကုန်ပစ္စည်း ၄၅၅ မျိုး၊ တတိယအကြိမ်တွင် သွင်းကုန်ပစ္စည်း ၁၉၆ မျိုးတို့၏ HS line များ လျှောက်ထားထုတ်ပေးခွင့် ပြုထားသည်။

Fully Online စနစ်တွင် အဆိုပါ HS line များအတိုင်း အကျုံးဝင်သည့် ကုန်ပစ္စည်းများကိုသာလျှောက်ထားနိုင်ပြီး လိုင်စင် အက်ပလီကေးရှင်းပါ အချက်အလက်များ ဖြည့်သွင်းရမည်ဖြစ်ကာ သက်ဆိုင်ရာလျှောက်ထားမည့်လိုင်စင်၏ ကုန်ပို့လွှာ(Invoice) နှင့် ထောက်ခံချက်လိုအပ်သည့်လိုင်စင်များအတွက် သက်ဆိုင်ရာဌာန၏ထောက်ခံချက်ကို PDF format ဖြင့်ပူးတွဲ တင်ပြရမည်ဖြစ်သည်။

ထို့ပြင် လိုအပ်သည့် အချက်အလက်များနှင့်စနစ်အသုံးပြုပုံကို လျှောက်ထားမည့် ဝက်ဆိုက်တွင် တင်ပြထားမည်ဖြစ်ပြီး လုပ်ငန်းရှင်မှ ဆောင်ရွက်ရမည့် လုပ်ငန်းနှင့်လိုင်စင်လျှောက်ထားမှု အခြေအနေကို သက်ဆိုင်ရာလုပ်ငန်းရှင်၏ Deskboard တွင်အချိန်နှင့်တစ်ပြေးညီ တွေ့ရှိနိုင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကိုဗစ်-၁၉ ရောဂါမှာ ပြန့်ပွားလျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူများထံသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် လူလူချင်းထိတွေ့မှုများ ဟန့်တားနိုင်ရေး၊ ဗိုင်းရပ်စ် ပိုးကူးစက်မှုများ လျှော့ချနိုင်ရေး အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဝန်ကြီးဌာနက ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုကိုဧပြီတစ်ရက်မှ စတင်၍ အွန်လိုင်းမှ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းစဉ်များကို စတင်ခွင့်ပြု ဆောင်ရွက်ပေးခြင်းဖြစ်သည်။

သို့ဖြစ်၍ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ရုံးဌာနသို့ လာရောက်ရန်မလိုဘဲ အင်တာနက်ရရှိသည့် မည်သည့်နေရာတွင်မဆို လိုင်စင် လျှောက်ထားခြင်း၊ ငွေကြေးပေးသွင်းခြင်း ၊ လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခင်ထုတ်ပေး ဆောင်ရွက်လျက်ရှိသည့် CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် ၊ လျှောက်ထားမှုအရေအတွက်အများဆုံးဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်မည့်ပစ္စည်းများ၊ သွင်းကုန်ပစ္စည်းများဖြစ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားအုန်းဆီနှင့် ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု၊ သကြား၊ သဘာဝဓာတ်ငွေ့များ အပါအဝင် အခြားသွင်းကုန် ပို့ကုန်ပစ္စည်း စုစုပေါင်း ၈၁၅ မျိုးကို ထုတ်ပေးဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ပို့ကုန်သွင်းကုန် လျှောက်ထားမှုအတွက် **www.myanmartradenet.com.mm** မှတစ်ဆင့် ဝင်ရောက် လျှောက်ထားနိုင်ပြီး လျှောက်ထားမည့် (ပသက)မှတ်ပုံတင်ကာ ကုမ္ပဏီများအနေဖြင့် စနစ်အတွင်း ဝင်ရောက်အသုံးပြုရန် Member Registration ပြုလုပ်ရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလိုင်စင်များအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာန (MACCS)စနစ်သို့ အီလက်ထရောနစ်ဒေတာဖြင့် ဆက်လက်ချိတ်ဆက် ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# အိမ်မွေးဆင်များကို Microchip တပ်ဆင်မှု ဆင်ကောင်ရေ ၁၀၀၀ ကျော် တပ်ဆင်ပြီးစီး

**ညောင်ဦး မေ ၉**

မြန်မာနိုင်ငံတွင် အိမ်မွေးဆင်ကောင်ရေ ၄၃၀၀ ကျော်ရှိပြီး အိမ်မွေးဆင်များ မှတ်ပုံတင်ခြင်းကို ခေတ်ကာလနှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်မှုအရ မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ၊ သစ်တောဦးစီးဌာနပိုင် ဆင်များ၊ ပုဂ္ဂလိကပိုင်ဆင်များကို မှတ်ပုံတင်ဂရန်ပြုလုပ်ရာတွင် ပို၍စနစ်ကျစေရန် ဆင်ဂရန်နှင့်ဆင်များ လွဲမှား၊ ပြောင်းလဲခြင်း မပြုလုပ်နိုင်စေရန်အတွက် သစ်တောဦးစီးဌာနမှ ဦးဆောင်ရေးဆွဲထားသည့် Myanmar Elephant Conservation Action Plan (MECAP) ကို အကောင်အထည်ဖော်ရန် အိမ်မွေးဆင်များကို ၂၀၂၀ ပြည့်နှစ် မတ်လမှ မေလအတွင်း Microchip တပ်ဆင်ခြင်းအပြီး ဆောင်ရွက်မည်ဖြစ်ရာ မေ ၉ ရက်အထိ ဆင်ကောင်ရေ ၁၀၀၀ကျော် Microchip တပ်ဆင်ခြင်းလုပ်ငန်း ပြီးနေပြီဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါက်တာ မျိုးမင်းအောင် (ဆင်ဆေးကု)ထံက သိရသည်။

အိမ်မွေးဆင်များကို Microchip တပ်ဆင်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့် သစ်လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်လျက်ရှိပြီး ထိုသို့လုပ်ဆောင်ခြင်းကြောင့် မြန်မာနိုင်ငံရှိ အိမ်မွေးဆင်ကောင်ရေ ပို၍တိကျစွာ ရရှိနိုင်ခြင်း၊ ဆင်ဂရန်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းထားနိုင်ခြင်း၊ အိမ်မွေးဆင်များသေဆုံးပါက တောဆင်များနှင့် အစားထိုးသည့် မသမာမှုများကာကွယ်တားဆီးနိုင်ခြင်း၊ အိမ်မွေးဆင်များ မှတ်ပုံတင်ခနှင့် ဂရန်ငွေများ ရရှိပါက နိုင်ငံတော်ဝင်ငွေရရှိနိုင်ခြင်း၊ ပုဂ္ဂလိက ဆင်ပိုင်ရှင်များအနေဖြင့်လည်း ဆင်ပိုင်ဆိုင်မှု တရားဝင်အထောက်အထား စနစ်တကျရရှိနိုင်ခြင်းတို့ကြောင့် ပြည်သူနှင့် နိုင်ငံတော်နှစ်ဦးနှစ် ဖက်အကျိုးရှိမည့် စီမံကိန်းဖြစ်ခြင်းကြောင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပုဂ္ဂလိကဆင်ပိုင်ရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့တို့ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Microchip တပ်ဆင်ခြင်းကို ငါးနှစ်အထက် ဆင်များနှင့် မှိန်းသင်ပြီး ဆင်များတွင်သာ ဆောင်ရွက်ရမည်ဖြစ်ကာ ဆင်များ၏ ဝဲဘက်လည်ပင်းတစ်နေရာတည်းသာ ထိုးသွင်းရန် သတ်မှတ်ထားပြီး Scanner စက်ဖြင့် ဖတ်ပါက တပ်ဆင်ထားသည့် Microchip နံပါတ်ပေါ်လာမည်ဖြစ်သဖြင့် ဆင်များလွဲမှားမှု မဖြစ်နိုင်ကြောင်း ပလင်းကမ်းသာ ဆင်စခန်းတာဝန်ခံဦးမျိုးမင်းကို(လက်ထောက်မန်နေဂျာ)ထံက သိရသည်။

ယခုအခါ ဆင်များ Microchip တပ်ဆင်ခြင်းလုပ်ငန်းကို လုပ်ဆောင်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအနောက်ပိုင်းရှိ ဆင်ကောင်ရေ ၂၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး အရှေ့ပိုင်းရှိ ဆင်ကောင်ရေ ၃၀၀၊ မကွေးတိုင်း ဒေသကြီးအတွင်း ဆင်ကောင်ရေ ၁၀၀၊ ဧရာဝတီတိုင်း ဒေသကြီးရှိ ဆင်ကောင်ရေ ၁၀၀ ခန့်၊ ပဲခူးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ဆင် ကောင်ရေ ၁၀၀ ခန့်တို့ကို Microchip တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပြီ ဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်ကောင်ရေ ၃၁၄၂ ကောင်ရှိပြီး အမိနောက် လိုက်ဆင်ပေါက် ၅၂၈ ကောင် ရှိကြောင်း သိရသည်။



**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆိုင်ကယ်ချစ်သူများအဖွဲ့က ရောဂါကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ လှူဒါန်း


**ဇလွန် မေ ၉** – ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆိုင်ကယ်ချစ်သူများအဖွဲ့က ရောဂါကာကွယ်ရေးဝတ်စုံ လေးစုံနှင့် နှာခေါင်းစည်း ငါးဘူးကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောသူရိန်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ဆိုင်ကယ်ချစ်သူများအဖွဲ့က ဇလွန်မီးပွိုင့် လမ်းဆုံနှင့် ပြည်တော်ပြန်ဘုရားရှေ့တွင် နှာခေါင်းစည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

**ဝေယံ (ပြန်/ဆက်)**


## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ရောဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူ ဓနုဖြူမြို့နယ်တွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကို ကြည့်ရှုစစ်ဆေး

**ဓနုဖြူ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျုံတနီးကျေးရွာ၊ ပြင်ကသာကျေးရွာနှင့် အထက(၁)ဓနုဖြူတို့တွင် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ယမန်နေ့က ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဓနုဖြူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်မှုအားကောင်းရန် လိုအပ်ကြောင်း၊ ကော်မတီများအနေဖြင့်လည်း စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် မြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် ထပ်မံရောက်ရှိလာမည့်သူများအတွက် စောင့်ကြည့်စခန်းများ စနစ်တကျထားရှိရေး၊ ရောဂါ ထိန်းချုပ်၊ ကာကွယ်နိုင်ရေး လုပ်ငန်းများကို ထိရောက်စွာ စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောသည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က ဓနုဖြူမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကာကွယ်ထိန်းချုပ် ကုသရေးဆိုင်ရာ လုပ်ငန်းများစီမံခန့်ခွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အထက(၁) ဓနုဖြူ ကန့်သတ်စောင့်ကြည့်ရေးစခန်းအတွက် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ကြီးကြပ်ရေးအဖွဲ့ထံ ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းနောက် သီးသန့်ထားရှိ လူနာဆောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့်အဖွဲ့က ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထက်ဝေဖြိုး



# မန္တလေးမြို့ဘုရားကြီးဈေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းလှူပ်ရှားမှု ပြုလုပ်

**မန္တလေး မေ ၉**



မန္တလေးခရိုင် လူငယ်ရေးရာကော်မတီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အတွင်းရှိ ဘုရားကြီးဈေးတွင် မေ ၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ နှာခေါင်းစည်းလှူပ်ရှားမှု ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်းလှူပ်ရှားမှုတွင် ဘုရားကြီးဈေးအတွင်း ရောင်းချသူများနှင့် လာရောက်ဈေးဝယ်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်ကြရန် ဈေးအတွင်း ယာဉ်ဖြင့် လှည့်လည်၍ အသိပညာပေးတေးသီချင်းများဖွင့်လှစ်ကာ နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသူများကို စည်းရုံးပြောဆို၍ နှာခေါင်းစည်းများ ဝေငှပေးခဲ့သည်။

"ကျွန်မတို့အဖွဲ့က ကိုဗစ်-၁၉ ရောဂါကို ကာကွယ်တားဆီးဖို့အတွက် ဈေးတွေမှာ လာရောက်ဝယ်သူတွေနဲ့ ရောင်းချသူတွေကို နှာခေါင်းစည်းတွေ တပ်ဆင်ကြဖို့ အသိပညာပေးခြင်းတွေနဲ့ အတူ စည်းရုံးပြောဆိုပြီး နှာခေါင်းစည်း မတပ်သူတွေရှိရင် နှာခေါင်းစည်းတွေ ဝေငှပေးတဲ့အစီအစဉ်နဲ့ နှာခေါင်းစည်း လှူပ်ရှားမှုကို ဆောင်ရွက်ကြပါတယ်။ ကျွန်မတို့အဖွဲ့က တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီရဲ့ ဦးဆောင်မှုနဲ့အတူ ရှေ့ဆက်လက်ပြီးတော့လည်း ရောဂါကာကွယ်ရေးလုပ်ငန်းတွေ ကူညီဖို့အတွက် လုပ်အားပေးလူငယ်တွေကို စုဆောင်းထားပါတယ်။ သူတို့ကို အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွေမှာ လိုအပ်လာရင် ကူညီနိုင်ဖို့အတွက် တိုင်းဒေသကြီး ကျန်းမာရေးဌာနနဲ့ ချိတ်ဆက်ပြီး သင်တန်းတွေပေးဖို့ စီစဉ်နေပါတယ်"ဟု မန္တလေးခရိုင် လူငယ်ရေးရာ ကော်မတီအတွင်းရေးမှူး မအိပြည့်စုံက ပြောသည်။

မန္တလေးခရိုင် လူငယ်ရေးရာကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး အစီအစဉ်များအဖြစ် မေ ၁၀ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာဈေးနှင့် မေ ၁၁ ရက်တွင် ပုသိမ်ကြီးမြို့နယ်ရှိ မြို့မဈေးများတွင်လည်း အဆိုပါ နှာခေါင်းစည်း လှူပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိုင်းယောင်း၌ ဈေးနှုန်းတည်ငြိမ်ရေး စိစစ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိ

**မိုင်းယောင်း မေ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မေ ၆ ရက်က မြို့နယ်အဆင့် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်အဆင့် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နေသည့် အချိန်ကာလတွင် အခြေခံစားနပ်ရိက္ခာ၊ ဆေးဝါးနှင့် မရှိမဖြစ်လိုအပ်သော လူသုံးကုန် ပစ္စည်းများ၊ စက်သုံးဆီများ၊ ဆန်၊ ဆီ၊ ပဲ စသည့် မီးဖိုဆောင်သုံးကုန်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စက်သုံးဆီများ၏ ဈေးနှုန်းတည်ငြိမ်ရေးကို ကုန်ဈေးနှုန်းများ တည်ငြိမ်ထိန်းချုပ် ကြပ်မတ်ကွပ်ကဲရေးအဖွဲ့က ကုန်ဈေးနှုန်းများ ပုံမှန်ဈေးထက် ပိုမိုရောင်းချခြင်းမပြုစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မိုင်းယောင်းမြို့နယ်တွင် အခြေခံစားနပ်ရိက္ခာနှင့် စက်သုံးဆီများ လျော့နည်းပြတ်လပ်မှု မဖြစ်ပေါ်စေနိုင်ရေးအတွက် ကုန်စည်သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများအား ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ လက်လီလက်ကားဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များက မျှတသော ကုန်ဈေးနှုန်းဖြစ်ပေါ်စေရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



# ကယားပြည်နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ အသင်းသားတောင်သူများသို့ လယ်ယာမြေအဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ရန် ချေးငွေကျပ်သိန်း ၁၀၀၀၀ ကျော် ထုတ်ချေးထား

**လွိုင်ကော် မေ ၉**

ကယားပြည်နယ်အတွင်း မြို့နယ်များရှိစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် အသင်းများ၏ လယ်ယာမြေများ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် သမဝါယမအသင်းသားတောင်သူများသို့ လယ်ယာမြေအဆင့်မြှင့်တင်ရေး ချေးငွေကျပ်သိန်း ၁၀၀၀၀ ကျော် ထုတ်ချေးပေးထားကြောင်း သိရသည်။

ကယားပြည်နယ်အတွင်း မြို့နယ်များရှိစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ အသင်းသားတောင်သူများ၏ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာမြေအဆင့်မြှင့်တင်ရေးချေးငွေ ထုတ်ချေးပေးခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယင်းဘဏ္ဍာရေးနှစ်အတွင်း လယ်ယာမြေဧက ၂၆၉ အတွက် ချေးငွေကျပ်သိန်း ၈၀၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လယ်ယာမြေဧက ၇၃၃ အတွက် ချေးငွေကျပ်သိန်း ၂၁၉၉၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လယ်ယာမြေဧက၁၂၆အတွက် ချေးငွေကျပ်သိန်း ၃၇၈၆၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပထမအကြိမ်အဖြစ် လယ်ယာမြေဧက ၅၁၀ အတွက် ချေးငွေကျပ်သိန်း ၁၅၃၀ နှင့် ဒုတိယအကြိမ်အဖြစ် လယ်ယာမြေဧက ၈၉၃ ဒသမ ၈၃ အတွက် ချေးငွေကျပ်သိန်း ၂၆၈၁ ဒသမ ၅၀၀၊ စုစုပေါင်း လယ်ယာမြေဧက ၃၆၆၈ ဒသမ ၈၃ အတွက် ချေးငွေကျပ်သိန်း ၁၁၀၀၃ ဒသမ ၅၀၀ ကို ထုတ်ချေးထားရှိပြီးဖြစ်သည်။

ထိုသို့ လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ရေးချေးငွေများကို ထုတ်ချေးရာတွင် ပထမတန်းစားပြုပြင်ခြင်း၊ ဒုတိယတန်းစားပြုပြင်ခြင်းနှင့် တတိယတန်းစားပြုပြင်ခြင်း ဟူ၍ အတန်းစားသုံးမျိုးခွဲခြားထားရှိပြီး ပထမတန်းစားအတွက် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် အများဆုံး ကျပ် ၁၂ သိန်းအထိလည်းကောင်း၊ ဒုတိယတန်းစားအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် လည်းကောင်း၊ တတိယတန်းစားအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် လည်းကောင်း ထုတ်ချေးပြီး ချေးငွေများကို သုံးနှစ်အတွင်း ခြောက်လလျှင် တစ်ကြိမ် အရစ်ကျဖြင့် ခြောက်ရစ်ပေးသွင်းရန် သတ်မှတ်ထားရှိသည်။ ကယားပြည်နယ်အတွင်း မြို့နယ်များရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ အသင်းသားတောင်သူများအနေဖြင့် ဒုတိယတန်းစား လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပြီး ယခုနောက်ဆုံးအကြိမ်ထုတ်ချေးထားသော ချေးငွေများဖြင့် ဧပြီ၊ မေနှင့် ဇွန်လများအတွင်း လယ်ယာမြေအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လှမြင့်

# ချင်းရွှေဟော်၌ ခြင်အန္တရာယ်ကာကွယ်ရေး ခြင်ဆေးဖျန်း

**ချင်းရွှေဟော် မေ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ချင်းရွှေဟော်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းကာ ခြင်အန္တရာယ်ကာကွယ်ဆေးဖျန်းခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။အဆိုပါ ဆေးဖျန်းခြင်းကို ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်၍ ရပ်ကွက်သုံးခုရှိ လမ်းသွယ်များ၊ ဈေးလမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး ပက်ဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇင်ဇင် (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး၌ တစ်ပတ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်သူ ၁၃၀၀ ကျော် တိုးလာ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ တစ်ပတ်အတွင်း အသွားအလာကန့်သတ် စောင့်ကြည့်သူ ၁၃၀၀ ကျော် တိုးလာကာ စုစုပေါင်း ၄၃၀၀ ကျော် ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထုတ်ပြန်ချက် စာရင်းများအရ သိရသည်။



မန္တလေးမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၌ အသွားအလာကန့်သတ် စောင့်ကြည့်မှုခံနေသူများ

လက်ရှိအချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသာမက တိုင်းဒေသကြီးအပြင်ဘက်မှ ပြန်လည်ရောက်ရှိလာသူများကိုပါ အသွားအလာကန့်သတ် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိရာ ဧပြီ ၃၀ ရက် ညနေ ၄ နာရီအထိ အသွားအလာကန့်သတ် စောင့်ကြည့်သူ ၃၀၆၈ ဦးသာရှိခဲ့ပြီး မေ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်း ၁၃၀၄ ဦး ထပ်တိုးလာခြင်းကြောင့် စုစုပေါင်း ၄၃၇၂ ဦး ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မေ ၇ ရက် ညနေ ၄ နာရီအထိ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

အဆိုပါထုတ်ပြန်ချက်စာရင်းအရမန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်၌ အသွားအလာကန့်သတ် စောင့်ကြည့်မှုနေရာ ခုနစ်ခုနှင့် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်စောင့်ကြည့်မှု နေရာ ၁၁၆၃ ခုရှိကြောင်းနှင့် စောင့်ကြည့်ခံနေသူ ၄၃၇၂ ဦးအနက် ဟိုတယ်၌ စောင့်ကြည့်ခံနေသူ ၃၀ နှင့် သတ်မှတ်နေရာများ၌ စောင့်ကြည့်ခံနေသူ ၄၃၄၂ ဦး ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် ပြည်ပမှ ပြန်လာသူများသာမက မန္တလေးတိုင်းဒေသကြီးပြင်ပမှ ရောဂါပိုးတွေ့ရှိမှုများသည့် ဒေသများတွင် သွားရောက်နေထိုင်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသူများဖြစ်ပါက သတ်မှတ်နေရာ၌ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှု ၂၁ ရက်နှင့် နေအိမ်၌ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှု ခုနစ်ရက် ဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဧပြီ ၂၁ ရက်က ညွှန်ကြားစာထုတ်ထားသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ပြည်သူများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများသို့ အသိပေးပန်ကြားခြင်း၊ မေတ္တာရပ်ခံပန်ကြားခြင်း၊ အသိပေးတင်ပြခြင်းများအပြင် အခြေအနေအပေါ်မူတည်၍ တားမြစ်အမိန့်များ ထုတ်ပြန်ခြင်းကိုလည်း လိုအပ်သလို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဂီတဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများအား မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က အခြေခံစားကုန်များ ကူညီထောက်ပံ့မည်

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း ဂီတပညာရပ်တစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများအား မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ(၃) ဦးစိုးမိုးက ပြောကြားသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေဖြင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ရာတွင် ၂၀၁၉ သက်ကြီးကန်တော့ခံ ဂီတပညာရှင် ၁၄၂ ဦး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဂီတအစည်းအရုံးဝင်များ၊ အသင်းဝင်ကတ် သက်တမ်းတိုးထားဆဲ၊ လျှောက်ထားဆဲ အသင်းဝင်များနှင့် ဂီတလောကအတွင်း ဂီတပညာရပ်တစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ အားလုံးကို ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တစ်ဦးလျှင် ကျပ်တစ်သောင်းနီးပါး တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးသေတ္တာ စသော စားနပ်ရိက္ခာများကို ထောက်ပံ့ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ကိုဗစ်-၁၉ ကပ်ဘေးကာလမှာ ဂီတအနုပညာနဲ့အသက်မွေးဝမ်းကျောင်းတဲ့သူတွေက အရင်ဆုံး ဒီဒဏ်ကို ခံရတယ်။ ဒုက္ခရောက်ကြတယ်။ အခုဆို နိုင်ငံတော်က ကြေညာထားတဲ့ အိမ်မှာနေထိုင်ဖို့ကန့်သတ်တဲ့ရက် ပထမအကြိမ် ပြီးသွားပြီ။ အခု ဒုတိယအကြိမ်မှာ ဂီတမိသားစုဝင်တွေဟာ တော်တော် ဒုက္ခရောက်နေပါပြီ"ဟု ဦးစိုးမိုးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များ အပါအဝင် ဂီတပညာရပ် တစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ စုစုပေါင်း ၃၆၀၀ နီးပါးရှိကြောင်း သိရသည်။ ယင်းတို့အား ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရေးအတွက် ထုပ်ပိုးမှုများ စတင်ပြုလုပ်နေပြီး မေ ၁၀ ရက် ခန့်မှစ၍ သက်ကြီး ဂီတပညာရှင်ကြီးများအား အိမ်တိုင်ရာရောက် ထောက်ပံ့မှုများ စတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေဖြင့် ကိုဗစ်-၁၉ ကာလ ကူညီထောက်ပံ့ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကာ "ကိုဗစ်-၁၉ ကင်းစင်ဝေးဝိုင်းဝန်းကူညီထောက်ပံ့ပေး"ဟူသော ဆောင်ပုဒ်ဖြင့် ယခုကဲ့သို့ ဂီတပညာရှင်များအား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ရန်အတွက် ဘဏ္ဍာငွေကို နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန် လှူဒါန်းထားသော ငွေကျပ်သိန်း ၅၀၀ ထဲမှ ထုတ်နုတ်သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ရေပေးမြောင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျပ် ၁၃၅၅၈ သန်း အသုံးပြုလုပ်ဆောင်မည်

**မကွေး မေ ၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ရေပေးမြောင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိပြီး ရန်ပုံငွေ ကျပ် ၁၃၅၅၈ သန်း ခွင့်ပြုရန် တိုင်းဒေသကြီးအစိုးရက လျာထားကြောင်း သိရသည်။

အဆင့်မြှင့်တင်ရာတွင် တူးမြောင်းမြေကြီးလုပ်ငန်း၊ ကွန်ကရစ် လိုင်နင်စီခြင်းလုပ်ငန်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီလုပ်ငန်းတွေက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး အကျိုးပြုပါတယ်။ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါတယ်"ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ရေပေးမြောင်းများ အဆင့်မြှင့်တင်မည့်ကိစ္စအပေါ် မှတ်ချက်ပြု ပြောကြားသည်။

ထိုသို့ ဆည်မြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းကြောင့် စိုက်ပျိုးရေ ပိုမိုရရှိစေခြင်း၊ ရေတူးမြောင်းများမှ သီးနှံစိုက်ခင်းများသို့ ရေအလုံအလောက် ပေးဝေနိုင်သဖြင့် ရေလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ခြင်း၊ ရေနုတ်မြောင်းများကို စနစ်တကျ တူးဖော်ခြင်းဖြင့် ရေပိုရေလျှံများကို ထိန်းချုပ်နိုင်ပြီး လယ်ယာမြေများကို ရေလွှမ်းမှုမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သုံးသပ်ထားသည်။

**ဇေယျာတု(မကွေး)**



## မိတ္ထီလာမြို့နယ်၌ စောစောရှာ အက်ပလီကေးရှင်း အသုံးပြုရေး အသိပညာပေး

**မိတ္ထီလာ မေ ၉**

မိတ္ထီလာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုနေသူများအား ထားရှိသည့် နေရာများ၌ စောင့်ကြပ်ကြည့်ရှုခံနေသူများတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိပါက ၎င်းနှင့် နီးစပ်ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်နိုင်ရန် အထောက်အကူဖြစ်စေမည့် "စောစောရှာ" မိုဘိုင်းအက်ပလီကေးရှင်းကို အသုံးပြုရေးအတွက် အသိပညာပေးမှုကို



မေ ၈ ရက်က ဆောင်ရွက်ခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိတ္ထီလာခရိုင် လူငယ်ရေးရာကော်မတီနှင့် ရတနာဦး လူငယ်များအဖွဲ့တို့နှင့် ပူးပေါင်း၍ မိတ္ထီလာမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုထားသော နေရာများဖြစ်သည့် အထက(ခွဲ) မုန်တိုင်၊ အမှတ်(၁၁၁) အမက(မူလွန်)၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းနှင့် အလကခွဲ(ရန်မျိုးအောင်)ကျောင်းတို့၌ စောင့်ကြပ်ကြည့်ရှုခံနေသူများအား စောစောရှာ မိုဘိုင်းအက်ပလီကေးရှင်း အသုံးပြုနိုင်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်အိအိသန်းက စောစောရှာ အက်ပလီကေးရှင်း အသုံးပြုနည်းများနှင့် အသုံးပြုခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် စောစောရှာ အက်ပလီကေးရှင်းကို စောင့်ကြပ်ကြည့်ရှုခံနေသူများ၏ ဖုန်းများတွင် ထည့်သွင်းပေးခဲ့သည်။ ထို့နောက် မိတ္ထီလာခရိုင် လူငယ်ရေးရာကော်မတီနှင့် ရတနာဦး လူငယ်များအဖွဲ့မှ အဖွဲ့ဝင်များက စောင့်ကြည့်ခံနေသူများအား နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာရည်ဘူးများ ပေးအပ်လှူဒါန်းခဲ့သည်။

မိတ္ထီလာမြို့နယ်၌ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုသည့်နေရာ ၁၂၃ ခုရှိပြီး စောင့်ကြပ်ကြည့်ရှုထားသူ ၃၀၆ ဦးရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ငမိုးရိပ်ချောင်းဘေးတစ်လျှောက် ကမ်းထိန်းပြုလုပ်ခြင်းလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်နှင့် ထိစပ်နေသော ငမိုးရိပ်ချောင်းဘေးတစ်လျှောက်၌ နှစ်စဉ် မိုးတွင်းကာလ ချောင်းရေတိုက်စားခြင်းကြောင့် ကမ်းပြိုခြင်းနှင့် ရေကြီးရေလျှံမှုများမှ ကင်းဝေးစေရန် ကမ်းထိန်းတည်ဆောက်သည့် လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၄၅၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းအထိ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကမ်းထိန်းတည်ဆောက်သည့်လုပ်ငန်းကို နေရာနှစ်ခု၌ ဆောင်ရွက်နေခြင်းဖြစ်ပြီး (င)ရပ်ကွက်ရှိ ဝဇီယာရေထိန်းတံခါးထိပ်နှင့် သန္တာရေထိန်းတံခါးထိပ်ကြား၌ အလျား ပေ ၁၆၂၀၊ နွယ်နီ ရေထိန်းတံခါးထိပ်၌ အလျားပေ ၃၀၀ ဖြစ်ကြောင်း၊ ယခုနှစ် ဩဂုတ်လတွင် လုပ်ငန်းအားလုံး အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းခွင်များတွင် အလုပ်သမား ၂၀၀ ကျော်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း အလုပ်သမားများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များကို လိုက်နာကြရန် အသိပေးခြင်းများလည်း ဆောင်ရွက်ထားကြောင်း (င)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အောင်ထံမှ သိရသည်။

**မြမြဝင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံမှ တောက်တဲ့မျိုးစိတ်သစ်များနှင့် ထုံးကျောက်တောင်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန်လို

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံတွင် တောက်တဲ့မျိုးစိတ်သစ် ထိန်းသိမ်းရေးကို သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့- မြန်မာ(FFI)၊ ဒေသခံပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ထုံးကျောက်လိုဏ်ဂူ စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ထုံးကျောက်တောင်ဂေဟစနစ် ထိန်းသိမ်းရေးစီမံချက်မန်နေဂျာ ဦးအောင်လင်းထံမှ သိရသည်။


ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဆဒ္ဒန်ဂူ။

အသစ်တွေ့ရှိသော တောက်တဲ့မျိုးစိတ်အများစုသည် ရှားပါးမျိုးစိတ်များဖြစ်ပြီး ၎င်းတို့သည် ထုံးကျောက်တောင်များတွင် အများဆုံးနေထိုင်လျက်ရှိသည်။ ထုံးကျောက်တောင်များကို အလေးထားကာကွယ်ထိန်းသိမ်းခြင်းမပြုပါက ယင်းဒေသတွင် နေထိုင်ကျက်စားသော တောက်တဲ့မျိုးစိတ်များ မျိုးသုဉ်းပျက်စီးသွားနိုင်သည်။ ထုံးကျောက်ဂူဂေဟစနစ်သည် ယင်းဂေဟတွင် ခိုလှုံနိုင်သော မျိုးစိတ်အမြောက်အမြားအတွက် အဓိက ခိုလှုံရာဖြစ်သည်။ ထုံးကျောက်တောင်ဒေသများရှိ တောက်တဲ့မျိုးစိတ်များသည် ရာသီဥတုအပေါ်မူတည်၍ သွားလာလှုပ်ရှားလေ့ရှိသည်။ မိုးရာသီတွင် ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တို့တွင် နေထိုင်လေ့ရှိပြီး နွေရာသီတွင် လိုဏ်ဂူအပြင်ဘက် ကျောက်နံရံနှင့် ကျောက်အက်ကွဲကြားများတွင် နေထိုင်လေ့ရှိသည်။ တောက်တဲ့တို့သည် အခြားတောရိုင်းတိရစ္ဆာန်များအား အစားအစာများကို ဖန်တီးပေးလေ့ရှိပြီး အစာကွင်းဆက်ကောင်းစေရန် ဂေဟဝန်ဆောင်မှုကို အကျိုးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ထုံးကျောက်လိုဏ်ဂူများကို ကချင်ပြည်နယ်အတွင်းရှိ ဧရာဝတီမြစ်ဖျားဒေသများ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် တွေ့ရှိနိုင်သည်။ ထုံးကျောက်ဂူဂေဟစနစ်တွင် နေထိုင်ကျက်စားကြသည့် မျိုးစိတ်များသည် သွင်ပြင်လက္ခဏာ ထူးခြားသော သဘာဝတောရိုင်းတိရစ္ဆာန်များဖြစ်သည်။ ထုံးကျောက်တောင်၊ ထုံးကျောက်ဂူများတွင် နေထိုင်ကျက်စားကြသော ဇီဝမျိုးစုံမျိုးကွဲများ လေ့လာရေးလုပ်ငန်းကို ရှမ်း၊ ကယား၊ ကရင်၊ မွန်ပြည်နယ်နှင့် တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့ရာ တောက်တဲ့မျိုးစိတ် ၄၀ ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

"မြန်မာနိုင်ငံမှာ တောက်တဲ့မျိုးစိတ်တွေ အဓိကခြိမ်းခြောက်ခံရတာကတော့ တောက်တဲ့တွေကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူတာ၊ ရိုးရာတိုင်းရင်းဆေးဖော်စပ်တဲ့နေရာမှာ သုံးတာ၊ စီမံခန့်ခွဲမှုအားနည်းတဲ့ ကျောက်တူးဖော်တာ၊ ဘိလပ်မြေကုန်ကြမ်းနဲ့ ဘိလပ်မြေလုပ်ဖို့ တူးဖော်တာနဲ့ ထုံးဖုတ်လုပ်ငန်းတွေ၊ လမ်းခင်းလုပ်ငန်းတွေမှာ သုံးတာ၊ လိုဏ်ဂူနဲ့ ပတ်ဝန်းကျင်တွေကို အလွန်အကျွံပြုပြင်တာနဲ့ တောမီးလောင်တာတွေကြောင့် တောက်တဲ့မျိုးစိတ်တွေ မျိုးသုဉ်းမှာကို စိုးရိမ်နေရပါတယ်" စီမံချက်မန်နေဂျာ ဦးအောင်လင်းက ရှင်းပြသည်။

ကမ္ဘာပေါ်တွင် တောက်တဲ့မျိုးစိတ်ပေါင်း ၁၈၀၀ ကျော်ရှိပြီး အရှေ့တောင်အာရှ၌ ကုန်းမြေမြင့်အကြီးဆုံး မြန်မာနိုင်ငံတွင် ဂေဟစနစ်မျိုးစုံရှိပြီး တောက်တဲ့မျိုးစိတ် ၇၀ ကျော်ရှိသည်။ တောက်တဲ့များသည် နှစ်ပေါင်းများစွာကဆင့်ကဲဖြစ်စဉ်များအရ ရေရှည်အသက်ရှင်သန်နေထိုင်ရန်နှင့် ၎င်းတို့၏ ရန်သူများကို ရှောင်ရှားနိုင်ရန်အတွက် ထူးခြားသော ဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ တောက်တဲ့မျိုးစိတ်သစ်များ မျိုးမသုဉ်းစေရေးအတွက် ထုံးကျောက်တောင်ဒေသများအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **ရဲသိန်း**


ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ ထုံးကျောက်ဂူအတွင်းမှ တွေ့ရှိရသည့် တောက်တဲ့တစ်ကောင်။

# မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မကွေး မေ ၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"မကွေးမြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၂၁၆ ရွာရှိပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာတော့ မြို့နယ်အတွင်းက နှစ်စဉ်လိုလို သောက်သုံးရေရှားပါးလို့ ရေပေးဝေခဲ့ရတဲ့ရွာတွေနဲ့ အခြားရေရှားပါးပြတ်လပ်နိုင်တဲ့ ကျေးရွာတွေဖြစ်တဲ့ ကျေးရွာ ၁၂ ရွာကို ဦးစားပေးပြီး တွင်းနက်စက်ရေတွင်းသစ် ရှစ်တွင်းနဲ့ အခြားရေရရှိရေးလုပ်ငန်း တစ်ခုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၂၄၁ သန်းနဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ရေရရှိရေးလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက ပြောသည်။

"မြို့နယ်အတွင်းမှာ ရှိတဲ့ ကျေးလက်နေပြည်သူများ နွေရာသီကာလမှာ သောက်သုံးရေ လုံလောက်စွာ ရရှိဖို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွေနဲ့ တိုင်ပင်ပြီး ဦးစားပေးအလိုက် ရွေးချယ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းပြည်ပ NGOs/ INGOs အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက အလှူရှင်တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ မိုးရာသီ မတိုင်မီ ရေတွင်းရေကန်တွေ ခန်းခြောက်ပြီး သောက်သုံးရေရှားပါးမှု ကြုံတွေ့လာရင်လည်း အမြန်ဆုံး ဖြန့်ဝေပေးသွားမှာပါ။ ကျေးရွာတွေမှာ ရေပြတ်လပ်မှုရှိရင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်းနံပါတ် ၀၆၃-၂၈၃၉၈ ကို ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်"ဟုလည်း ဦးစီးမှူးက ဆက်ပြောသည်။ အဆိုပါ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းကြောင့် ကျေးရွာ ၁၂ ရွာရှိ အိမ်ခြေ ၁၈၂၈ အိမ်၊ လူဦးရေ ၈၀၀၀ နီးပါးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**


ဆောင်ရွက်ပြီးစီးနေသော ကျေးရွာရေရရှိရေးလုပ်ငန်းတစ်ခု

# ဖယ်ခုံမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း

**ဖယ်ခုံ မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ခေါင်းအိုကျေးရွာအုပ်စုအတွင်းရှိ ခေါင်းအို-ကောင်ဝှပ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ မေ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

"ခေါင်းအို-ကောင်ဝှပ်လမ်းက ခုနစ်မိုင် လေးဖာလုံ ရှည်ပြီးတော့ မြေသားလမ်းကို ၂၀၁၅-၂၀၁၆ က စတင်ဖောက်လုပ်ခဲ့တာပါ။ မြေသားလမ်းကို ၂၀၁၈-၂၀၁၉ မှာ အပြီး ဆောင်ရွက်နိုင်ခဲ့ပြီးတော့ အဲဒီနှစ်ထဲမှာပဲ ကျောက်ချောလမ်း နှစ်မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခု ၂၀၁၉-၂၀၂၀ မှာလည်း ပြည်ထောင်စုအစိုးရ ရန်ပုံငွေ ကျပ် ၂၄၉ ဒသမ ၂ သန်းနဲ့ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း နှစ်မိုင်ကို 4B3S ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါ ခေါင်းအို-ကောင်ဝှပ် ကျေးရွာချင်းဆက်လမ်းတစ်လျှောက်တွင် ကွန်ကရစ်တံတား သုံးစင်း၊ လမ်းဖြတ်တံတားငယ်ရှစ်စင်းနှင့် ရေထုတ်ပြွန်ကိုးစင်းတို့ ပါဝင်ကြောင်း၊ လုပ်ငန်းများအားလုံးပြီးစီးပါက ယင်းလမ်းနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာလေးရွာမှ အိမ်ထောင်စု ၈၁၀၊ လူဦးရေ ၃၁၀၀ ခန့်၏ လူမှုဘဝများကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# လယ်ယာမြေ ဧက ၉၀၀ ကျော်ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းနှင့် တံတားလေးစင်း တည်ဆောက်

**ပေါင်းတည် မေ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အင်းကြီးကျေးရွာရှိ လယ်ယာမြေ ဧက ၉၀၀ ကျော်မှ လယ်ယာထွက်ကုန်များကို မြို့ပေါ်ဈေးကွက်များသို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်လျက် အရှည်နှစ်မိုင်ရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ယင်းကုန်ထုတ်လမ်းပေါ်၌ တံတားလေးစင်းကို တည်ဆောက်နေကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းမှာ အကျယ် ၁၈ ပေရှိသည့် မြေနီကျောက်စရစ်ခင်းမြေသားလမ်းဖြစ်ပြီး လမ်းပေါ်တွင် အရှည် ၂၄ ပေ၊ အကျယ် ၄ ပေ ၉ လက်မရှိ တံတား နှစ်စင်းနှင့် အရှည် ၁၂ ပေ၊ အကျယ် ၁၄ ပေရှိ တံတားနှစ်စင်း ပါဝင်ကြောင်း၊ တင်ဒါအောင်မြင်သော အောင်ခေတ်သစ်ကုမ္ပဏီက မူလခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၁၁ သန်းဖြင့် ၂၀၁၉ ဒီဇင်ဘာ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၇၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးယုနိုင်လင်းက ပြောကြားသည်။ **ငြိမ်းသူ**

# လှိုင်းဘွဲ့မြို့နယ်မှ ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**လှိုင်းဘွဲ့ မေ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသည့် ကျေးရွာများသို့ သောက်သုံးရေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ကျေးရွာများအရောက် လိုက်လံဖြန့်ဝေပေးလျက်ရှိရာ မေ ၈ ရက်တွင် ကော့ပေါကျေးရွာ၌ ရေများသွားရောက်ဖြန့်ဝေပေးခဲ့သည်။

လှိုင်းဘွဲ့မြို့နယ် မီးသတ်ဦးစီးမှူး ဦးလှိုင်ထွေး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက တပ်ဖွဲ့ပိုင်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို ကျေးရွာနေပြည်သူများထံ အိမ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ လှိုင်းဘွဲ့မြို့နယ်အတွင်း ယခုရက်ပိုင်း ရာသီဥတုပူပြင်းမှုကြောင့် ကျေးရွာအချို့၌ ရေတွင်းများ ခန်းခြောက်လာကာ ရေအခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိသဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် ရေလိုအပ်သောရွာများသို့ ရေများဆက်လက်ဖြန့်ဝေပေးသွားမည်ဟု သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**


ကျေးရွာနေပြည်သူများထံသို့ ရေများဖြန့်ဝေပေးနေစဉ်

## ဦးကျော်သောင်း(B.A, R.L,H.G.P)
### တရားမ ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်(မန္တလေး)(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ လှိုင်သီရိ(၁)လမ်း၊ အမှတ် ၈၃၇နေ (ဦးလှအောင်-ဒေါ်အေးသင်)တို့၏သား၊ (ဦးကြည်မောင်-ဒေါ်နှင်းမြိုင်)တို့၏သားသမက်၊ ဒေါ်ညွန့်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊ဦးအောင်အောင်မင်း-ဒေါ်အေးအေးခိုင်တို့၏အစ်ကို၊(ဦးတင်နိုင်သောင်း)-ဒေါ်ဝင်းဝင်းချို၊ ဦးစိုးလွင်သောင်း-ဒေါ်ခင်အေးစိုး၊ ဦးသန်းဝင်းအောင်-ဒေါ်သီတာသောင်း၊ မန္တလေးမြို့ နေ (ဦးဝင်းမင်းအောင်)(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဥမ္မာသောင်း(တရားလွှတ်တော်ရှေ့နေ)၊(မောင်ကျော်ကျော်မင်း)တို့၏ဖခင်၊ မောင်ဟိန်းထက်နိုင်၊ မောင်သူထူးအံ့၊ မောင်မင်းသန့်နိုင်၊ မရွှေစင်သန့်၊ မခခသစ္စာ၊ မသန့်နဒီအောင်တို့၏ အဘိုးသည် ၉-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဦးမြသွင်လင်း အသက် (၈၅)နှစ်
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး

ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၃၅ နေ ဒေါက်တာ ဦးမြသွင်လင်း(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)သည် ၅-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

## အထူးဝမ်းနည်းကြေကွဲခြင်း

ပခုက္ကူမြို့၊ (၄)ရပ်ကွက်၊ နေသူရိန်လမ်းနေ (ဦးမောင်မောင်ကြည်)-ဒေါ်ခင်စောမြင့်တို့၏သားကြီး ဦးကိုကိုအောင် (အသက် ၄၉နှစ်) (ညွှန်ကြားရေးမှူး-ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)သည် ၈-၅-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၂-၁၉၈၈ ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့
အထက (၁)၊ ပခုက္ကူမြို့

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောဂလက်စတုံး
### ပစ္စည်းထိန်းချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး ၂လမ်း၊ အမှတ် ၁နေ ဒေါ်ဗွီနီရာ(ရဲချုပ်ရုံး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နော်မူတာကပေါ(ဒုညွှန်ချုပ်-စီးပွား/ကူးသန်း)၊ ဒေါက်တာ နော်စီဘလု-ဒေါက်တာ ဝင်းမြတ်အောင်(ဒုညွှန်မှူး၊ -SEAMEO-CHAT အဆင့်မြင့်ပညာဦးစီးဌာန)၊ စောမိုရှေးတို့၏ချစ်လှစွာသောဖခင်သည် ၉-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ထိန်ပင် ခရစ်ယာန် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစောဂလက်စတုံး အသက်(၈၆)နှစ်
### ပစ္စည်းထိန်းချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၏ဖခင် ဦးစောဂလက်စတုံးသည် ၉-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ဝန်ထမ်းမိသားစုများ
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်လမ်း၊ သာယာရွှေပြည်ရိပ်မွန်၊ အမှတ် 5/C နေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းသန်းဆွေ(ကြံခင်း) အသက် (၇၇)နှစ်သည် ၄-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်မြမြ
ရွှေမြင့်မိုရ်အထပ်သားရောင်းဝယ်ရေး၊ မန္တလေးမြို့

## ဦးဟန်ညွန့်(AGTI-EC)
### တာဝန်ခံအင်ဂျင်နီယာ(ငြိမ်း)(အဝေးဆက်)
### မကွေးမြို့
### အသက်(၇၂)နှစ်

မကွေးမြို့ ၊ ကန်သာရပ်ကွက် (၅)လမ်း၊ A-147 နေ (ဦးထွန်းကျော်-ဒေါ်စောမြ)တို့၏သား၊ (ဦးတင်မောင်-ဒေါ်ချစ်ချစ်တင်)တို့၏သားသမက်၊ ဒေါ်ခင်ခင်မြင့် (စာကြည့်တိုက်မှူး-ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်သိန်း-ဒေါ်ခင်ထွေးကြည်၊ (ဦးအောင်ရှိန်-ဒေါ်သန်းရွှေ)၊ ဦးစန်းလှမောင်-ဒေါ်ညိုညို၊ ဗိုလ်မှူးခင်မောင်ရွှေ(ငြိမ်း)-ဒေါ်နွဲ့နွဲ့မြင့်၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ/အစ်ကို၊ ဒုမှူးကြီးမောင်မောင်-ဒေါက်တာဝင်းလဲ့ကြည်၊ မောင်အောင်ဇေယျမောင်မောင်၊ မောင်အောင်ပြည့်ဝန်းမောင်မောင်တို့၏ဖခင်၊ မဆုသံစဉ်ဦး၏အဘိုးသည် ၈-၅-၂၀၂၀ရက် ညနေ ၆:၁၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ရက် နံနက် ၉:၃၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်တွင် တရားနာပြီး ရေဝေးသုသာန်သို ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ငြိမ်း
### (တော်ကူးကျေးရွာ)
### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးအနောက်စံပြကျေးရွာနေ (ဦးအောင်ညွန့်-ဒေါ်စိန်)တို့၏သား၊ (ဦးသောင်းဟန်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ငြိမ်း၏မောင်၊ ရန်ကုန်မြို့၊ အမှတ် ၄၊ ဣန္ဒနီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်ချို၏ခင်ပွန်း၊ ကိုသန့်ဇင်အောင်၏ဖခင်သည် ၉-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိန်ထွန်း
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ တ/၈၄နေ (ဦးမြမောင်-ဒေါ်အေးကြည်)တို့၏သား၊ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ မဇင်ဇင်ထွန်း၊ ဦးအောင်ထွန်း-မပြည့်မြတ်သူတို့၏ဖခင်၊ မဆုလာဘ်ပြည့်သူတို့အဘိုးသည် ၈-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂:၄၅နာရီတွင် အောင်ဆန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၀ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွန်း(ထွန်းထွန်း)
### ရန်ကင်း
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၁၆၆)၊ အခန်း (၄)နေ (ဦးအောင်-ဒေါ်ကြင်သန်း)တို့၏သား၊ ဦးလှအောင်၏တူ၊ ဒေါ်မြင့်မြင့်ဆွေ(CB ဘဏ်)၊ ဗိုလ်မှူးကြီး ဝင်းမြင့်(ငြိမ်း)-ဒေါ်ဒေါ်လီခင်တို့၏မောင်၊ ဦးအောင်သက်ဦး (Smile World Company)-ဒေါ်လှလှဝေတို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေး၊ ဒေါ်နွယ်နီသောင်းတင် (ရန်ကုန်အနောက်ပိုင်းခရိုင်လမ်းဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်းသည် ၈-၅-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွား နေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကိုလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင် သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

## ဦးကျော်ဟန် အသက်(၈၇)နှစ်
### (တပ်မတော်-လေ၊ ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ 2(B)၊ အခန်းအမှတ် (1111)နေ ဒေါ်အေးအေး၏ခင်ပွန်း၊ ဒေါ်သင်းသင်းဦး၊ ဦးဇော်မင်းနိုင်-ဒေါ်ဆင့်ဆင့်ဝေ၊ ဦးဇော်မိုးအောင်၊ ဒေါ်ဖြူနှင်းဥ၊ ဦးညီညီလွင်တို့၏ဖခင်၊ မခိုင်ဇင်ဝေ၊ မဆုအိမ်စည်၊ မောင်မင်းမိုးပိုင်တို့၏ ဘိုးဘိုးသည် ၇-၅-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့်
### (ချောက်မြို့)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ စွမ်းအင်လမ်း၊ အမှတ် ၆၁၀နေ (ဦးမာဒင်-ဒေါ်လုံးတင်)တို့၏သမီး၊ (ဦးလှဖေ-ဒေါ်သက်ကြွယ်)တို့၏ချွေးမ၊ ဦးအေးကြည်(MPPE ငြိမ်း) ၏ဇနီး၊ ဦးသက်ထွန်း(MPPE ငြိမ်း)-ဒေါ်သန်းသန်းမာ(MPPE ငြိမ်း)၊ဦးမျိုးညွန့် (ဖြန့်- ၁)(MPPE)-ဒေါ်အေးအေးမိုး၊ ဦးရဲထွန်း(တပ်မတော်-ရေ)-ဒေါ်မြင့်မြင့်အေး၊ ဦးလှထွဋ်-ဒေါ်ဝေဝေလွင်၊ ဒေါ်ခိုင်ဇင်မြင့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၉-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်အောင်လွင်(ဘိုကြီး)
### ငယ်/ယာ-၃(မြို့ပြ)(တည်ဆောက်ရေး-၃)
### အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ မေတ္တာလမ်း၊ အခန်း (A-1)၊ တံတားတည်ဆောက်ရေး(၃)ဝင်းနေ ဦးချစ်-(ဒေါ်တင်တင်)တို့၏သား၊ ဦးနုတင်-ဒေါ်ညွန့်ညွန့်(တံတားဦးစီးဌာန)၊ ဦးချိုကြီး-ဒေါ်မြဝင်းကြည်(ပြည်မြို့)တို့၏ညီ၊ ဒေါ်ခင်ညိုသန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်သန့်လွင်(စော်ကဲတံတားစီမံကိန်း)၊ မောင်မင်းသက်ခိုင်(ပြည်-ကွန်ပျူတာတက္ကသိုလ်)တို့၏ဖခင်သည် ၉-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၄ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကိုကိုအောင်
### ညွှန်ကြားရေးမှူး(မြို့ပြ)
### ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### အသက် (၄၉) နှစ်

ပခုက္ကူမြို့၊ အမှတ် (၄)ရပ်ကွက်၊ နေသူရိန်လမ်းနေ(ဦးမောင်မောင်ကြည်)၊ ဒေါ်ခင်စောမြင့်တို့၏သားကြီး၊ (ဦးဇော်မင်းလွင်)ဒေါ်မိုးကြည်ထွေးတို့၏အစ်ကိုကြီး၊ မခင်ငြိမ်းသန့်၊ မမေငြိမ်းခန့်တို့၏ချစ်လှစွာသောဦးကြီး၊ ဦးကိုကိုအောင် (ညွှန်ကြားရေးမှူး (မြို့ပြ)၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)သည် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ၈-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၀ ရက် နံနက် ၁၁:၀၀ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုအောင် အသက်(၄၉)နှစ်
### ညွှန်ကြားရေးမှူး(မြို့ပြ)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)လမ်းတံတား ထိန်းသိမ်းရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကိုကိုအောင်သည် ၈-၅-၂၀၂၀ ရက်တွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်ဂျင်နီယာချုပ် ဦးစိုးထွန်းနိုင်နှင့်
ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊
ဝန်ထမ်းမိသားစုများ


## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဂူလာမ်ဟူစိန်ဆာဒတ်
### အသက်(၇၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၀၃(ငါးလွှာ)နေ ရာရှင်ဟာရှင်လိုတီးယား-ဒေါ်ရွှတ်စီးမာဂျူးတို့၏အစ်ကို၊ (ဒေါ်ခင်သန်းအေး(ခ)ဒေါ်ဂိုရီလိုတီးယား)၏ခင်ပွန်း၊ စလင်းဆာဒတ်(ခ)ဝင်းအောင်ကျော်-ဒေါ်ရှာ ကေယားလာလား(သားသားလေးရေခဲမုန့်၊ ပြည်)၊ အလီမာမတ်ဆာဒတ်(ခ)အောင်မင်းသူ (Myanmar Zumba Instructor)တို့၏ဖခင် ဂူလာမ်ဟူစိန်ဆာဒတ်(ခ)ဦးမောင်ဝင်း(ပါပူးကြီး)သည်၇-၅-၂၀၂၀ရက် နံနက် ၉:၃၀နာရီတွင် အထက်ပါနေအိမ်၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးစွန္နီမွတ်စလင်(မ်)ကဗရ်စတာန် ဥယျာဉ်တော်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ Kookmin Bank နှင့် BOC's partner, SK Energy and Sk Trading International တို့မှ COVID-19 Test Kits နှင့် VTM များ ပေးအပ်လှူဒါန်း




ရန်ကုန် မေ ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Kookmin Bank နှင့် BOC's partner, SK Energy and Sk Trading International တို့မှ (COVID–19) Test Kits နှင့် Viral Transport Medium (VTM) များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်း အမှတ် (၅) ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လီဆန်ဟွာနှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းတို့က အမှာစကားပြောကြားပြီး Kookmin Bank နှင့် BOC's partner, SK Energy and Sk Trading International တို့မှ တာဝန်ရှိသူများက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ Kookmin Bank နှင့် BOC's partner, SK Energy and Sk Trading International တို့မှ တာဝန်ရှိသူများက COVID–19 Test Kits နှင့် VTM များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ (ဝဲပုံ)

*စာမျက်နှာ ၉ ကော်လံ ၅* ◆

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် နောက် ၉၆ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ပဲခူးစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်-၁၉ အသိပညာပေးဆောင်ရွက်

ပဲခူး မေ ၉

**ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး ဦးဆောင်သော အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ပဲခူးမြို့စက်မှုဇုန်အတွင်းရှိ မြန်စတားအထည်ချုပ်စက်ရုံသို့ သွားရောက်၍ ကိုဗစ်–၁၉ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သည်။**

အဆိုပါ အသိပညာပေးဆောင်ရွက်ရာတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက "ဒီနေ့ လက်ကမ်းစာစောင် ဖြန့်ဝေပေးတာက တစ်နေ့ တစ်ကြိမ်တည်း လိုက်နာဖို့ မဟုတ်ဘဲ ကိုဗစ်–၁၉ ကာလ မပြီးဆုံးမချင်း မိမိတို့၏ မိသားစုနဲ့အတူ စနစ်တကျလိုက်နာစေဖို့၊ အိမ်ပြန်တဲ့အခါနဲ့ အပြင်ထွက်တဲ့အခါ ဆောင်ရန် ရှောင်ရန်အချက်အလက်တွေကို လိုက်နာဆောင်ရွက်စေဖို့ကို လက်ကမ်းစာစောင်ထဲမှာ စနစ်တကျရေးပေးပြီး ဖြန့်ဝေပေးခဲ့ပါတယ်" ဟု ပြောကြားသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ မြန်စတားအထည်ချုပ်စက်ရုံတွင် ကိုဗစ်–၁၉ ရောဂါ အသိပညာပေးဆောင်ရွက်စဉ်။

အသိပညာပေး၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကျန်းမာရေး ညွှန်ကြားချက်များအား ပဲခူးမြို့ရှိ

*စာမျက်နှာ ၉ ကော်လံ ၅* ❍




ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ပီဂျာနစ်။

## လာမည့်ရာသီတွင် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ပီဂျာနစ် သဘောတူ

ဂျူဗင်တပ်စ်အသင်းမှ ဘော့စနီးယားကွင်းလယ်ကစားသမား အသက် ၃၀ ရှိ ပီဂျာနစ်သည် လာမည့်ရာသီတွင် စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အီတလီအခြေစိုက် သတင်းများတွင် ဖော်ပြထားသည်။ ပီဂျာနစ်နှင့် ကစားသမားအလဲအထပ်အစီအစဉ်တွင် ဘာစီလိုနာအသင်းက အာသာမယ်လို ကို ဂျူဗင်တပ်စ်အသင်းသို့ ကမ်းလှမ်းထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လာလီဂါချန်ပီယံသည် အဆိုပါ ဘော့စနီးယား ကွင်းလယ်ကစားသမားကို ယခုနှစ်ရာသီတွင် ခေါ်ယူရန် ချဉ်းကပ်နေခြင်းဖြစ်ပြီး လာမည့်ရာသီမှသာ ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ ပီဂျာနစ်ကို ကစားသမားအလဲအထပ်ဖြင့် ခေါ်ယူရန်အတွက် ဘာစီလိုနာအသင်းသည် အသင်းမှ အာသာမယ်လိုဖြင့် ဂျူဗင်တပ်စ်အသင်းသို့ ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် အာသာမယ်လိုသည် နူးကမ့်၌ ပြီးခဲ့သည့်နှစ်ရာသီတွင် ၆၇ ပွဲ ပါဝင်ကစားထားကြောင်း သိရပြီး ဘာစီလိုနာအသင်းနှင့် ၂၀၂၄ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ ဘာစီလိုနာအသင်းသည် ဂျူဗင်တပ်စ်အသင်းအနေဖြင့် ပီဂျာနစ်နှင့် အလဲအထပ်အစီအစဉ်တွင် ၎င်းတို့ ကမ်းလှမ်းထားသည့် အာသာမယ်လိုကို ခေါ်ယူရန် ငြင်းဆန်ခဲ့ပါက ဗီဒယ်နှင့် ရာကီတစ်တို့ဖြင့် အဆိုပြုကမ်းလှမ်းသွားရန် အဆင်သင့်ရှိနေကြောင်းလည်း သိရသည်။

ဘာစီလိုနာအသင်းသည် ယခင်က ပီဂျာနစ်ကို ခေါ်ယူရန် သုံးကြိမ်ကမ်းလှမ်းခဲ့ဖူးပြီး မအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပီဂျာနစ်သည် ၂၀၁၆ ခုနှစ်တွင် ရိုးမားအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက်

*စာမျက်နှာ ၈ ကော်လံ ၅* ❖

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၁၀၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

❍ တွေ့ဆုံမေးမြန်း - သီသီမင်း၊ ဓာတ်ပုံ-လှမျိုးအောင်(ပြန်/ဆက်)

**ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှု၊ စီးပွား၊ ဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေးနည်းစနစ်များ တိုးတက်မြင့်မားလာစေရေး၊ စက်မှုဇုန်များ ပေါ်ထွန်းလာစေရေး၊ လျှပ်စစ်မီးရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် တစ်ဦးချင်းဝင်ငွေများ တိုးတက်ရရှိလာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဒေသဖွံ့ဖြိုးရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်သူများအတွက် ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

**မေး ။ ။ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး သိပါရစေရှင့်။**

**ဖြေ ။ ။** ရောဝတီတိုင်းဒေသကြီးအတွင်းမှာ မြို့နယ်ပေါင်း ၂၆ မြို့နယ်၊ မြို့ ၁၉ မြို့နဲ့ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၁၁၈၆၀ ရှိပြီး လူဦးရေ ၆၃ သိန်းကျော် နေထိုင်လျက်ရှိပါတယ်။ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး အုပ်ချုပ်ရေးကဏ္ဍအနေနဲ့ ပြည်သူလူထုလိုလားတဲ့ အုပ်ချုပ်ရေးဝန်ထမ်းကောင်းတွေ ဖြစ်ပေါ်လာစေဖို့အတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာတာဝန်ခံတွေနဲ့ ရာအိမ်မှူးတွေအတွက် သင်တန်းတွေကို တစ်တိုင်းလုံးနီးပါး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လူထုတွေ့ဆုံပွဲတွေအနေနဲ့ မြို့နယ်တွေမှာ အုပ်ချုပ်မှု ပိုမိုကောင်းမွန်ဖို့ ဆောင်ရွက်ခဲ့တဲ့အပြင် မြို့နဲ့လက်လှမ်းမမီတဲ့ နေရာတွေကို မြို့နယ်အဆင့် လူထုတွေ့ဆုံပွဲတွေပြုလုပ်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ဦးဆောင်တဲ့ ဌာနဆိုင်ရာတွေက တစ်လလျှင် နှစ်ကြိမ်ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေရဲ့ တင်ပြချက်တွေကို ဖြေရှင်းဆောင်ရွက်ပေးတဲ့အပြင် Mobile Service Delivery အနေနဲ့ ပြည်သူတွေကို ဝန်ဆောင်မှုပေးရာမှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားပေါင်း တစ်သန်းကျော်ကို ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပြည်သူတွေ အေးချမ်းစွာနေနိုင်ဖို့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့အပြင် တရားမဝင် ဝင်ရောက်လာသူပေါင်း ၁၉၆ ဦးကို ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူတွေ လူမှု၊ စီးပွား၊ ဘဝ ဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ စီမံကိန်းချမှတ် ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ ။ ။** လူတစ်ဦးရဲ့ ပျမ်းမျှထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး ၂၁ သိန်းကျော်ရရှိဖို့ မျှော်မှန်းချက်ထားပြီး ဆောင်ရွက်ခဲ့ရာမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

*အချပ်ပို (ခ) သို့*




ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်



ဝါးခယ်မမြို့နယ် ပန်းတနော်-ရွှေလောင်း - ဝါးခယ်မ- ကျုံမငေးလမ်းပေါ်ရှိ ရွှေလောင်းတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။



ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေလည်ပတ်သည့် ချောင်းသာကမ်းခြေ။

*အချပ်ပို (က) မှ*

ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာမှာ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်မှာ Pathein Industrial City ကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မအူပင်မြို့နယ်မှာ Maubin Industrial Park ကို အထည်ချုပ်စက်ရုံနဲ့ ဖိနပ်စက်ရုံတွေ ဝင်ရောက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ စိုက်ပျိုးရေးကို အခြေခံတဲ့ တိုင်းဒေသကြီး ဖြစ်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

**ဖြေ ။** ။ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုရင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အဖြစ် သစ်စိမ်းမြေဩဇာလို့ခေါ်တဲ့ ပိုက်ဆံလျှော်ကို ခရိုင်ပေါင်း ၆ ခရိုင်ရှိ လယ်မြေဧက ၉၉၃ ဧကမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုပိုက်ဆံလျှော်ကို အသုံးပြုတဲ့အတွက် တစ်ဧကကို အထွက်နှုန်း ၃ ဒသမ ၆ တင်း ကနေပြီး ၈ ဒသမ ၃ တင်း အထိ ပိုမိုထွက်ရှိကြောင်းကို ပြသနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဆောင်းရာသီမှာ ပိုက်ဆံလျှော်မျိုးစိတ်ထုတ်ဧက ၃၉၀ ကို စိုက်ပျိုးခဲ့ပြီး ပိုက်ဆံလျှော်မျိုးစေ့ တင်းပေါင်း ၃၉၀ ဒသမ ၅၀ ကို စိုက်ပျိုးခဲ့၍ ပိုက်ဆံလျှော်မျိုးစေ့ တင်းပေါင်း ၃၉၅၀ ထွက်ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီမှာ ဧကပေါင်း ၁၆၀၀၀ ခန့်ကို သစ်စိမ်းမြေဩဇာ မြေမြှုပ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။

၂၀၁၉ ခုနှစ် ဆောင်းရာသီမှာ ပြောင်းစိုက်ပျိုးဧက ၁ ဒသမ ၅၃ သိန်းကို ငမြှောင်တောင်ဖျက်ပိုး(Faw)ကျခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ ကုမ္ပဏီတွေနဲ့ပူးပေါင်းပြီး ကောင်းကင်ဆေးဖျန်းစက် ၅ စင်း၊ ကျောပိုးဆေးဖျန်းစက်အလုံး ၁၅၀၊ ဓာတုပိုးဖျန်းဆေးရည်ဧက ၂၃၀၀ ကို ပံ့ပိုးကူညီနိုင်ခဲ့ပြီး ဧကပေါင်း ၄၅၉၆၇ ဧကကို ပက်ဖျန်းကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။

## “ရောဝတီတိုင်းဒေသကြီးအတွင်းမှာ တာတမံ ၅၄ နေရာ ပြုပြင်ပေးနိုင်ခဲ့ပြီး ရေဘေးအန္တရာယ် ကာကွယ်ရေးနဲ့ မိုးစပါးစိုက်ဧက ၈ ဒသမ ၄ သိန်းအတွက် ရေနုတ်မြောင်း ၁၇၆ မြောင်း တူးဖော်နိုင်ခဲ့ပါတယ်။ ဧရိယာအားဖြင့် ၂ ဒသမ ၃ သိန်း ဧကကျော်ကို ရေကြီးနစ်မြုပ်မှုကနေ ကာကွယ်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးရေ ရရှိရေးအတွက် အကျိုးဖြစ်ထွန်းခဲ့”

မြို့နယ်တိုင်းတွင် ကျောပိုးအိတ်ဖျန်းစက်အလုံး ၂၆၀ နှင့် ပိုးသတ်ဆေး/ ရောဂါသတ်ဆေး ဧက ၅၂၀၀ ကို အရန်အသင့် စုဆောင်းထားရှိပါတယ်။ စိုက်ခင်းများ အောင်ရေရရှိပြီး စိုက်ဧကတိုးတက်စေရန် ၃ လက်မ စက်ရေတွင်း ၇၉ တွင်း တူးဖော်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးဧကပေါင်း ၁၁၈၅ ဧကကို အကျိုးပြုလျက်ရှိပါတယ်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ တစ်နှစ်တာကာလအတွင်း တိုက်ရိုက်တိုင်ကြားလာသည့် အမှုပေါင်း ၁၆၃၄ အနက် အမှုပေါင်း ၉၂၁ မှု ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲအမှုပေါင်း ၇၁၃ မှုရှိကာ ရာခိုင်နှုန်းအားဖြင့် ၅၆ ဒသမ ၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စုမှာ ပြခန်းပေါင်း ၃၆ ခန်းနဲ့ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာ တောင်သူ ၆၃၉ ဦးထံ သိမ်းဆည်းမြေဧရိယာ ၂၉၆၅ ဒသမ ၂၃ ဧကကို လက်ဝယ်အရောက် ပြန်လည်ပေးအပ်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ဆည်မြောင်းကဏ္ဍ ဆောင်ရွက်ခဲ့မှုတွေကို သိပါရစေရှင့်။**

**ဖြေ ။** ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ တာတမံ ၅၄ နေရာ ပြုပြင်ပေးနိုင်ခဲ့ပြီး ရေဘေးအန္တရာယ် ကာကွယ်ရေးနဲ့ မိုးစပါးစိုက်ဧက ၈ ဒသမ ၄ သိန်းအတွက် ရေနုတ်မြောင်း ၁၇၆ မြောင်း တူးဖော်နိုင်ခဲ့ပါတယ်။ ဧရိယာအားဖြင့် ၂ ဒသမ ၃ သိန်း ဧကကျော်ကို ရေကြီးနစ်မြုပ်မှုကနေ ကာကွယ်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးရေ ရရှိရေးအတွက် အကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ရေတံခါးပေါင်း ၃၀ ကို ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီး နွေစပါးစိုက်ဧက တစ်သိန်းအတွက် အကျိုးပြုနိုင်ခဲ့ပါတယ်။

ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းမှာ ဧကပေါင်း ၁၆၆၀၀၀၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ၁၁၈၅၁ ဧကနဲ့ စက်ဖြင့် စပါးစိုက်ပျိုးခြင်းလုပ်ငန်း ၂၂၅ ဧက တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းအနေနဲ့ ဇလွန်မြို့နယ် ပက်တန်းကျေးရွာမှာ ဧက ၁၅၀၊ ဟင်္သာတမြို့နယ် မြို့ကွင်းကျေးရွာမှာ ဧက ၁၀၀ နဲ့ မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာမှာ ဧက ၁၀၀ စုစုပေါင်းဧက ၃၅၀ ခန့်ကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ သစ်တောကဏ္ဍ ဆောင်ရွက်နေမှုကို သိပါရစေ။**

**ဖြေ ။** ။ တိုင်းဒေသကြီးအတွင်းမှာသစ်တောမြေဧရိယာ ၁၅၄၁၂၆၅ ဧကရှိတဲ့အနက် သစ်တောပြုန်းတီးမှုတွေကြောင့် နိုင်ငံတော်ပိုင် စိုက်ခင်းဧက ၆၄၅၀ ကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်း နိုင်ငံတော်ပိုင် စိုက်ခင်း ၅၈၈၅ ဧကတည်ထောင် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၇၈၄၇၀၄၀ ကို တည်ထောင်စိုက်ပျိုးထားပါတယ်။

**မေး ။ ။ မွေးမြူရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိပါရစေ။**

*အချပ်ပို (ဂ) သို့*



ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ထိန်ပင်မြောင်(အထက်)ကျေးရွာရှိ နေရောင်ခြည်စွမ်းအင်သုံး အသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံ။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချုပ်ပို (ခ) မှ*

**ဖြေ ။** ။ တိုင်းဒေသကြီးအတွင်းမှာ ငါးသားပေါက်ကောင်ရေ ၂၁၈ သိန်းကျော် မျိုးစိုက်ထည့်ပြီး ရေချိုငါးသားပေါက်စခန်း ၅ ခုက ငါးသားပေါက်ကောင်ရေသိန်း ၁၂၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ငါးနဲ့ ပုစွန် မွေးမြူရေးကန်တွေရှိတဲ့အတွက် ဒေသတွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်လျက်ရှိပါတယ်။ လပွတ္တာမြို့နယ်အတွင်း ကဏန်းပျော့ မွေးမြူရေးကန် ၂၇၆ ဒသမ ၉၇ ဧကနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း ဂရန်အင်းပေါင်း ၁၇၇၇ အင်းနဲ့ တင်ဒါပိုက်ချက် ၂၀၆၆ ချက်တို့ကို ရေလုပ်သား အစုအဖွဲ့တွေအား အင်းလုပ်ကိုင်ခွင့်များ ချထားပေးမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်မှာ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ (၁/၂၀၁၉) အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်မှာ တိရစ္ဆာန်တွေ ခေတ္တနေထိုင်စေရေးအတွက် မြို့နယ် ၇ မြို့နယ်မှာ Animal Safe Land & Shelter ၇ လုံး တည်ဆောက်ထားပါတယ်။ ဒ့ါပြင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ဟင်္သာတမြို့နယ် ဝဲကြီးကျေးရွာနဲ့ အင်္ဂပူမြို့နယ် နံကပ်ပြင်စုကျေးရွာတို့မှာ Animal Safe Land & Shelter ၂ ခုကို ၂၀၂၀ ပြည့်နှစ် ဇွန်လအပြီး တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။** ။ **လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ဖို့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

**ဖြေ ။** ။ လမ်းပန်းဆက်သွယ်ရေး အနေနဲ့ လမ်းအရှည် ၈၅ ဒသမ ၇ မိုင်ခန့်ကို လမ်းအမျိုးအစားအလိုက် အဆင့်မြှင့်တင်ပေးခြင်းနဲ့ တံတား/ရေပြွန် ၅၉ စင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပုသိမ်တံတားအမှတ်(၂) ၇ ဒသမ ၅ မီတာ၊ အရှည်ပေ ၂၃၈၀ ရှိ သံမဏိသံပေါင် တံတားကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအကုန်မှာ ပြီးစီးဖို့လျာထားပါတယ်။ လမ်းအမှတ် (၁၀) ဖြစ်တဲ့ ဘိုကလေး–မော်လမြိုင်ကျွန်း – ကျုံမငေး – ဝါးခယ်မ – မြောင်းမြလမ်းပေါ်ရှိ ပေ ၂၄၆၀ ရှိတဲ့ စော်ကဲတံတားနဲ့ ပေ ၂၃၆၀ ရှိကျွန်းပြဿဒ်တံတားစတဲ့ တံတားကြီး နှစ်စင်းကို တည်ဆောက်လျက်ရှိပါတယ်။ ဒီတံတားကြီးနှစ်စင်းကိုတော့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြီးစီးဖို့ လျာထားပါတယ်။

ဂေါ်ရန်ဂျီကျွန်းကိုသွားတဲ့ လမ်းအရှည် ၃ မိုင် ၇ ဖာလုံရှိ ငရုတ်ကောင်း – ချောင်း၀ – နံ့သာပု – ဂေါ်ရန်ဂျီလမ်းကို ဆောင်ရွက်လျက်ရှိပြီး ဒီလမ်းပေါ်မှာရှိတဲ့ ချောင်း၀တံတားကို တည်ဆောက်လျက်ရှိပါတယ်။ ဒီလမ်းနဲ့ တံတားပြီးစီးသွားရင် ပုသိမ်မြို့ကနေ ဂေါ်ရန်ဂျီကျွန်းကို အချိန် သုံးနာရီခွဲခန့်နဲ့ ရာသီမရွေးသွားလာနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါပြင် ရန်ကုန် – ပုသိမ်လမ်း ၂၃ မိုင် ၅ ဖာလုံ၊ လမ်းအကျယ်ပေ ၃၀ ကို ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာမှာ ၆၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ၂၀၂၀ ပြည့်နှစ် မေလအကုန်မှာ အပြီးဆောင်ရွက်ဖို့ လျာထားပါတယ်။ ကျေးလက်ဒေသတွေမှာ လမ်းအရှည် ၁၅၀/၂ မိုင်၊ တံတား ၃၅ စင်းနဲ့ ရေပြွန် ၄၅ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်အကူအညီနဲ့ ပုသိမ်နဲ့ ဟင်္သာတခရိုင်တို့မှာ ရှေ့ပြေးစီမံကိန်းအနေနဲ့ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ ကျောက်ချောလမ်း၊ တံတားနဲ့ ရေပြွန်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ လူထုဗဟိုပြု စီမံကိန်းအနေနဲ့ လုပ်ငန်းအရေအတွက် စုစုပေါင်း ၁၀၈၆ ခု ကို ငွေကျပ်သန်း ၁၀၄၅၀ ဒသမ ၄၂ သန်း အကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု၌ ကျင်းပသည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူအသိပညာပေးပြခန်းများ ကြည့်ရှုအားပေးစဉ်။

- **လပွတ္တာမြို့နယ်အတွင်း ကဏန်းပျော့ မွေးမြူရေးကန် ၂၇၆ ဒသမ ၉၇ ဧကနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း ဂရန်အင်းပေါင်း ၁၇၇၇ အင်းနဲ့ တင်ဒါပိုက်ချက် ၂၀၆၆ ချက်တို့ကို ရေလုပ်သား အစုအဖွဲ့တွေအား အင်းလုပ်ကိုင်ခွင့်များ ချထားပေးမှာဖြစ်**
- **အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း** NEP Phase(1) **အစီအစဉ်အနေနဲ့ ကျေးရွာပေါင်း ၆၅၃ ရွာအနက် ၂၃၆ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။** NEP Phase (2) **အစီအစဉ်အနေနဲ့ ကျေးရွာပေါင်း ၈၉၂ ရွာ ဓာတ်အားရရှိဖို့ စီစဉ်ဆောင်ရွက်လျက်ရှိ**

**မေး ။** ။ **လျှပ်စစ်ကဏ္ဍနဲ့ ဆက်သွယ်ရေးကဏ္ဍတွေမှာ ဆောင်ရွက်ခဲ့မှုတွေကို သိပါရစေရှင့်။**

**ဖြေ ။** ။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP Phase(1) အစီအစဉ်အနေနဲ့ ကျေးရွာပေါင်း ၆၅၃ ရွာအနက် ၂၃၆ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ NEP Phase (2) အစီအစဉ်အနေနဲ့ ကျေးရွာပေါင်း ၈၉၂ ရွာ ဓာတ်အားရရှိဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ထရန်စဖော်မာ ၁၇၁ လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၉ ဒသမ ၇၆ မိုင်နဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀၆ ဒသမ ၂၂ မိုင် တိုးတက် တည်ဆောက်နိုင်ခဲ့ပါတယ်။

ချောင်းသာမြို့မှာ ၆၆/၁၁ ကေဗွီ ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၂ ဒသမ ၃၆ မိုင် တည်ဆောက်ခဲ့ပြီး ချောင်းသာနဲ့ ရွှေသောင်ယံမြို့တို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်သွယ်ရေးကဏ္ဍအနေနဲ့ ခရိုင် ၆ ခရိုင်မှာ မိုဘိုင်းစခန်းပေါင်း ၃၆၇ စခန်း တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ အော်တိုကြိုးဖုန်းစနစ် အဆင့်မြှင့်တင့်ခြင်း လုပ်ငန်းအနေနဲ့ မြို့နယ် ၁၀ မြို့နယ်ရှိ အော်တိုအိတ်ချိန်း ၁၂ ခုကို MSAN အိတ်ချိန်း အဆင့်မြှင့်တင်နိုင်ခဲ့ပြီး မြန်နှုန်းမြင့် အင်တာနက်စနစ် အသုံးပြုနိုင်စေရန်အတွက် Fiber to the Home (FTTH) စနစ်ကို တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။** ။ **စည်ပင်သာယာရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိပါရစေ။**

**ဖြေ ။** ။ ပုသိမ်မြို့ ရေပေးဝေရေး စီမံကိန်းကို ဂျပန်နှစ်ရှည်ချေးငွေ (JICA ODA Loan) ငွေကျပ် ၁၇ ဒသမ ၁၄၂ ဘီလီယံနဲ့ ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်တွေမှာ နိုင်ငံတကာချေးငွေ (Loan)တွေ၊ (Donate)တွေ၊ (Grants)တွေနဲ့ ရေပေးဝေရေး စီမံကိန်းတွေကို နှစ်အလိုက် စီမံဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်သန်း ၃၉၃၀ ဒသမ ၁၉ ကို မြို့နယ်နဲ့ မြို့ စည်ပင်သာယာရေးအဖွဲ့ ၃၃ ဖွဲ့အတွက် မြေတူးစက် ၂၅ စီး၊ ရေပုပ်စုပ်ယာဉ် ၂၄ စီး၊ အမှိုက်ကန် တင်ယာဉ် ၃ စီး၊ အမှိုက်သိမ်းယာဉ် ၃၆ စီးနဲ့ သုံးဘီးဆိုင်ကယ် ၅၆ စီး စုစုပေါင်း ၁၄၄ စီးကို ခွဲဝေထောက်ပံ့နိုင်ခဲ့ပါတယ်။

မြို့နယ်နဲ့ မြို့တွေမှာ e – Government စနစ်နဲ့ ဆောင်ရွက်တဲ့ e– Municipal Applications တွေနဲ့ ပစ္စည်းခွန်တွေ ကောက်ခံခြင်း၊ လုပ်ငန်းလိုင်စင်စနစ်ကို Online မှ ဆောင်ရွက်ခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။** ။ **ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်ခဲ့မှုကို သိပါရစေရှင့်။**

**ဖြေ ။** ။ ကျေးလက်ရေပေးရေး လုပ်ငန်းတွေအနေနဲ့ ရေတွင်း၊ ရေကန်နဲ့ အခြားလုပ်ငန်း အရေအတွက် စုစုပေါင်း ၇၇၀ ကို ငွေကျပ်သန်းပေါင်း ၆၀၄၈ သန်း အကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျောင်းကုန်းမြို့နယ် ကောက်ကြီးကျေးရွာမှာ

*အချုပ်ပို (ဃ) သို့*




ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပုသိမ်မြို့ မြို့တော်ခန်းမ၌ မျိုးစေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အဖွဲ့ ၅-၁၀-၂၀၁၉ ရက်က ငါးသိုင်းချောင်းမြို့ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*အချုပ်ပိုဒ် (ဂ) မှ*

လျှပ်စစ်မြစ်ရေတင် တစ်ခု တည်ဆောက်ခဲ့ပြီး နွေသီးနှံတွေအတွက် စတင်ရေပေးဝေလျက်ရှိပါတယ်။ အစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဓနုဖြူမြို့နယ် တမြာကျေးရွာမှာ လျှပ်စစ်မြစ်ရေတင် တစ်ခု တည်ဆောက်လျက်ရှိပါတယ်။

**မေး ။ ။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍ ဆောင်ရွက်နေမှုတွေကို သိပါရစေ။**

**ဖြေ ။** ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှာ ကလေးစာပေပွဲတော်တွေ ကျင်းပခဲ့ရာ ပြခန်းပေါင်း ၁၉၁ ခန်း၊ စာအုပ်ဆိုင် ၄၇၁ ဆိုင် ဖွင့်လှစ်ပြသနိုင်ခဲ့ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀၄၅၀၀ တက်ရောက်ခဲ့ပါတယ်။ ငါးသိုင်းချောင်းမြို့မှာ Community Center အဆောက်အဦကို ကုန်ကျစရိတ် ငွေကျပ် ၅၁၄ သိန်းကျော် အကုန်ကျခံပြီး ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ ။** ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုက နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေရရှိမှုက ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ဒေသဆိုင်ရာ ခရီးသွားကော်မတီအနေနဲ့ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေဖို့အတွက် ရွှေသောင်ယံကမ်းခြေနဲ့ ဂေါ်ရန်ဂျီကျွန်းဒေသတွေကို သက်ဆိုင်ရာဌာနတွေပါဝင်တဲ့ အဖွဲ့နဲ့ မြေပြင်ကွင်းဆင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့အပြင် သမိုင်းကြောင်းအရ ထင်ရှားတဲ့ အိမ်မဲမြို့နယ်မှာရှိတဲ့ ဘုရင့်နောင်ဖောင်ဖျက်တဲ့နေရာနဲ့ ဘိုကလေးမြို့နယ် မိန်းမလှကျွန်းမှာရှိတဲ့ မိကျောင်းမွေးမြူရေးစခန်းကို ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့မှုကို သိပါရစေ။**

**ဖြေ ။** ။ သဘာဝဘေးသင့် ပြည်သူတွေအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေး ပစ္စည်းနဲ့ ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၆၀၄၉ ကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ကယ်ဆယ်ရေး ပစ္စည်း ၁၆ မျိုးကို လျာထားအိမ်ထောင်စု ၇၉၀၀ အတွက် ရည်ရွယ်ပြီး သိုလှောင်ထိန်းသိမ်းထားပြီး ဖြစ်ပါတယ်။ သဘာဝဘေး ကြိုတင်ကာကွယ်ရေးအနေနဲ့ အရန်ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်ကို စုဆောင်းထားပြီး လူမှုရေးယာဉ်အစုအဖွဲ့နဲ့ ရေယာဉ်တွေ စာရင်းကို ကောက်ယူထားပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ပုံငွေထဲက ငွေကျပ်သိန်း ၆၅၀ကို ထိခိုက်ပျက်စီးမှုရှိနိုင်တဲ့ မြို့နယ် ၂၅ မြို့နယ်မှာရှိတဲ့ ကျေးရွာ/ရပ်ကွက် ၂၂၄ ရွာမှာရှိတဲ့ ကြံ့ခိုင်မှုအားနည်းတဲ့ နေအိမ်အလုံး ၂၅၀၀ ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး အဖွဲ့ ၅၀ နဲ့ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း အပြီးဆောင်ရွက်ပေးခဲ့ပါတယ်။

မီးဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး စောင့်ကြည့်ကွပ်ကဲနိုင်ရေးအတွက် ပုသိမ်မြို့မှာရှိတဲ့ Swen Hotel မှာ e – Watching System နဲ့စောင့်ကြည့်လျက်ရှိပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေမှာရှိတဲ့ နယ်မြေမီးသတ်စခန်းတွေကို IP Camera GPS Tracking Device System အလုံး ၄၀ တပ်ဆင်ပေးနိုင်ခဲ့ပါတယ်။

သဘာဝဘေးအန္တရာယ် ကျရောက်ပါက ခိုလှုံရန်အတွက် Shelter ၁၈ လုံး တည်ဆောက်ပေးခဲ့ပြီး တစ်လုံးကို လူဦးရေ ၅၀၀ ခန့် ခိုလှုံနိုင်မှာ ဖြစ်ပါတယ်။ Shelter အားလုံး စုစုပေါင်း ၃၉ လုံးကို ဆက်လက်ဆောက်လုပ်နေပါတယ်။

**မေး ။ ။ ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

**ဖြေ ။** ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အခြေခံပညာကျောင်းပေါင်း ၅၂၉ ကျောင်းကို အဆင့်တိုးမြှင့်ခြင်း၊ ကျောင်းဆောင် ၃၈၂ ဆောင် အသစ်ဆောက်လုပ်ခြင်း၊ တက္ကသိုလ်ဝင် စာစစ်ဌာန ၉ ခုနဲ့ ထပ်မံတိုးချဲ့ခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)ကို မြို့နယ် ၁၄ မြို့နယ်မှာ အခြေစိုက်စခန်း ၇၆ ခု ဖွင့်လှစ်ပြီး ဆရာ ဆရာမ ၁၃၃ ဦးနဲ့ ကျောင်းသား ၁၀၈၂ ဦးကို သင်ကြားပို့ချလျက်ရှိပါတယ်။ ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME) ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ ဟင်္သာတမြို့နယ်မှာ ကျောင်းသား ၄၀ ကို ဆရာ ဆရာမ ငါးဦးနဲ့ သင်ကြားပို့ချနိုင်ခဲ့ပါတယ်။

**မေး ။ ။ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ခဲ့မှုကို သိပါရစေ။**

**ဖြေ ။** ။ တိုင်းဒေသကြီးအတွင်း တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ဝန်ထမ်းအိမ်ရာ ၂၁ လုံး၊ ကျေးလက်ကျန်းမာရေးဌာန ၁၈ ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခုကို ထပ်မံတိုးမြှင့် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဆင်းရဲနွမ်းပါးပြည်သူတွေကို ပံ့ပိုးကူညီရန် ရည်ရွယ်ပြီး ကျန်းမာရေးအထောက်အကူပြု ကော်မတီတွေကို မြို့နယ် ၂၆ မြို့နယ်မှာ ဖွဲ့စည်းထားရှိကာ တစ်မြို့နယ်မှာ ရုံးအဖွဲ့မှူး တစ်ဦး၊ တစ်လလျှင် ထောက်ပံ့ငွေကျပ် နှစ်သိန်းနှုန်းနဲ့ ၂၆ ဦး ခန့်အပ်ထားပါတယ်။ အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတွေနဲ့ စေတနာရှင်အလှူရှင်တွေရဲ့ တစ်လုံးတစ်ခဲထည့်ဝင်ငွေနဲ့ လစဉ်ထည့်ဝင်ငွေတွေက ငွေကျပ် ၁၈၆ ဒသမ ၂၇ သန်းရှိပြီး လူနာ ၂၇၀၇ ဦးကို ငွေကျပ် ၇၆ ဒသမ ၃၇ သန်း လှူဒါန်းထောက်ပံ့နိုင်ခဲ့ပါတယ်။

ဒါ့ပြင် ကာကွယ်ဆေးသိုလှောင်ခန်းအသစ်ကို တည်ဆောက်နိုင်ခဲ့ကာ တစ်နှစ်အောက်ကလေး တစ်သိန်းကျော်အတွက် လုံလောက်တဲ့ ကာကွယ်ဆေးတွေကို သိုလှောင်ထားရှိပြီး ဖြစ်ပါတယ်။ တီဘီရောဂါတိုက်ဖျက်ရေးအတွက် ရွှေ့လျားဓာတ်မှန်ရိုက်စက်ယာဉ်ကို အသုံးပြုပြီး ရောဂါရှာဖွေကုသပေးလျက်ရှိပါတယ်။

**မေး ။ ။ တိုင်းဒေသကြီး ဝန်ကြီးချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

**ဖြေ ။** ။ လောလောဆယ် ကမ္ဘာမှာဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကို ပြည်သူတွေ လိုက်နာဆောင်ရွက်ရမယ့် အသိပညာပေးလုပ်ငန်းတွေ လုပ်နေပါတယ်။ အစည်းအဝေးတွေပြုလုပ်ပြီး ပြည်သူတွေ ရောဂါနဲ့ပတ်သက်ပြီး ကုသကာကွယ်နိုင်ဖို့နဲ့ လိုအပ်တဲ့ပစ္စည်းတွေကို ကြိုတင်ဝယ်ယူနိုင်ဖို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူတွေ ရောဂါကင်းဝေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ။



ခရီးသွားများကို ဆွဲဆောင်နေသည့် ဂေါ်ရန်ဂျီကျွန်းအလှ။